
The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

စီးပွားရေးသတင်းဂျာနယ်

VOL. 23, NO. 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 13, 2023





# မြန်မာ့နယ်စပ်ကုန်သွယ်ရေး ခေတ်ဦး

စာမျက်နှာ ၁၆

လျှပ်စစ်ယာဉ် အစီးရေ ၃၀၀၀ ခန့် တင်သွင်းခွင့်ပြုထား

၁၈

ရေစစ်ပွဲ၊ ရေအရင်းအမြစ် ပဋိပက္ခ




၂၂

ကုမ္ပဏီများ၏ စွမ်းဆောင်ရည်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

၂၅



GAC THE BEST FAMILY CAR!

www.gacmotor.com.mm

# မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အစည်းအဝေး ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ မတ် ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အစည်းအဝေး (၁/ ၂၀၂၃) သို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူ တိုင်ကြားမှုနှင့် အရေးယူမှုဆိုင်ရာ လုပ်ငန်းစဉ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းစဉ်နှင့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း၊ သို့သော် စားသုံးသူများတွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့် ဥပဒေပါ စားသုံးသူ အခွင့်အရေးများကို ကောင်းစွာသိရှိသူ အလွန်နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် စားသုံးသူများသည် မိမိ၏ နစ်နာဆုံးရှုံးမှုအတွက် ရှင်းလင်းတင်ပြခွင့်၊ တိုင်ကြားခွင့်နှင့် ကုစားခွင့်များကို ဥပဒေက စားသုံးသူအခွင့်အရေးများအဖြစ် ပေးအပ်ထားမှုအပေါ် သိရှိသူ အလွန်နည်းပါးကြောင်း၊ စားသုံးသူတွင် ဥပဒေအရ ပေးအပ်သော အခွင့်အရေးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေအရ လိုက်နာရမည့် တာဝန်များလည်းကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ အသိပညာပေး လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသော စားသုံးသူရေးရာ ကော်မတီများကိုလည်း ဥပဒေအရ လုပ်ပိုင်ခွင့်များ အပ်နှင်းထားပြီးဖြစ်ရာ ကော်မတီများအနေဖြင့် စားသုံးသူအသိပညာပေး လုပ်ငန်းအပါအဝင် မိမိ၏ လုပ်ပိုင်ခွင့်အရ ထိထိရောက်ရောက် ဆောင်ရွက်စေလိုကြောင်း၊ လိုအပ်သည်များကိုလည်း ကော်မရှင်နှင့် ဆက်သွယ်၍ ဆောင်ရွက်စေလိုကြောင်း၊ စားသုံးသူ အသိ ပညာပေးဆောင်ရွက်ရာတွင်လည်း လူလတ်ပိုင်းနှင့် လူငယ်ပိုင်းများကို အဓိကထား၍ ဆောင်ရွက်ရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးနေ့ကို စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင် ကူးပြောင်းစို့ဟူသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စားသုံးသူပြည်သူများ စိတ်ပါဝင်စားနိုင်သော အစီအစဉ်များကို ဆန်းသစ်တီထွင်၍ ကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင် အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **MOC (IR)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့် အညီ ကုန်သွယ်မှုနှင့်ဆက်စပ်သော မူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသလို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို ဖော်ဆောင်ကျင့်သုံးနေကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အခြားသော အဖွဲ့ဝင်နိုင်ငံများနည်းတူ မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီး မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်တစ်ရပ်တည်ထောင်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ လေးခုအနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို မကြာခင်ကာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် အဓိကတာဝန်ယူရသော ဌာနများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်သော ဌာနများမှ ကိုယ်စားလှယ်များအား အသိပညာ၊ ဗဟုသုတများ တိုးပွားစေပြီး လုပ်ငန်းချောမွေ့စေရန်အတွက် ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မကြာခင်ကာလတွင်လည်း ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန်အတွက် ရန်ကုန်မြို့၊ မန္တလေးမြို့ စသည့် မြို့ကြီးများတွင်လည်း ဆွေးနွေးပွဲများအား ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ယခုဆွေးနွေးပွဲသို့ ကိုယ်စားလှယ် စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြသည်။ **MOC (IR)**

# နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

အာဆီယံ - ဂျပန်ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက်တွင် နေပြည်တော် Grand Amara Hotel ၌ Hybrid ပုံစံဖြင့်ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို မျှဝေခြင်းမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာဌာနများမှ အရာထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် ခေတ်သစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် စွမ်းဆောင်ရည်ပြည့်ဝစွာ ပါဝင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို မတ် ၁၀ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာစန်းစန်းလွင်နှင့် Senior International Arbitration Advisor ဖြစ်သူ Dr. Kabir Duggal တို့က နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် သက်ဆိုင်သည့် အပြည့်အဝ အကာအကွယ်ပေးခြင်းနှင့် လုံခြုံမှုရှိစေခြင်း၊ Public Policy Exceptions နှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် အခွန်ဆိုင်ရာဆောင်ရွက်မှုများကို ထည့်သွင်းခြင်း/ ချန်လှပ်ခြင်း၏ သက်ရောက်မှုများ၊ ရ င်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို လျော့ကျစေမည့် ပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ စည်းမျဉ်းစည်းကမ်းချပိုင်ခွင့် (Right to Regulate) ကို အားကောင်းစေနိုင်မည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံသူ၏အဓိပ္ပာယ်၊ နိုင်ငံသားနှင့်တန်းတူဆက်ဆံခြင်း၊ ပိုမိုသာလွန်သော အခွင့်အရေးရနိုင်ငံများနည်းတူ ဆက်ဆံဆောင်ရွက်မှုပြုခြင်း၊ သာတူညီမျှ ဆက်ဆံဆောင်ရွက်မှုပြုခြင်း စသည့် ခေါင်းစဉ်များဖြင့် နိုင်ငံတကာ သဘောတူစာချုပ်များ၏ Trend တိုးတက်ပြောင်းလဲမှုများအား အသီးသီး မျှဝေဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများ၊ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

**DICA**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွင့်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ဝင်း

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခြူးခြူးနိုင်၊ မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ကရင်ပြည်နယ်၏ လယ်ယာထွက်ကုန် ဆန်၊ စပါး ဈေးနှုန်း/ဈေးကွက်အခြေအနေ

ကရင်ပြည်နယ်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ လယ်ယာထွက်ကုန် ဆန်၊ စပါး ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ယခုအချိန်တွင် ဈေးနှုန်းမှာ ပြန်လည်တည်ငြိမ်လျက်ရှိပြီး မတ်လ ဒုတိယပတ်အတွင်း ဒေသထွက် ဆန်ဈေးနှုန်းများမှာ ဖန်တီးသုခရှယ် ၁၀၈ ပေါင် တစ်အိတ် ကျပ် ၆၅၀၀၀၊ လုံးတီးနီ ၁၀၈ ပေါင် တစ်အိတ် ကျပ် ၄၄၀၀၀၊ ဆန်ကွဲကြီး (ပေါင် ၁၁၀) တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ဆန်ကွဲ လတ်/သေး (ပေါင် ၁၁၀) တစ်အိတ်လျှင် ကျပ် ၄၃၀၀၀ ဖွဲနု ပေါင်၆၀ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ပွိုင့်ပေါင် ၆၀ ပါ တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၊ ဖွဲကြမ်းပေါင် ၆၀ တစ်အိတ်လျှင် ကျပ် ၂၅၀၀ ဖြင့် ဈေးနှုန်းအသီးသီး ဖြစ်ပေါ်လျက်ရှိသည်။

ဆန်ဈေးအနေဖြင့် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၂၅၀ နှုန်းခန့် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကရင်ပြည်နယ်သည် ဆန်လိုအပ်ချက်ရှိသောဒေသ ဖြစ်သောကြောင့် ပြည်နယ်အတွင်းသို့ ဆန်စီးဝင်မှုအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဆန်တန်ချိန် ၅၃၀၀ ခန့် စီးဝင်မှုရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။

စပါးဈေးနှုန်းအနေဖြင့် ကရင်ပြည်နယ်တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ မတ်လအထိ ဒေသထွက် စပါး တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀ မှ ကျပ် ၁၄၅၀၀၀၀ ခန့်ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**Doca Kayin (ပြည်တွင်း)**

## သထုံခရိုင်၏ ဆန်၊ စပါး ဈေးနှုန်းနှင့် စီးဝင်/စီးထွက်မှု အခြေအနေ

သထုံခရိုင်အတွင်းရှိမြို့နယ်များတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စပါး၊ ဆန်ဈေးနှုန်းမှာ အနည်းငယ် အကျဘက်သို့ ဦးတည်ခဲ့သည်။ သထုံခရိုင်အတွင်းမှ အခြားတိုင်းဒေသကြီးနှင့် အခြားခရိုင်မြို့နယ်များသို့ ဆန်စီးထွက်မှုနှုန်းမှာ မော်လမြိုင်သို့ အိတ် ၃၂၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၃၁၀၀ ခန့် စုစုပေါင်း အိတ် ၆၃၀၀ ခန့် စီးထွက်ခဲ့ပြီး တန်ချိန်အားဖြင့် ၃၀၄ တန်ခန့် စီးထွက်ခဲ့သည်။ မတ်လပထမပတ်တွင် မော်လမြိုင်သို့ အိတ် ၃၁၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၃၃၀၀ ခန့် စုစုပေါင်း အိတ် ၆၄၀၀ ခန့် စီးထွက်ခဲ့ပြီး တန်ချိန်အားဖြင့် ၃၀၈ တန်ခန့် စီးထွက်ခဲ့၍ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပုံမှန်အတိုင်း စီးထွက်ခဲ့သည်။

သထုံခရိုင်အတွင်းသို့ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ဆန်စီးဝင်မှုနှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၂၀၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၃၀၀၀ခန့်၊ စုစုပေါင်း အိတ် ၅၀၀၀ ခန့် တန်ချိန်အားဖြင့် ၂၄၀ တန်ခန့်စီးဝင်ခဲ့သည်။ မတ်လ ပထမပတ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၂၀၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၂၉၀၀ ခန့်၊ စုစုပေါင်း အိတ် ၄၉၀၀ ခန့် တန်ချိန်အားဖြင့် ၂၃၆ တန်ခန့် စီးဝင်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပုံမှန်အတိုင်း စီးဝင်ခဲ့သည်။

သထုံခရိုင်အတွင်းရှိမြို့နယ်များတွင် ယခု မတ်လ ပထမပတ်တွင် စပါး၊ ဈေးနှုန်းများမှာ စပါးတင်း ၁၀၀ လျှင် ဒေသပေါက်ဈေး ကျားပျံ့ဟိုတယ် ကျပ် ၁၉၀၀၀၀၀ ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၁၈၀၀၀၀၀ ခန့်၊ ကမာကြည် ကျပ် ၁၆၀၀၀၀၀ ခန့်၊ ၂၄ ပြည်ဝင် ဆန် တစ်အိတ်လျှင် ကျားပျံ့ဟိုတယ် ကျပ် ၆၉၀၀၀ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၆၇၀၀၀၊ ဧည့်မထအုပ်စု ကျပ် ၅၀၀၀၀ ခန့်ရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အတက်အကျမရှိဘဲ တည်ငြိမ်လျက်ရှိသည်။

**ထိန်လင်း (သထုံ)**

## ဖေဖော်ဝါရီလအတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ရရှိ

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆၈၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၀၈၃၀ ကျော် တင်ပို့ခဲ့ သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၅၈၃၀ ကျော်နှင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၃၅၀၀၀ ခန့် တင်ပို့ခဲ့သည်။

ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၂၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၈၃၀ ခန့်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၂၀၀ ခန့်၊ ထိုင်ဝမ်သို့ ဆန်တန်ချိန် ၅၀၀ နှင့် ဟောင်ကောင်နှင့် ဗီယက်နမ်သို့လည်း တန်ချိန်အနည်းငယ် တင်ပို့ခဲ့သည်။

ထို့ပြင် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၈၁၀၀ ကျော်၊ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၇၆၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၁၇၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၅၇၀ကျော်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၁၂၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၅၀ ခန့်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၄၂၀ ကျော်၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၇၀၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ ခန့်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၈၆၀ ကျော်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၇၇၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀ ခန့်နှင့် ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ ကျော်၊ ပြင်သစ်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဂရိ နိုင်ငံ၊ ခရိုအေးရှားနိုင်ငံတို့သို့လည်း ဆန်တန်ချိန် ၂၀၀ ကျော်စီ တင်ပို့ခဲ့သည်။ လစ်ဗျားနိုင်ငံနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့သို့လည်း ဆန်တန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၆၉၀၀ ကျော် တင်ပို့နိုင်သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၈၇၇၃၀ ကျော်ဖြစ်သည်။ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှုတန်ချိန်မှာ ၁၄၈၅၀၀ ကျော်ဖြစ်သဖြင့် ယခုလတွင် ဆန်တန်ချိန် ၆၀၀၀၀ ကျော် လျော့နည်းခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၀၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၇၀၀၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၀၇၀၀ ကျော်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၆၃၀၀ ကျော် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော နိုင်ငံများမှာ အာရှတွင် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၄၀၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၆၅၀၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၂၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀၀၊ အီတလီ ၅၇၀ ကျော်၊ ပိုလန် ၅၀၀၊ ပေါ်တူဂီ ၄၅၀ နှင့် ပြင်သစ်နိုင်ငံသို ဆန်ကွဲတန်ချိန် ၃၅၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ နှင့် ချက်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်ကွဲတန်ချိန် ၂၈၇၀၀ ကျော်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်ကွဲတန်ချိန် ၂၀၁၀ ကျော် စုစုပေါင်း နယ်စပ်မှ ဆန်ကွဲတင်ပို့မှုတန်ချိန် ၃၀၇၀၀ ကျော်မှ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၅၀ သန်းရရှိခဲ့သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ စုစုပေါင်း ဆန်ကွဲတင်ပို့မှုတန်ချိန် ၇၇၇၀၀ ကျော်နှင့် တန်ဖိုး အမေရိကန် ဒေါ်လာ ၂၉ ဒသမ ၂၅၈ သန်းရရှိခဲ့သည်။ ဇန်နဝါရီလ ဆန်ကွဲတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၆၀၀၀ ကျော် လျော့နည်းခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှု စုစုပေါင်း တန်ချိန် ၁၆၅၄၃၀ ကျော်နှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၉၇ သန်း ရရှိခဲ့သည်။

**အေးအေးသန့် (DOT)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၀-၃-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၈၄ | ၄၈၁ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၇၀ | ၄၆၇ | ↓ | ၄၄၇ | ၄၄၇ | □ | ၄၄၄ | ၄၃၆ | ↓ | ၄၇၂ | ၄၅၂ | ↓ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၆၁ | ၄၆၀ | ↓ | ၄၃၂ | ၄၂၇ | ↓ | ၄၃၁ | ၄၂၁ | ↓ | ၄၄၂ | ၄၃၅ | ↓ |
| ပေါင်းဆန် | ၄၈၄ | ၄၈၁ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏(၁၀-၃-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၄၀၀၀ | - | ၅၂၀၀၀ | - | | | | |
| ပုသိမ် | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ပဲခူး | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ရွှေဘို | ၁၆၀၀၀ | ↑ | ၆၅၀၀၀ | - | ၂၁၅၀၀ | ↑ | ၇၅၀၀၀ | - |
| စစ်တွေ | ၁၆၁၀၀ | - | ၆၁၀၀၀ | - | ၁၈၈၀၀ | - | ၇၆၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၅၂၀၀ | ↑ | ၅၈၅၀၀ | | | | ၇၇၀၀၀ | - |
| ရန်ကုန်(ဝါးတန်း) | ၁၅၂၀၀ | ↑ | ၅၈၅၀၀ | | | | ၇၇၀၀၀ | - |
| မန္တလေး | ၁၆၀၀၀ | - | ၅၅၀၀၀ | - | | | ၈၅၀၀၀ | - |
| မကွေး | ၁၅၅၀၀ | - | ၆၀၀၀၀ | | | | ၁၀၀၀၀ | - |
| မော်လမြိုင် | ၁၃၅၀၀ | ↑ | ၅၉၀၀၀ | - | ၁၆၅၀၀ | - | ၇၀၀၀၀ | - |
| မြိတ် | ၁၄၀၀၀ | - | ၆၁၀၀၀ | - | | | ၈၂၀၀၀ | ↑ |
| ဘားအံ | ၁၄၅၀၀ | - | ၄၆၀၀၀ | - | | | ၇၀၀၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စပါးဈေးနှုန်းမှာ တည်ငြိမ်နေ၍ ဆန်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဖေဖော်ဝါရီလ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၄၀၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၁၇၂၀၊ နေပြည်တော်သို့ အိတ်ရေ ၁၂၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၁၀၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်းအိတ်ရေ ၁၂၄၃၂၀၊ တန်အားဖြင့် ၆၂၁၆တန် စီးထွက်ခဲ့သည်။

ယခုတစ်ပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၉၀၀၀၊ မန္တလေးသို့ အိတ်ရေ ၄၈၂၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၁၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၉၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၉၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်းအိတ်ရေ ၁၁၇၈၀၀၊ တန်အားဖြင့် ၅၈၉၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်အတွင်း အိတ်ရေ ၆၅၂၀၊ တန်အားဖြင့် ၃၂၆ တန် လျော့၍ စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန်(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ်၇၅၀၀၀၊ ဧရာမင်း စပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀၊ ဧရာမင်းဆန် (သစ်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**အေးသီဂီစိုး(ရွှေဘို)**

# ပြည်ကုန်စည်ဒိုင်၏ ပဲဈေးနှုန်းဈေးကွက် အခြေအနေ

ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီးနှင့် ဗိုလ်ကိတ်ပဲများ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲကြီးဈေးမှာ တက်နေပြီး ကျန်ပဲများမှာ အေးလျက်ရှိသည်။

ပြည်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် မတ်ပဲ တစ်တင်းကို ကျပ် ၆၂၀၀၀-၆၂၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ မတ်လ ပထမပတ်တွင် မတ်ပဲ ဈေးကျလာပြီး ပဲတစ်တင်းကို ကျပ် ၆၀၀၀၀-၆၁၀၀၀ အထိ ဈေးကျလာခဲ့ပြီး ပဲတစ်တင်းကို ကျပ် ၁၀၀၀ ခန့် ဈေးလျော့ခဲ့သည်။ ရန်ကုန်ဝယ်လက် အဝယ်ရှိပြီးတစ်ရက်ကို အိတ် ၄၀၀၊ ၅၀၀ ခန့် အရောင်းအဝယ်သွက်လျက်ရှိသည်။

ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ပြည်ကုန်စည်ဒိုင်၏ ပဲစင်းငုံဈေးမှာ တစ်တင်းကို ကျပ် ၆၉၀၀၀-၆၉၅၀၀ ဖြင့် လှော်င်သမားများနှင့် ရန်ကုန်အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၆၀၀ ခန့် အဝယ်ရှိခဲ့သည်။ မတ်လ ပထမပတ်တွင် ကျပ် ၆၈၅၀၀-၆၉၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၅၀၀ခန့် အဝယ်ရှိပြီး ဈေးမှာ ငြိမ်နေကြောင်း သိရှိရသည်။

ပြည်ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီစတုတ္ထပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၆၆၀၀၀-၆၆၅၀၀၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းကို ကျပ် ၆၆၀၀၀-၆၆၅၀၀ ဖြင့် ခွဲစက်သမားနှင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၄၀၀၊ ၅၀၀ ခန့် အဝယ်ရှိခဲ့သည်။ မတ်လ ပထမပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ၆၈၀၀၀ ကျပ်၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းကို ကျပ် ၆၈၀၀၀ ဖြင့် ခွဲစက်သမားများ မြို့တွင်းအဝယ်နှင့် ရန်ကုန်ဝယ်လက်ရှိခဲ့သည်။ ပဲခွဲကြမ်းများကို နယ်စုံသို့ တင်ပို့မှုရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ပဲကြီး အရောင်းအဝယ်ရှိပြီး ပဲကြီး (ရွှေကျွန်း)တစ်တင်းကို ကျပ် ၇၈၅၀၀-၇၉၀၀၀-၈၀၀၀၀ ဈေးဖြင့် မြို့တွင်းပဲကြော်သမားများနှင့် တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်ရှိခဲ့သည်။ ပြည်ကုန်စည်ဒိုင်၏ မတ်လ ပထမပတ်တွင် ပဲကြီး (ရွှေကျွန်း)တစ်တင်းကို ကျပ် ၇၅၀၀၀ ဈေးထိ ဈေးကျလာခဲ့ပြီး တစ်ရက်ကိုအဝယ် အိတ် ၃၀၀ ခန့် ပဲကြော်သမားများ မြို့တွင်းအဝယ်ရှိခဲ့သည်။ မတ်လ ပထမပတ်တွင် ပဲကြီး (ကုန်းပဲ)များလည်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲကြီး (ကုန်းပဲ) တစ်တင်းကို ကျပ် ၇၈၀၀၀ ခန့်ရှိသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို ၂၅ အိတ်ခန့် အဝယ်ရှိခဲ့သည်။ မတ်လ ပထမပတ်တွင် စားတော်ပဲကျွန်း တစ်တင်းကို ကျပ် ၁၀၅၀၀၀-၁၁၀၀၀၀ ဖြင့် မြို့တွင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ ဖေဖော်ဝါရီစတုတ္ထပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၅၀/၁၀၀ခန့် အဝယ်ရှိသည်။ မတ်လပထမပတ်တွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၄၇၀၀၀-၄၈၀၀၀ ဖြင့် မြို့ တွင်း ရောင်းဝယ်မှုရှိသည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်မှုမှာ သွက်လျက်ရှိကြောင်း သိရှိရသည်။

**မိမိအေး(ပြည်)**



# ထားဝယ်မြို့တွင် ရော်ဘာစိုက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ရော်ဘာအရည်အသွေး မြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ရော်ဘာစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့တော်ခန်းမ၌ မတ် ၁၀ ရက်တွင် ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရော်ဘာစိုက် တောင်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ လိုအပ်ချက်များ၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၏ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါ စီမံကိန်း၏ သုတေသနရလဒ်နှင့် ဆွေးနွေးပွဲရလဒ်များအပေါ် အခြေခံပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း အရည်အသွေးမီရော်ဘာများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်များကိုခေါ်ယူ၍ သင်တန်းပေးခြင်းနှင့် ပြည်ပနိုင်ငံများရှိ ရော်ဘာအဖွဲ့အစည်းများထံသို့ လေ့လာရေးခရီး သွားရောက်ခြင်း အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

**NES**

# ဖေဖော်ဝါရီလအတွင်း ပဲတန်ချိန် တစ်သိန်းငါးသောင်းကျော်ပို့

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပဲတီစိမ်း၊ ပဲစင်းငုံနှင့်မတ်ပဲ စုစုပေါင်းတန်ချိန် ၁၅၆၅၆၀ ကျော် တင်ပို့မှုများအား စုစည်းဖော်ပြပေးလိုက်သည်။

**ပဲတီစိမ်း**

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၃၄၂ သန်း တန်ဖိုးရှိ ပဲတီစိမ်း တန်ချိန် ၇၅၃၉၀ ကျော်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ တန်ချိန် ၄၅၈၄၀ ကျော်၊ မလေးရှားနိုင်ငံသို့ ၂၇၂၅ တန်၊ ထိုင်းနိုင်ငံသို့ ၃၇၂၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၈၂၉၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၉၅၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၇၇၅ တန်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၄၇ သန်းဖိုးရှိ ပဲတီစိမ်း ၂၁၈၃၅ တန် တင်ပို့ခဲ့သဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃ဒသမ ၂၈၉ သန်းဖိုးနှင့် ၉၇၂၂၅ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံတင်ပို့မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၆၁ သန်းဖိုးရှိ ပဲစင်းငုံ ၂၈၁၇၄ တန် တင်ပို့ခဲ့ရာ အိန္ဒိယသို့ ၂၇၉၈၇ တန်၊ မလေးရှားသို့ ၁၂၉ တန်နှင့် ကိုရီယား၊ အီးယူနိုင်ငံများသို့ အနည်းငယ်စီ တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၉ သန်း တန်ဖိုးရှိ ပဲစင်းငုံ ၁၀၁ တန်တင်ပို့ခဲ့သဖြင့် ဖေဖော်ဝါရီလအတွင်း စုစုပေါင်း ၂၈၂၇၅ တန် တင်ပို့ခဲ့သည်။

**မတ်ပဲ**

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၃ဒသမ ၂၅၃ သန်းဖိုးရှိ မတ်ပဲ တန်ချိန် ၃၀၇၇၀ ကျော် တင်ပို့ခဲ့သည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၃၀၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၃၇၀၊ မလေးရှားသို့ ၈၁၇ တန်၊ ဗီယက်နမ်သို့တန်ချိန် ၂၅၀၊ထိုင်းနိုင်ငံသို့ ၂၇၄ တန်၊ ယူအေအီးသို့ ၂၅၄၉ တန်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ ၉၉ တန်နှင့် မြန်မာ-ထိုင်းနယ်စပ်မှ ၁၉၂ တန်တင်ပို့ခဲ့သဖြင့် နည်းလမ်းနှစ်သွယ်မှ မတ်ပဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၃၁၀၆၀ ကျော်ရှိသည်။

**CJ**

# မုံရွာမြို့၏ ကြက်သွန်နီ ဈေးကွက်အခြေအနေ

မတ်လ ဒုတိယပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ် ပိဿာချိန် ၃၀၀၀၀ ကျော် ဝင်ရောက်လျက်ရှိသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်း အဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

မတ်လ ဒုတိယပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီ ပေါက်ဈေးနှုန်းများမှာ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ (ကြီး) ၁၀၅၀မှ ၁၂၀၀ ကျပ်၊ (လတ်) ၉၀၀ မှ ၁၀၀၀ ကျပ်၊ (သေး) ကျပ် ၈၀၀-၈၅၀ ပေါက်ဈေးရှိပြီး အလုံး ဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုများ ရှိသည်။ လက်လီဈေးနှုန်းများမှာ တစ်ပိဿာ (ကြီး) ကျပ် ၁၂၀၀ မှ ၁၄၀၀၊ (လတ်) ကျပ် ၁၀၀၀မှ၁၁၀၀၊ (သေး) ကျပ် ၈၀၀ မှ ၉၀၀ ထိ ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျဆင်းလာကြောင်း သိရသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ လက်လီတစ်ပိဿာ (ဗမာ) ကျပ် ၅၀၀၀မှ၆၀၀၀၊ (ရှမ်းစ) ကျပ် ၄၀၀၀ မှ ၄၅၀၀၊ ကြူကုတ် ကျပ် ၅၅၀၀မှ၆၀၀၀ တို့ဖြင့် ပစ္စည်းအရည်အသွေးပေါ် မူတည်ပြီး အသီးသီး အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**ဇေယျာကုန်သွယ်မှုဗဟိုဌာန**

ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီးအမျိုးအမည် | ၃-၃-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | ၁၀-၃-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၄၀၀၀-၆၀၀၀ | ၃၀၀၀-၇၀၀၀ | ၁၀-၃-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ နယ်စုံမှ သစ်သီးဝလံဟင်းသီးဟင်းရွက် ကုန်ကား(၁၄)စီး ဝင်ရောက်ပြီး ကုန်ပိဿာချိန် ခန့်မှန်း ၂၇၃၆၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများအနေနှင့် နယ်စုံမှ ဝင်ရောက်လာသော ကုန်ပစ္စည်း အနည်းအများပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် အတက်အကျရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၁၃၀၀-၃၀၀၀ | ၁၅၀၀-၃၀၀၀ | |
| ၃ | ထောပတ်သီး | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | |
| ၄ | လိမ္မော်သီး | ၂၅၀-၃၅၀ | ၂၀၀-၄၀၀ | |
| ၅ | သရက်သီး | ၃၀၀-၁၇၀၀ | ၃၀၀-၁၈၀၀ | |
| ၆ | သဘော်သီး | ၁၃၀၀-၂၅၀၀ | ၁၆၀၀-၂၆၀၀ | |
| ၇ | နာနတ်သီး | ၄၀၀-၆၀၀ | ၄၀၀-၆၀၀ | |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ

သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၃)

၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေ မှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း (၁) နှစ် ထပ်မံ တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာ ကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ သက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်၍ ချေးငွေ များ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၈၇၉ ခု၊ ချေးငွေပမာဏ ကျပ် ၁၃.၁၃၂၅ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေ ရရှိသူများသည် ချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့် ကာလ စေ့ရောက်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံ ရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေ ချောမွေ့စေရေး အတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့် ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလ စေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၁) နှစ် သက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း နှင့် မီဒီယာကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၈၇၉ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် စေ့ရောက် သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ တိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီး ဖြစ်ရပါမည်၊

(ခ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေ ထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြား စာတွင် “ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက် ခံရမည်ဖြစ်ပါကြောင်း” အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထား သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေ သဘောတူစာချုပ်ပါအတိုင်း ဘဏ် လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလ အတွင်း အပြီးသတ်အပြေအကြေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၀ .၃ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT STAR SHIP | P'Oil(In Bulk) ၅၅၀၀တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | BL PL TRUST | ကုန်သေတ္တာ ၄၅၄ တင် ၁၃ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | BMC PANDORA | ပြောင်းဖူးတန်ချိန် ၁၆၂၅၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | MCC SHENZHEN | ကုန်သေတ္တာ ၈၉၈ တင် ၆၀၂ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | TULPAR | Rice(In Bulk) ၂၀၃၅၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | MV MCL 16 | ပြောင်းဖူး ၂၇၀၀ တန်တင်ဆဲ |
| WILMAR JETTY | DANCEWOOD SW | ဂျုံတန်ချိန် ၂၄၀၀၀ တန်ချဆဲ<br>ပြောင်းဖူး တန် ၂၇၀၀ တင်ဆဲ |
| MKH ဆိပ်ကမ်း | HTK LUCKY | ကျောက်မီးသွေး ၂၅၀၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ


| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TJ HARVEST | Steel ၂၇၅၀၀ တန်ချရန် | CHINA | ၁၃.၃.၂၀၂၃ |
| FU HAI SHENG | (1)UNT,PORTAL CRANE ၅၀၀ ချရန် | CHINA | ၁၃.၃.၂၀၂၃ |
| GOLDEN CENTURY | Y' Maize ၂၀၀၀၀ တန်တင်ရန် | THAILAND | ၁၆.၃.၂၀၂၃ |
| BRIGHT COMET | Steel D' Bar, ၁၃၀၀၀ တန်ချရန် | OMAN | ၁၆.၃.၂၀၂၃ |
| BAMBOO STAR | Wheat, ၂၇၀၀၀ တန်ချရန် | AUSTRALIA | ၂၁.၃.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၃.၂၀၂၃ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၃.၂၀၂၃ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၃.၂၀၂၃ |
| MTT SAISUNEE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂.၃.၂၀၂၃ |
| TI2 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၃.၂၀၂၃ |
| VASI STAR | SINGAPORE | AYITဆိပ်ကမ်း | ၁၄.၃.၂၀၂၃ |
| HAIAN BELL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၃.၂၀၂၃ |
| ASEAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၃.၂၀၂၃ |
| SINAR BANGKA | SINGAPORE | AYITဆိပ်ကမ်း | ၁၅.၃.၂၀၂၃ |
| NANTA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၃.၂၀၂၃ |
| KOTA HYDAYAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၃.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၃.၂၀၂၃ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၃.၂၀၂၃ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၃.၂၀၂၃ |
| MCC DANANG | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၃.၂၀၂၃ |

## ၂၃-၂-၂၀၂၃ မှ ၈-၃-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1001 | 17 | - | - | - | 1018 |
| | Form AANZ | 37 | 1 | - | - | - | 38 |
| | Form AHK | 4 | - | - | - | - | 4 |
| | Form AI | 334 | 1 | - | - | - | 335 |
| | Form AJ | 47 | 1 | - | - | - | 48 |
| | Form AK | 256 | 6 | - | - | - | 262 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 64 | 2 | - | - | - | 66 |
| | Form E | 648 | 10 | - | - | 2 | 660 |
| | Form Korea | 38 | - | - | - | - | 38 |
| | E Form D | 592 | - | - | - | - | 592 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 3018 | 41 | - | - | 2 | 3061 |



# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံ ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် မတ် ၁ ရက်မှ ၇ ရက်အထိ ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ မှော်ဘီ၊ တိုက်ကြီးမှ မာလကာသီး အလုံးကြီး ကျပ် ၅၀၀၊ အလုံးလတ် ကျပ် ၄၀၀၊ အလုံးသေး ကျပ် ၃၀၀၊ တွံတေးမှ သခွမသီး အလုံးကြီး တစ်ခြင်း အလုံး ၂၀ မှ ၃၅ ပါကျပ် ၁၈၀၀၀၊ အလုံးလတ် အလုံး ၄၀ မှ ၄၅ ပါကျပ် ၁၇၀၀၀၊ အလုံးသေး အလုံး ၆၀ မှ ၉၀ ပါ ကျပ် ၁၅၀၀၀၊ မော်လမြိုင်မှ ကျွဲကောသီး အလုံးကြီး ကျပ် ၂၅၀၀ မှ ၂၀၀၀၊ အလုံး လတ် ကျပ် ၁၈၀၀ မှ ၁၅၀၀၊ အလုံးသေး ကျပ် ၁၂၀၀ မှ ၉၀၀၊ သီပေါမှ နာနတ်သီး အလုံးကြီး ကျပ် ၁၃၀၀၊ အလုံးလတ် ကျပ် ၁၀၀၀၊ အလုံးသေး ကျပ် ၇၀၀ ဖြစ် ကြောင်း သိရသည်။

ဆင်ဖြူကျွန်းမှ ဆီးသီး(စလေ)အလုံးကြီးတစ်ခြင်း ရှစ်ပြည်ပါ ကျပ် ၁၁၅၀၀၊ ပြည်မှ ဆီးသီး(အချဉ်)အလုံးကြီးတစ်ခြင်း ၁၃ ပြည်ပါ ကျပ် ၁၂၀၀၀၊ ပြင်ဦးလွင်မှ စတော်ဘယ်ရီ အလုံးကြီးတစ်ခြင်း ငါးပိဿာပါ ကျပ် ၂၈၀၀၀၊ ပြင်ဦးလွင်မှ စတော် ဘယ်ရီ အလုံးကြီး တစ်ဘူး ၁၈ ကျပ်သားပါ ကျပ် ၁၁၀၀၊ ပဲခူး(ဘုရားကြီး)မှ စိမ်းစားဥ အလုံးကြီး တစ်တွဲ ကျပ် ၇၀၀၊ အလုံးလတ် ကျပ် ၆၀၀၊ မြစ်သားမှ ပဲမြစ် တစ်ပိဿာ အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အင်းမ၊ ခရမ်းမှ ဖရဲသီး (၈၅၅)အလုံးကြီး ကျပ် ၇၀၀၀ ၊ အလုံးလတ် ကျပ် ၆၀၀၀ ၊ အလုံးသေး ကျပ် ၅၀၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်း (MFVP) မှ သိရှိရသည်။

**STDT (Yangon)**

# ပင်လယ်စာတွင် မပါမဖြစ်သော ကင်းမွန်နှင့် ဈေးကွက်အခြေအနေ

ကင်းမွန်သည် ရေငန်တွင်အသက်ရှင်နေထိုင်လျက်ရှိကြပြီး အချို့က ပြည်ကြီးငါးလို့လည်း ခေါ်ကြသည်။ ရေငန်ပိုင်းနေ ကျောရိုးမဲ့၊ အခွံမဲ့ ရေနေ သတ္တဝါများဖြစ်သော ကင်းမွန်နှင့် ပြည်ကြီးငါးများမှာ ပုံသဏ္ဌာန်တူသည်ဟု ထင်ရသော်လည်း ကင်းမွန်၏ ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်မှာ ရှည်မျောမျော ရှိပြီး ပြည်ကြီးငါး၏ ခန္ဓာကိုယ်ပုံပန်း သဏ္ဌာန်မှာ လုံးဝန်းလျက်ရှိသည်။

ကင်းမွန်သည် တစ်နှစ်ပတ်လုံး သားပေါက်လေ့ရှိကြပြီး အများအားဖြင့် ရေအပူချိန်တိုးလာချိန်များ၌ ပိုပြီး သားပေါက်ကြသည်။ အသေးဆုံး ကင်းမွန်များသည် တစ်နှစ်အရွယ်တွင် မျိုးအောင်ကြပြီး ခန့်မှန်းအားဖြင့် ကင်းမွန်များ၏ သက်တမ်းမှာ သုံးနှစ်သာ ရှည်ကြသည်။ ကင်းမွန်အမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥ ဥနိုင်ကြသည်။ ဧပြီ၊ မေလများသည် ကင်းမွန်များ သားပေါက်ရာသီ ဖြစ်သောကြောင့် ထိုကာလ၌ ကင်းမွန်ဖမ်းခြင်းကို ရပ်ဆိုင်းထားပြီး သတ်မှတ်ကာလမှအပ ကင်းမွန်များကို အများအားဖြင့် လပြည့်ကျော် ၄ ရက်ခန့်မှစ၍ ဖမ်းဆီးကြသည်။ အဓိကအားဖြင့် ဆောင်းဦးအစမှ နွေဦးပေါက်သည်အထိ ဖမ်းဆီးရမိမှု ပိုမိုများပြားလျက်ရှိကြောင်း သိရှိရသည်။

ကင်းမွန်ကို တနင်္သာရီ၊ ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြိတ်ကျွန်းစုတို့တွင် အများဆုံး တွေ့ရှိရပြီး မွန်ပြည်နယ်တို့တွင်လည်း ဖမ်းဆီးရမိကြသည်။ မြိတ်ဒေသတွင် ဖမ်းဆီးရမိသည့် ကင်းမွန်အရွယ်အစားမှာ တစ်လက်မအရွယ်မှ ၁၀ လက်မအရွယ်ခန့်ရှိပြီး ဖမ်းဆီးရမိသည့် ကင်းမွန်များကို ပြည်တွင်းနေရာအနှံ့အပြားသို့ ပို့ဆောင်လျက်ရှိကြသည်။ ကင်းမွန်ကို ဈေးကွက်တွင် အရွယ်သုံးမျိုးခွဲခြားလျက်ရှိပြီး နှစ်လက်မနှင့်အောက်ကို ကင်းမွန်ခြောက်ပြုလုပ်၍ရောင်းချလျက်ရှိပြီး သုံးလက်မနှင့် အထက်ကင်းမွန်များကို ရေခဲရိုက်၍သော်လည်းကောင်း၊ သန့်စင်၍အကွင်းလိုက်ပြုလုပ်၍သော် လည်းကောင်း ရောင်းချလျက်ရှိသည်။ အကွင်းလိုက်ပြုလုပ်ထားသော ကင်းမွန်များကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူကြပြီး အကောင်လိုက် ရေခဲရိုက်ထားသော ကင်းမွန်များကို ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိ ကြသည်။

ယခင်က ဈေးကွက်ဝင် ကင်းမွန် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ခန့်ရှိရာမှ ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်း မြင့်မားလာခြင်းနှင့် ကင်းမွန်အရနည်းခြင်းတို့ကြောင့် ဈေးကွက်ဝင် ကင်းမွန် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ ခန့်ထိ ဈေး ပိုမိုမြင့်မားလာခြင်းဖြစ်ကြောင်း ကင်းမွန်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံမှ သိရှိရသည်။ **ကျော်ဝင်းနိုင် (မြိတ်)**

## နန္နင်းစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူများအနေဖြင့် စပါးကိုအဓိက ထားစိုက်ပျိုးကြသော်လည်း စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နန္နင်းသီးနှံကို ယာမြေများတွင် အများဆုံး စိုက်ပျိုးကြသည် ။

ယခင်နှစ်ထက် အနည်းငယ်လျော့နည်းစိုက်ပျိုးသည်မှာ သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာမှုကြောင့် နန္နင်းစိုက်ဧကများ လျော့နည်းလာကြောင်း သိရှိရသည်။ နန္နင်းကို ဇန်နဝါရီ နှင့် ဖေဖော်ဝါရီလများတွင် စတင်တူးဖော်ပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၆၀၀၀၀၀ ဝန်းကျင်ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နန္နင်းဂေါ်င်းသို့မဟုတ် နန္နင်းတက်များကိုသာ စိုက်ပျိုးကြကြောင်း၊ နန္နင်းဂေါ်င်းဖြင့် စိုက်ပျိုးလျှင် တစ်ဧက တင်း ၁၀၀ ကုန်ကျပြီး နန္နင်းတက်ဖြင့် စိုက်ပျိုးလျှင် တစ်ဧကလျှင် တင်း ၅၀ ကုန်ကျကြောင်း၊ နန္နင်းမျိုးဈေးနှုန်းအနေဖြင့် နန္နင်းဂေါ်င်း တစ်တင်းလျှင် ကျပ် ၄၅၀၀၊ နန္နင်းတက် တစ်တင်းလျှင် ကျပ် ၇၂၀၀ ပေးရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် နန္နင်းတက်အစို လှည်း ၁၂ စီးခန့်ထွက်ရှိကြောင်း၊ ၎င်းနန္နင်းတက်အစို လှည်း ၁၂ စီးအား ပြုတ်ပြီးအခြောက်လှန်းပါက နန္နင်းတက် ၇၀၀-၈၀၀ ပိဿာခန့်ထွက်ရှိကြောင်း သိရှိရသည်။ ဈေးနှုန်းအနေဖြင့် နန္နင်းတက် အစိုလှည်း တစ်စီးလျှင် ယခင်နှစ်တွင် ကျပ် ၁၅၀၀၀၀၊ ယခုနှစ်တွင် ကျပ် ၂၂၀၀၀၀၊ နန္နင်းတက် အခြောက် တစ်ပိဿာလျှင် ယခင်နှစ်တွင် ကျပ် ၂၅၀၀၊ ယခုနှစ်တွင် ကျပ် ၃၆၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နန္နင်းတက် တစ်ပိဿာကြိတ်လျှင် နန္နင်းမှုန့် တစ်ပိဿာရရှိပြီး ကြိတ်ခအနေဖြင့် ကျပ် ၁၀၀၀ ပေးရကြောင်း၊ နန္နင်းမှုန့် တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၈၀၀၀ ဈေးရှိကြောင်း၊ တောင်သူများအနေဖြင့် ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိခဲ့ပြီး တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၁၀၀၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ **နှင်းလဲ့လဲ့**

# မြိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် နှစ်ဦးအဖွင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ဒေသထွက်ကုန်ပစ္စည်းများအား တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ရေလမ်းကြောင်းဖြင့် မြိတ်၊ ကော့သောင်းမှတစ်ဆင့် ရနောင်းမြို့သို့လည်းကောင်း၊ ကုန်းလမ်းကြောင်းဖြင့် တနင်္သာရီ မောတောင်မှတစ်ဆင့် ပရာကျွတ်ကရီခမ်သို့လည်းကောင်း ပို့ကုန်သွင်းကုန်များအား အပြန်အလှန် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။

မြိတ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် နှစ်ဦးအစ ဇန်နဝါရီလတွင် ပို့ကုန် ၄ ဒသမ ၇၉၀ ဒေါ်လာသန်း၊ သွင်းကုန် ၉ဒသမ ၃၈၅ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁၄ ဒသမ ၁၇၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ပို့ကုန် ၄ ဒသမ ၇၀၉ ဒေါ်လာသန်း၊ သွင်းကုန် ၁၁ ဒသမ ၇၇၁ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁၆ ဒသမ ၄၈၀ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ဖေဖော်ဝါရီလတွင် ဇန်နဝါရီလထက် ကုန်သွယ်မှုပမာဏ ၂ ဒသမ ၃၀၅ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ဇန်နဝါရီလတွင် တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးအသားလွှာ ၂၄ ဒသမ ၄၈ တန်၊ ငါးမှုန့် ၃၄၆၂ ဒသမ ၂၀ တန်၊ မုတ်ခွံ ၁၆ ဒသမ ၀၅ တန်တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ကုန် ပစ္စည်းများအနေဖြင့် ကြက်သွန်နီ ၂၉၁ ဒသမ ၂၄ တန်၊ ရော်ဘာ ၁၁၀၈ ဒသမ ၈၀ တန် တင်ပို့နိုင်ခဲ့သည့်အပြင် သတ္တုတွင်းထွက်ပစ္စည်းဖြစ်သည့် ၁၀ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်တင်သွင်းမှု အနေဖြင့် ဒီဇယ် ၂၂၈၄ ဒသမ ၇၂ တန်၊ ဓာတ်ဆီ ၁၈၅၀ တန်နှင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းပစ္စည်း ပုစွန်စာ တန် ၄၂၀ တင်သွင်းနိုင်ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် ရေထွက်ကုန်ပစ္စည်းများတွင် ငါးမှုန့် ၃၀၇၈ ဒသမ ၅ တန်၊ ငါးကြိတ်သား ၄၁ ဒသမ ၇၆၀ တန်၊ မုတ်ခွံ ၂၇ တန် တင်ပို့ခဲ့ပြီး လယ်ယာထွက်ကုန် ပစ္စည်းများအနေဖြင့် ကြက်သွန်နီ ၃၁၈ ဒသမ ၄၀၀တန်၊ ရော်ဘာ ၁၂၀၉ ဒသမ ၆၀ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုအပိုင်း အနေဖြင့် ဒီဇယ် တန် ၁၀၇၀၀၊ ဓာတ်ဆီ တန် ၁၇၅၀၊ လုပ်ငန်းသုံးကုန်ကြမ်း ပုစွန်စာ တန် ၁၂၀၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ငါးဖမ်းပိုက်ကွန်များ၊ ရေလုပ်ငန်းသုံးပစ္စည်းများ ၂၂ ဒသမ ၃၁၀ တန် တင်သွင်းနိုင်ခဲ့ခြင်းကြောင့် ဇန်နဝါရီလထက် ကုန်သွယ် မှုပမာဏပိုမိုခဲ့သည်။ **ရွှေမြိတ်**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၆.၃.၂၀၂၃)ရက်နေ့မှ (၁၂.၃.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1044 |
| ပျမ်းမျှငွေလဲနှုန်း | 2488 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,246,840 | 5.30 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 12,987,360 | 21.21 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 109,620,000 | 179.00 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **140,174,120** | **228.90** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,597,472,000 | 4,241.53 |
| | **စရိတ်စုစုပေါင်း** | | **2,737,646,120** | **4,470.43** |

# ကမ္ဘာ့ကုန်သွယ်ရေးစန်းပွင့်မှုနှင့် စီးပွားရေးပေါင်းစည်းမှုအခြေအနေ

ကမ္ဘာ့ပေါင်းစည်းမှုဖြစ်စဉ် သို့မဟုတ် ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) သည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ထိခိုက်စေကြောင်း ဝေဖန်ဆွေးနွေးမှုများ မြင့်တက်နေသည်။ သို့သော်လည်း လက်ရှိတွင် ကမ္ဘာ့ကုန်သွယ်ရေး၏ ကြံ့ကြံ့ခံနိုင်စွမ်းကြောင့် ကမ္ဘာတစ်ဝန်း၌ ကုန်သွယ်မှု တိုးတက်နေသည်။ လက်ရှိ တိုးတက်မှုအရ ဂလိုဘယ်လိုက်ဇေးရှင်း အထွတ်အထိပ်ရောက်နေပြီဟု ပြောဆိုနိုင်သည်။ တစ်နည်းအားဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း ဖြစ်ပေါ်တိုးတက်ခဲ့သော ဂလိုဘယ်လိုက်ဇေးရှင်း ပြောင်းပြန်ဖြစ်သွားပြီဟူသော သုံးသပ်ချက်မှာ မှားယွင်းနေသည်။

ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ရုရှားနှင့် ယူကရိန်းစစ်ပွဲက ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (Global Supply Chains) ကို အစိတ်စိတ်အမြွှာမြွှာ ကွဲစေခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့် နှစ်ပေါင်း ၃၀ မှ ၄၀ အတွင်း တိုးတက်ပြောင်းလဲခဲ့သော ကမ္ဘာ့ပေါင်းစည်းမှု အနေအထားနှင့် အနာဂတ် ကမ္ဘာ့ပေါင်းစည်းမှု အနေအထားတို့ကို နှိုင်းယှဉ်သုံးသပ်ပြီး ငြင်းခုံဆွေးနွေးမှုများ ဆက်တိုက် ဖြစ်ပေါ်လျက်ရှိသည်။

### ကုန်သွယ်ရေးစန်းပွင့်ခြင်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

Globalization သည် ရုပ်လုံးပုံသဏ္ဍာန်မပီပြင်သော အကြောင်းအရာတစ်ခု (Amorphous Subject) ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) က စီးပွားရေးပေါင်းစည်းမှုဖြစ်စဉ် (Economic Globalization) ကို အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ၎င်းမှာ-ကုန်စည်၊ ဝန်ဆောင်မှုနှင့် အရင်းအနှီးများ နယ်စပ်ဖြတ်ကျော် ရွှေ့လျားခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ စီးပွားရေးပိုမို ပေါင်းစည်းလာခြင်းဟူ၍ ဖြစ်သည်။

လက်ရှိအချိန်ကာလတွင် အချို့သော စီးပွားရေးပညာရှင်များက ဆယ်စုနှစ်သုံးခုနောက်ပိုင်း ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်ရပ်တန့်နေကြောင်း ထောက်ပြပြောဆိုသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း ဖြစ်ပေါ်ခဲ့သော ငွေကြေးဖောင်းပွမှု နိမ့်ကျခြင်း (Low inflation)၊ ချေးငွေ လွယ်ကူစွာရရှိခြင်း (Easy Credit)၊ ကမ္ဘာ့စီးပွားရေးနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးပေါင်းစည်းခြင်းအပြင် ငြိမ်းချမ်းသော အချိန်ကာလ (Peaceful Period)တို့သည် ယခုအခါ ပြောင်းပြန်ဖြစ်နေသောကြောင့်ဖြစ်သည်။ ကပ်ရောဂါဖြစ်ပွားခြင်း၊ သာမန်ပြည်သူလူထု၏ အကျိုးကို အလေးပေးသော နိုင်ငံရေးစနစ် ထွန်းကားလာခြင်း၊ ဥရောပ၌ စစ်မက်ဖြစ်ပွားနေခြင်း၊ တရုတ်နိုင်ငံ၏ စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာ တိုးတက်ခြင်းတို့က ကမ္ဘာ့နိုင်ငံများအား ပြည်ပ ဦးစားပေးသော မဟာဗျူဟာ (Outward-Looking Strategy) ထက် ပြည်တွင်း ဦးစားပေးသော မဟာဗျူဟာ (Inward – Looking Strategy) ကို ပိုမိုကျင့်သုံးလာစေသည်။

ဂလိုဘယ်လိုက်ဇေးရှင်းအရှိန် လျော့ကျသွားသည် သို့မဟုတ် ဂလိုဘယ်လိုက်ဇေးရှင်း အားပျော့သွားသည်ဟူသော ပြောဆိုချက်မှာ မှန်ကန်နိုင်သည်။ သို့သော်လည်း ဂလိုဘယ်လိုက်ဇေးရှင်း အဆုံးသတ်သွားပြီ သို့မဟုတ် ဇာတ်သိမ်းသွားပြီဟူသော ဝေဖန်သုံးသပ်ချက်မှာ ချဲ့ကားပြောဆိုလွန်းရာရောက်သည်။ ၂၀၂၂ ခုနှစ်၏ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးသည် တန်ဖိုးအရ စံချိန်တင်မြင့်တက်ခဲ့သကဲ့သို့ အရေအတွက်အရလည်း စံချိန်တင်မြင့်တက်စန်းပွင့်ခဲ့သည်။ နှစ်ပေါင်း ၄၀ အတွင်း အမြင့်မားဆုံးသော ငွေကြေးဖောင်းပွမှုကို ရင်ဆိုင်ခဲ့ရသော်လည်း ကမ္ဘာ့ကုန်သွယ်ရေး သိသိသာသာတိုးတက်ခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ်၏ ကုန်သွယ်မှုပမာဏသည် ကမ္ဘာ့စုစုပေါင်းဝင်ငွေ (Global GDP) ၌ ၅၇ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ပို့ကုန်များလည်း သိသာစွာ တိုးတက်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ ကိန်းဂဏန်းများအရ သိရှိရသည်။ ဤတိုးတက်မှု ရာခိုင်နှုန်းသည် ၂၀၀၈ ခုနှစ်တွင် တိုးတက်ခဲ့သော ၆၁ ရာခိုင်နှုန်းနားသို့ နီးကပ်လျက်ရှိသည်။ အဆိုပါ ၂၀၀၈ ခုနှစ်၏ ကုန်သွယ်ရေးတိုးတက်မှုဖြစ်သော ၆၁ ရာခိုင်နှုန်းကို ဂလိုဘယ်လိုက်ဇေးရှင်း အမြင့်ဆုံး ရောက်ရှိခြင်း (Peak globalization) အဖြစ် နိုင်ငံအများစုက သဘောတူလက်ခံခဲ့ကြသည်။ ထို့ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း အဆိုးမြင်သုံးသပ်ချက်များကို ပြန်လည်ဆန်းစစ်သင့်သည်။

ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (United Nation Conference for Trade and Development-UNCTAD) မှ

**သိန်းမြင့်ဝေ**

စီးပွားရေးပညာရှင် Alessandro Nicita က ကမ္ဘာ့ကုန်သွယ်ရေးပုံစံကို မြေကြီးလက်ခတ်မလွဲ ပြောင်းလဲရပါမယ်။ အဲဒီလိုပြောင်းလဲရာမှာ ကမ္ဘာ့စီးပွားရေးပေါင်းစည်းမှု အားပျော့ခြင်း (De-globalization) ဒါမှမဟုတ် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း (Regionalization) ဖြစ်လာနိုင်ပါတယ်။ ဒီလိုပူးပေါင်းရာမှာ စီးပွားရေးလုပ်ငန်းစုတွေ (Industries) ရွေးချယ်ပူးပေါင်းတာမျိုး၊ နိုင်ငံအချင်းချင်း ရွေးချယ်ပူးပေါင်းတာမျိုး ရှိလာနိုင်ပါတယ်။ အဲဒီလို ပြောင်းလဲတာတွေ၊ ရွေးချယ်ပူးပေါင်းတာတွေဟာ အချိန် ငါးနှစ်ကနေ ၁၀ နှစ်ထိ ကြာမြင့်နိုင်ပါတယ်ဟူ၍ ပြောကြားသည်။

"ဂလိုဘယ်လိုက်ဇေးရှင်း အားပျော့လာတာ မတွေ့ရသေးပါဘူး။ De -globalization မရှိသေးပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်း ဆုတ်ယုတ်သွားပါတယ်ဆိုတဲ့ အထောက်အထားနဲ့ ကိန်းဂဏန်းတွေ တကယ်မရှိပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် "ကမ္ဘာ့ကုန်သွယ်ရေးဟာ မနှစ်က သုံးရာခိုင်နှုန်းလောက် တိုးတက်ခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းနဲ့ အတူတူလောက် တိုးတက်ခဲ့ပါတယ်။ နောက်တစ်ခုက ကာလရှည် ရင်းနှီးမြှုပ်နှံမှု ရှုထောင့်ကကြည့်ရင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကြောင့် ငွေကြေးဖောင်းပွမှုဖိအား (Inflationary Pressures) ကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒီအချက်က ထွန်းသစ်စဈေးကွက်တွေ (Energing Markets) ကို ကောင်းကျိုးပြုတာ တွေ့ရပါတယ်"ဟု UNCTAD စီးပွားရေးပညာရှင် Nicita က သုံးသပ် ပြောကြားခဲ့သည်။

### ဒေသတွင်းစီးပွားရေးပေါင်းစည်းခြင်း(Regionalization)

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်ရေး (Global goods trade) စံချိန်တင် မြင့်တက်ခဲ့ သည်။ တရုတ်နိုင်ငံနှင့် ကုန်သွယ်သော အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ ကုန်သွယ်ရေးသည်လည်း ဆက်တိုက်တိုးတက်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဒီဂျစ်တယ် ဝန်ဆောင်မှု ပို့ကုန် (Global exports of digital services) သည်လည်း ၂၀၀၅ ခုနှစ်နောက်ပိုင်း တင်ပို့မှုထက် သုံးဆကျော် ပိုမိုတိုးတက်ခဲ့သည်။ ထိုကဲ့သို့ တိုးတက်ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) ဒုတိယညွှန်ကြားရေးမှူးချုပ် Anabel Gonzalez က ပြောကြားခဲ့သည်။ ထို့ပြင် ကုန်သွယ်ရေးနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့သည် ယုတ်လျော့မှေးမှိန်သွားခြင်း မရှိကြောင်း၊ သို့သော် ၎င်းတို့သည် ပြောင်းလဲနေကြောင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေး (Service-based trade) နှင့် ဒီဂျစ်တယ်ကုန်သွယ်ရေး (Digital-based trade) တိုးတက်နေကြောင်း ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးပေါ် လစီဖိုရမ် (Global Trade Policy Forum) ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် တွက်ချက်ရာ၌ ကမ္ဘာ့စီးပွားရေးအင်အား အကြီးမားဆုံး နိုင်ငံ/ဒေသ သုံးခု၏ ကုန်သွယ်ရေးစီးဆင်းမှုသည် ယခင်ထက် ပိုမိုအင်အားကောင်းလာကြောင်း တွေ့ရသည်။ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ထရီလီယံရှိပြီး သွင်းကုန်သည် ၂ ဒသမ ၇၂ ထရီလီယံ ရှိသည်။ အလားတူ ယူရိုဇုန်၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ သုံး ဒသမ ၀၅ ထရီလီယံရှိပြီး သွင်းကုန်သည် ၃ ဒသမ ၁၁ ထရီလီယံ ရှိသည်။ ထိုနည်းတူစွာပင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန် တင်ပို့တင်သွင်းမှုသည်လည်း စံချိန်တင်မြင့်တက်ခဲ့သည်။

သို့သော်လည်း ကမ္ဘာ့ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း စစ်ပွဲတို့က ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်များကို ပြတ်တောက်စေခဲ့သည်။ ထို့ကြောင့် နိုင်ငံနှင့်ဒေသများသည် စွမ်းအင်၊ စားနပ်ရိက္ခာ၊ သွင်းအားစုနှင့် နည်းပညာများကို မိမိနိုင်ငံနှင့် မိမိဒေသ ဖူလုံရေး (Self-Sufficiency) အတွက် ပိုမိုကြိုးပမ်း အားထုတ်လာကြသည်။

အမေရိကန်အစိုးရသည် ငွေကြေးဖောင်းပွမှုလျှော့ချရေးအက်ဥပဒေ (Inflation Reduction Act) နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ငွေကြေးထောက်ပံ့ရေး ဥပဒေမူကြမ်း (Chip Funding Bill) ကဲ့သို့သော ဘဏ္ဍာရေးအစီအစဉ်များ ချမှတ်ပြီး တွန်းအားပေးလျက်ရှိသည်။ ဤအစီအစဉ်များအရ အစိမ်းရောင်စွမ်းအင် (Green energy)၊ နည်းပညာနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း သို့မဟုတ် ဆီမီးကွန်ဒတ်တာလုပ်ငန်းစု (Semiconductor industries) အတွက် ထောက်ပံ့ကြေးနှင့် ငွေကြေးထောက်ပံ့မှု (Subsidies and funding) အမြောက်အမြား သုံးစွဲသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည်လည်း ယင်း၏ ဆီမီးကွန်ဒတ်တာလုပ်ငန်းစုအတွက် အမေရိကန်ဒေါ်လာ ၁၄၄ ဘီလီယံကျော်သည့် ထောက်ပံ့ရေးအစီအစဉ် (Support Package)ကို ဆောင်ရွက်လျက်ရှိသည်။ ဥရောပသမဂ္ဂသည်လည်း အလားတူစီမံကိန်းမျိုး ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် Regionalization တိုးတက်မှုနှင့်အတူ ထုတ်လုပ်မှုကွင်းဆက် (Supply Chains) အားကောင်းလာသည်။ ထို့ကြောင့် ယခုအခါ အာရှတိုက်နိုင်ငံများမှ တရုတ်နိုင်ငံသို့ တင်ပို့သော စုစုပေါင်းစက်နှင့် သယ်ယူပို့ဆောင်ရေးကိရိယာများသည် ၇၉ ရာခိုင်နှုန်းနီးပါးရှိသည်။ ၂၀၁၉ ခုနှစ်တွင် ၆၅ ရာခိုင်နှုန်းသာရှိခဲ့သော တရုတ်နိုင်ငံ၏ ဒေသတွင်းတင်သွင်းမှုသည် ယခုအခါ ၇၉ ရာခိုင်နှုန်းသို့ တိုးတက်လာခြင်းဖြစ်သည်။

### ဧကဝင်ရိုးလား၊ ဗဟုဝင်ရိုးလား (Unipolar Vs Multipolar)

ဤဒေသတွင်း ပေါင်းစည်းမှု (Regionalization) က အမေရိကန်ပြည်ထောင်စုနှင့် ကူးလူးဆက်ဆံသော တရုတ်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးကိစ္စရပ်များ တဖြည်းဖြည်းလျော့နည်းသွားစေနိုင်သည်။ စစ်အေးတိုက်ပွဲ (Cold War) ပြီးဆုံးချိန်ကတည်းက ယခုအချိန်အထိ အမေရိကန်နိုင်ငံ၏ စီးပွားရေးလွှမ်းမိုးမှု (Economic hegemony) သည် တရုတ်နှင့် အမေရိကန်ဆက်ဆံရေး (Sino-U.S relations) ယိုယွင်းမှုနှင့်အတူ တဖြည်းဖြည်းကျဆင်းလျက်ရှိသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံဂေဟစနစ် (Eco-systems) ပျက်ယွင်းမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်သည်လည်း အစိတ်စိတ်အမြွှာမြွှာ ကွဲပြားလာသည်။ အပိုင်းပိုင်း ဖြစ်လာသည်။ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးသည် ဧကဝင်ရိုးကမ္ဘာ (Unipolar World) မဟုတ်တော့ဘဲ ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) ဖြစ်လာနေသည်ဟု ကောက်ချက်ချနိုင်သည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့နိုင်ငံများသည် ငွေကြေးဖောင်းပွခြင်း၊ အတိုးနှုန်း မြင့်မားခြင်းနှင့် စီးပွားရေးတိုးတက်မှု ပိုမိုကျဆင်းခြင်းတို့ကို ရင်ဆိုင်ရနိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။ ဧကဝင်ရိုးကမ္ဘာဆိုသည်မှာ နိုင်ငံရေးနှင့် စီးပွားရေးအင်အား အလွန်ကြီးမားသော နိုင်ငံတစ်နိုင်ငံက ကြီးစိုးသောကမ္ဘာဖြစ်သည်။ ဗဟုဝင်ရိုးဆိုသည်မှာ နိုင်ငံရေးနှင့်စီးပွားရေး အင်အားကြီးမားသော နိုင်ငံများစွာက ကြီးစိုးသောကမ္ဘာဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံက လွှမ်းမိုးထားခြင်းမဟုတ်ဘဲ နိုင်ငံအမျိုးမျိုးကြား နိုင်ငံရေးနှင့် စီးပွားရေးအင်အား ဖြန့်ခွဲထားသော စနစ်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်း (Nearshoring) နှင့် မိတ်ဖက်နိုင်ငံများနှင့်သာ ကုန်သွယ်ခြင်း (Friendshoring) တို့သည် ကုန်ကျစရိတ် အလွန်များပြားပါသည်။ အဘယ်ကြောင့်ဆိုသော် ပြောင်းရွှေ့လုပ်ကိုင် ကုန်သွယ်မည့်နိုင်ငံများ၌ ကုန်ဈေးနှုန်းနှင့် လုပ်ခမြင့်တက်နေသောကြောင့်ဖြစ်သည်။ Nearshoring ဆိုသည်မှာ လက်ရှိ လုပ်ကိုင်လျက်ရှိသော နိုင်ငံမှ အနီးအနား၌ရှိသော နိုင်ငံများသို့ စီးပွားရေးလုပ်ငန်း ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြစ်သည်။ Friendshoring ဆိုသည်မှာ မိတ်ဆွေနိုင်ငံများ သို့မဟုတ် မဟာမိတ်နိုင်ငံများထံမှ ကုန်ကြမ်းရယူပြီး ကုန်ပစ္စည်းထုတ်လုပ်၍ ကုန်သွယ်ခြင်းဖြစ်သည်။ ပထဝီနိုင်ငံရေးကို ထည့်သွင်းစဉ်းစားပြီး ဤကဲ့သို့ ကုန်သွယ်ခြင်းက ဆုံးရှုံးနိုင်ခြေ (Risk) လျော့ကျပြီး ကမ္ဘာ့ဈေးကွက်ကို ရရှိစေသည်။ Nearshoring နှင့် Friendshoring တို့သည် ကမ္ဘာ့စီးပွားရေးပေါင်းစည်းမှု လျော့ရဲလာသည့်ဖြစ်စဉ် (Deglobalization process) ၏ အစိတ်အပိုင်းများဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း စီးပွားရေးချဲ့ထွင်မှုများသည် ယခင်နှစ်ပေါင်း ၃၀ မတိုင်မီ ဆယ်စုနှစ်များအတွင်းဖြစ်ပေါ်ခဲ့သော စီးပွားရေးချဲ့ထွင်မှုများ (Economic expansions) ထက် ပိုမိုကြာညောင်းသည်။ ထိုသို့ကြာညောင်းရခြင်းမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲခဲ့ခြင်းကြောင့်ဖြစ်နိုင်သည်။ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးသည် အထူးသဖြင့် ဧကဝင်ရိုးမူဘောင် ( Unipolar framework) အတွင်း အချိန်ကြာမြင့်စွာ လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုစဉ်က ဂလိုဘယ်လိုက်ဇေးရှင်းကို ပြောင်းလဲစေသော အချက်သိပ်မရှိခဲ့ပေ။

**စာမျက်နှာ ၁၂ သို့**

# ဖေဖော်ဝါရီလအတွင်း ဘိလပ်မြေနှင့် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

**ဓာတ်မြေဩဇာ**

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၁၂ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၇၀၀၀ခန့်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၆၅၀၀ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၂၀၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၅၀၀ ကျော်၊ ဂျော်ဒန်နိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၄၀၀ ကျော်၊ အမေရိကန်ပြည်ထောင်စုမှ တန်ချိန် ၃၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန်၇၀၀ ခန့် အသီးသီး တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ဓာတ်မြေဩဇာ တန်ချိန် ၃၀၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၅၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်နိုင်ငံမှ တန်ချိန် ၂၂၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၈၀၀ခန့် နှင့် အိန္ဒိယနိုင်ငံမှ တန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေဩဇာတန်ချိန် ၅၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၃၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၂၆၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဘိလပ်မြေတန်ချိန် ၂၃၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၇ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၂၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၉၀၀၀ ကျော်နှင့် တရုတ်နိုင်ငံမှ တန်ချိန် ၇၅၀ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေ တန်ချိန် ၇၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ဖေဖော်ဝါရီလအတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၂ သန်းတန်ဖိုးရှိ နို့ဆီ တန်ချိန် ၁၀၀၀ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၀၀ ခန့်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၇၀၀ ကျော်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၅၀ ကျော် တင်သွင်း ခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့ဆီတန်ချိန် ၄၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၁ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၇၅၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၇၂၀ ကျော်နှင့် တရုတ်နိုင်ငံမှ တန်ချိန် ၃၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့မှုန့် တန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၃၇၅ သန်းတန်ဖိုးရှိဆေးဝါးပစ္စည်းများ တန်ချိန် ၁၆၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုလအတွင်း အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ဆေးဝါးပစ္စည်းများ တန်ချိန် ၈၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) (၁၀.၃.၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 73,000 | 72,000 | ↓ | 77,000 | 78,000 | ↑ | 65,000 | 62,000 | ↓ |
| ၂ | မော်ကျွန်း | 71,000 | 72,000 | ↑ | 77,000 | 70,000 | ↓ | 63,000 | 63,000 | — |
| ၃ | ဘိုကလေး | 68,000 | 67,500 | ↓ | 75,000 | 70,000 | ↓ | 60,000 | 60,000 | — |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | 73,000 | 74,000 | ↑ | 76,000 | 76,000 | — | | | |
| ၅ | ကော့မှူး/ တွံတေး | 68,000 | 70,000 | ↑ | 73,000 | 75,000 | ↑ | 61,000 | 60,000 | ↓ |
| ၆ | ဝါးခယ်မ | 65,000 | | ↑ | | | | | | |
| ၇ | မြောင်းမြ | 75,000 | 74,000 | ↓ | 76,000 | 76,000 | — | 61,000 | 61,000 | — |
| ၈ | ကျိုက်လတ် | 68,000 | | | 71,000 | | | | | |
| ၉ | လပွတ္တာ | 72,000 | 72,000 | — | 74,000 | 75,000 | ↑ | 63,000 | 62,000 | ↓ |
| ၁၀ | ရွှေဘို | 85,000 | 85,000 | — | | | | | | |

Source: Myanmar Rice

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၁၀.၃.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS–1 | 1175–1225 | 1200–1250 | ↑ |
| 2 | RSS–2 | 1125–1175 | 1150–1200 | ↑ |
| 3 | RSS–3 | 1075–1125 | 1100–1150 | ↑ |
| 4 | RSS–4 | 1025–1075 | 1050–1100 | ↑ |
| 5 | RSS–5 | 975–1025 | 1000–1050 | ↑ |

Source: MRPPA

# ပြည်တွင်းရွှေဈေး ကျပ် ၂၈ သိန်းကျော်တွင် ဆက်လက်တည်ရှိနေ


လက်ရှိ ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၂၈ သိန်းကျော်တွင် ဆက်လက်တည်ရှိနေကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

မတ် ၉ ရက် ဈေးနှုန်းများအနေဖြင့် ကမ္ဘာ့ရွှေ တစ်အောင်စလျှင် ၁၈၁၁ ဒေါ်လာ၊ ပြည်တွင်းရွှေဈေး တစ်ကျပ်သား ကျပ် ၂၈၃၅၀၀၀ ဖြစ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ မတ် ၁ ရက်တွင် တစ်အောင်စ ၁၈၃၀ ဒေါ်လာ၊ ၂ ရက်တွင် ၁၈၃၃ ဒေါ်လာ၊ ၃ ရက်တွင် ၁၈၃၉ ဒေါ်လာ၊ ၄ ရက်တွင် ၁၈၅၅ ဒေါ်လာ၊ ၆ ရက် တွင် ၁၈၅၄ ဒေါ်လာ၊ ၇ ရက်တွင် ၁၈၄၈ ဒေါ်လာ၊ ၈ ရက်တွင် ၁၈၄၃ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း ရွှေဈေးနှုန်းများအနေဖြင့် မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၈၄၀၀၀၀၊ ၄ ရက်တွင် ကျပ် ၂၈၄၅၀၀၀၊ မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျပ် ၂၈၄၁၀၀၀၊ မတ် ၈ ရက်တွင် ကျပ် ၂၈၃၁၀၀၀ ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

# ငွေလွှဲလုပ်ငန်းများအနေဖြင့် ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဥပဒေများကို တိကျစွာလိုက်နာရန် လိုအပ်




ငွေလွှဲလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ယင်းဘဏ်က အသိပေးပြောကြားထားသည်။

ယင်းအပြင် လိုင်စင်အသစ်များ ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပတ်သက်သည့်မူဝါဒများကို သိရှိရန်လည်းလိုအပ်ပြီး နေ့စဉ် စာရင်းများဖြင့် ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာများကို မပျက်မကွက် ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗဟိုဘဏ်အနေဖြင့် ငွေလွှဲလုပ်ငန်းလိုင်စင် လျှောက်ထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများကို လိုင်စင်ထုတ်ပေးရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များကို ပေးပို့ထားပြီး ဖြစ်သည်ဟု ဆိုသည်။

သို့ဖြစ်၍ ငွေလွှဲကောင်တာများအနေဖြင့် နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ဈေးနှုန်း တည်ငြိမ်မှုမရှိစေရန် လှုံ့ဆော်သူများကို သိရှိပါက သတင်းအချက်အလက်နှင့်တကွ ပေးပို့အကြောင်းကြားနိုင်ကြောင်း သိရသည်။ **ပန်းဆု**

# နှစ်ပတ်အတွင်း စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၈ ရက်အထိ နှစ်ပတ်တာကာလအတွင်း စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၃၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၄၂၂၄၈ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၃၈ ဒသမ ၁၈ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၃၇၁၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၀ ဒသမ ၈၄ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၂၅၃၅၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇၈ ဒသမ ၆၀ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၅၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၁၆ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၈၅၇၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄ ဒသမ ၄၅ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၁၂၂၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၁၈ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၅၂၂ ရောင်း ချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၄၅ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၇၀၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၄၆ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် မတ် ၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၄၃ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာ မှ မတ် ၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၄ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် မတ် ၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၈၄၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မတ် ၈ ရက်တွင် ကျပ် ၂၈၂၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၃ ခုနှစ် မတ် ၃ ရက်မှ ၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် မတ် ၃ ရက်မှ ၈ ရက်အထိ အမေရိကန်တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား) မှာ တည်ငြိမ်လျက်ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် မတ် ၃ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၆၅-၂၈၇၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃-၃-၂၀၂၃ | ၆-၃-၂၀၂၃ | ၇-၃-၂၀၂၃ | ၈-၃-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၆၉၅ | ၃၄.၅၃၀ | ၃၄.၅၄၀ | ၃၅.၀၈၀ | ၁.၁၁ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၆ | ၁.၃၄၆ | ၁.၃၄၆ | ၁.၃၅၄ | ၀.၅၉ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၄၇၆ | ၄.၄၇၈ | ၄.၄၇၂ | ၄.၅၂၅ | ၁.၀၉ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၃၀၀ | ၁၅၂၉၅ | ၁၅၃၅၀ | ၁၅၄၃၆ | ၀.၈၈ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၉၀၄ | ၆.၉၃၀ | ၆.၉၃၂ | ၆.၉၆၅ | ၀.၈၈ | ↑ |
| ၇ | Indian Rupee | INR | ၈၁.၉၅၈ | ၈၁.၉၄၈ | ၈၁.၈၅၅ | ၈၂.၀၂၈ | ၀.၀၉ | ↑ |
| ၈ | Japanese Yen | JPY | ၁၃၆.၁၇၈ | ၁၃၆.၁၀၇ | ၁၃၅.၇၆၄ | ၁၃၇.၅၆၁ | ၁.၀၂ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၇၉ | ၁.၄၈၅ | ၁.၄၉၇ | ၁.၅၁၄ | ၂.၃၇ | ↑ |
| ၁၀ | Euro | EUR | ၀.၉၄၃ | ၀.၉၄၁ | ၀.၉၃၈ | ၀.၉၄၈ | ၀.၅၃ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၃၅ | ၀.၈၃၂ | ၀.၈၃၃ | ၀.၈၄၅ | ၁.၂၀ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၂ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်း များမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၁ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့ သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၄၇ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၁ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများ၊ ဗီယက်နမ်နှင့် ပါကစ္စတန် ဆန်ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ပြည်ပဆန်ဈေးကွက် သတင်းအနေဖြင့် ဆန်ထိပ်တန်းတင်ပို့သည့် နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှု ဈေးနှုန်းများသည် ဝယ်လက်များ၏ ဝယ်လိုအား နှေးကွေးခြင်းကြောင့် ယခုတစ်ပတ်တွင် ဆန်ဈေးနှုန်း ကျဆင်းလာကြောင်း သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စိုက်ပျိုးမှုနှင့် အရန်ဆန် ကောင်းမွန်သော်လည်း ပြည်တွင်းဆန်ဈေး မြင့်တက်လျက်ရှိနေပြီး တာဝန်ရှိသူများက ကြားဝယ်လက်များ၏ သိုလှောင်ခြင်းများကြောင့်ဟုဆိုကာ ဆန်သိုလှောင်ထားသူများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ကျဆင်းနေပြီး ဈေးကွက်အဝင်နှင့် ဝယ်လိုအားသည် နှေးကွေးနေခြင်းကြောင့် ရိတ်သိမ်းရာသီသစ်ကို စောင့်နေရကြောင်း ဗန်ကောက်အခြေစိုက် ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် ဆောင်းနှောင်း နွေဦး ရိတ်သိမ်းရာသီဖြစ်ခြင်းကြောင့် ဈေးကွက်အဝင်များပြီး ဆန်ဈေးနှုန်း ကျဆင်းခြင်းများ ဖြစ်နေသော်လည်း အားကောင်းသည့် ကမ္ဘာ့ဝယ်လိုအားကြောင့် သိသိသာသာ ဈေးနှုန်းကျဆင်းခြင်းကို တားဆီးပေးနိုင်လိမ့်မည်ဟု ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရသည်။

ပြည်တွင်း ဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်း (အသစ်)နယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၅၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၈၅၀၀၀ ကြား ပေါက်ဈေးရှိနေပြီး ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၁၀၀၀ မှ ၅၃၀၀၀ ပေါက်ဈေးရှိကာ ဧည့်မထ ရိုးရိုးဆန် တစ်အိတ်လျှင် ကျပ် ၄၉၅၀၀ မှ ၅၁၀၀၀ ကြား ပေါက်ဈေးရှိနေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းထပ်မံမြင့်တက်မှု မရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၃ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၂၂၅၆၇၀ ဒသမ ၃၉၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၄ ဒသမ ၅၂၇ သန်း၊ ဆန်ကွဲ တန်ချိန် ၈၁၂၄၆၅ ဒသမ ၄၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၁ ဒသမ ၇၄၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၀၃၈၁၃၅ ဒသမ ၈၀၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၅၆ ဒသမ ၂၆၉ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၂၁၇၇၆၆ ဒသမ ၂၇၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၁၇၇ သန်း၊ ဆန်ကွဲ တန်ချိန် ၇၄၆၆၇၁ ဒသမ ၉၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၁ ဒသမ ၂၄၇ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၉၆၄၄၃၈ ဒသမ ၂၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၆၁ ဒသမ ၄၂၄ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၇၉၀၄ ဒသမ ၁၂၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၅၀ သန်း၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၆၅၇၉၃ ဒသမ ၄၃၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၄၉၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်အိတ်လျှင် ၁၀၄ - ၁၀၉ ယွမ် (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၃ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၄၂၉၅၂ ကျပ်မှ ၄၅၀၁၇ ကျပ်ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့၌ ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၃၅၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရ သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၀၉ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် မတ် ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## လျှပ်စစ်သုံး မော်တော်ယာဉ်များ မတ်လဆန်းပိုင်းမှစ၍ တင်သွင်းရောက်ရှိ

မတ် ၃ ရက်တွင် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၉ စီးသည် ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှုသည် ပြည်တွင်း လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်ပြုထားကြောင်း သိရသည်။

အလားတူမတ် ၃ရက်တွင် Asia Pacific Automaker Corporation Co., Ltd.မှ တင်သွင်းလာသော Dongfeng အမျိုးအစား လျှပ်စစ်သုံးယာဉ် အစီး ၃၀ သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှုသည် ပြည်တွင်းလျှပ်စစ်သုံး ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်ပြုထားကြောင်း သိသည်။

**MOC(IR)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် ဇင်ဘာဘွေနိုင်ငံသည် ယခုတစ်ပတ်တွင် ၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အီဂျစ်နိုင်ငံတွင် ၇ ရာခိုင်နှုန်း၊ ဘော့ဆွာနာနိုင်ငံတွင် ၆ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဇမ်ဘီယာနိုင်ငံတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဘယ်လ်ဂျီယံ၊ ဘူလ်တန်၊ ဂျာမနီ၊ အိုက်စလန်၊ အီတလီနှင့် ဂျော်ဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၂ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ ထိုင်ဝမ်၊ ပိုလန်၊ ပြင်သစ်၊ ဟန်ဂေရီ၊ ဖင်လန်၊ အိုင်ယာလန်နှင့် အာဂျင်တီးနား အပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများ အားလုံး တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် ဇင်ဘာဘွေနိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး အယ်လ်ဘေးနီးယားနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဘော့ဆွာနာနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဩစတြီးယားနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ဂျပန်၊ အစ္စရေး၊ ဂျော်ဒန်၊ နော်ဝေ၊ နယ်သာလန်နှင့် စပိန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ အန်ဒိုရာ၊ ဖင်လန်၊ အာဂျင်တီးနား၊ ဘယ်လာရုစ်၊ ဘရာဇီး၊ ပိုလန်နှင့် အိုင်ယာလန် အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၁၆ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၈ | ၁.၀၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၁ | ၁.၀၄ |
| ၃ | ထိုင်း | လီတာ | ၁.၂၆ | ၀.၉၇ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၂ | ၀.၈၇ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၇ | ၁.၈၄ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၈ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၂၅ | ၁.၁၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၀ | ၁.၀၄ |
| ၉ | လာအို | လီတာ | ၁.၅၇ | ၁.၁၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၈ ဒေါ်လာနှုန်းဖြင့် ၅၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၈ ဒေါ်လာနှုန်းဖြင့် ၄၈ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၀ | ၁.၀၇ |
| ၂ | ဂျပန် | လီတာ | ၁.၁၉ | ၁.၀၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၇ | ၁.၁၄ |

အမေရိကန်ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုကို ဟန့်တားရန်နှင့် မကြာသေးမီက အားကောင်းသော စီးပွားရေး အချက်အလက်များကြောင့် အတိုးနှုန်းကို မျှော်မှန်းထားသည်ထက် ပိုမိုတိုးမြှင့်နိုင်သည့် သတင်းများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မတ် ၂ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၂၅ ရှိခဲ့ရာမှ မတ် ၈ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၆၆ သို့ ဈေးနှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် မတ် ၉ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၁၄၅ ကျပ်၊ အောက်တိန်း - 95 တစ်လီတာလျှင် ၂၂၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာ လျှင် ၂၂၈၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၆၈၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၈၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၁၆၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၂၉၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၆၀ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၂၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၇၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်အပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၁၀ ကျပ် မြင့်တက်ခဲ့ပြီး ဒီဇယ် တစ်လီတာလျှင် ၂၀ ကျပ် ဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## စားသောက်ကုန်ထုတ် လုပ်ငန်းများအတွက် စွမ်းအင် အလေအလွင့်လျှော့ချရေး အသိပညာပေးသင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFPEA) မှ မိမိတို့စက်ရုံ၊ အလုပ်ရုံများရှိ ကုန်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များတွင် စွမ်းအင်အလေအလွင့် ရှိနေနိုင်သည့် ဧရိယာများကို တွက်ချက်၊ တိုင်းတာ၊ ဖော်ထုတ်နိုင်စေရန်၊ စွမ်းအင်အလေအလွင့်များကို လျှော့ချနိုင်မည့် အခွင့်အလမ်းများကို သိရှိမှတ်သားနိုင်စေရန်၊ စွမ်းအင်သုံးစွဲမှုများကို နည်းစနစ်တကျ မှတ်သား၊ စောင့်ကြည့်၊ အကဲဖြတ်နိုင်စေရန် ရည်ရွယ်ပြီး “Awareness Training on Energy Efficiency in Food Processing” စားသောက်ကုန်ထုတ် လုပ်ငန်းများအတွက် စွမ်းအင်အလေအလွင့် လျှော့ချရေး အသိပညာပေးသင်တန်းကို မတ် ၂၅ ရက်တွင် Online စနစ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFPEA) မှ သိရှိရသည်။

သင်ကြားပို့ချမည့် သင်ခန်းစာများမှာ စွမ်းအင် အလေအလွင့်ရှိနိုင်သည့် ဧရိယာများ၊ စွမ်းအင် အလေအလွင့်များအား တွက်ချက်ဖော်ထုတ်သည့် နည်းစနစ်များ၊ စွမ်းအင်အလေအလွင့် လျှော့ချနိုင်မည့် ပြုပြင်ပြောင်းလဲမှုများနှင့် အလေ့အကျင့်ကောင်းများ၊ စွမ်းအင်သုံးစွဲမှုများအပေါ် မှတ်သား၊ စောင့်ကြည့် အကဲဖြတ်နည်းများ၊ စွမ်းအင် အလေအလွင့်လျှော့ချခြင်းဖြင့် ရရှိလာနိုင်သည့် ငွေကြေးဆိုင်ရာ အကျိုးကျေးဇူးများနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ စသည့် ခေါင်းစဉ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

Management အဖွဲ့ဝင်များ၊ Operation ကြီးကြပ်သူများ အထူးသဖြင့် တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။ သင်တန်းမှ ရရှိမည့်အကျိုးကျေးဇူးများအနေဖြင့် စွမ်းအင်အလေအလွင့်များ လျှော့ချနိုင်မည့် အလေ့အကျင့်ကောင်းများကို အသုံးချခြင်းဖြင့် စွမ်းအင်စရိတ် သက်သာပြီး လုပ်ငန်းဝင်ငွေ တိုးပွားနိုင်ခြင်း၊ သန့်စင်သော ထုတ်လုပ်ရေး (Cleaner Production) ကို ဖြစ်စေသည့် အလေ့အကျင့်ကောင်းများကြောင့် တာဝန်ယူမှု တာဝန်ခံမှုပြည့်ဝသော စံပြလုပ်ငန်း ဖြစ်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည့် သင်တန်းအား မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFPEA) က ဦးစီး၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်း တက်ရောက်လိုပါက MFPEA ဖုန်းနံပါတ်-၀၉-၈၈၇၈၀၅၉၀၀၊ ၀၉-၈၈၇၈၀၅၉၀၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**အိမ့် (DOT)**

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၈၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉၆ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၈၁ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်စီးရေအနေဖြင့် ပို့ကုန် ၂၁၅၈ စီး၊ သွင်းကုန် ၅၈၂ စီး ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ်က ပို့ကုန်ဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၁ သန်းနှင့် သွင်းကုန်ဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉၃ သန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၈၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အဓိကပို့ကုန်ဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ မြေပဲဆန်၊ ကုလားပဲ၊ လက်ဖက် ခြောက်၊ နှံစားပြောင်း၊ ဆီးဖြူသီးခြောက်၊ ချင်း(အစို)၊ ငရုတ်သီး(အစို)၊ ရော်ဘာတို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၄ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု တင်သွင်းမှု လျော့နည်းခဲ့သော်လည်း၊ လူသုံးကုန်ပစ္စည်းအုပ်စုနှင့် လုပ်ငန်းသုံး ကုန်ကြမ်းအုပ်စုတို့ ပိုမိုခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းပိုမိုခဲ့၍ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၇ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ကုန်သွယ်ရေး စခန်းမှ ဖေဖော်ဝါရီလတွင် ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၃၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၉ သန်းနှင့် ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၉ ဒသမ ၉၇၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ကာလတူလုပ်ငန်း ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၂ သန်း လျော့နည်းခဲ့ပြီး သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၀၁၇ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှု ပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၀၃ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း အုပ်စုတွင် သီဟိုဠ်စေ့ တင်ပို့မှု လျော့နည်းခဲ့ခြင်းနှင့် ရေထွက်ကုန်ပစ္စည်း အုပ်စုတွင် ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ငါးရှဉ့်နှင့် အခြားရေထွက် ပစ္စည်းတို့ တင်ပို့မှု ကျဆင်းခဲ့ခြင်း ကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းအုပ်စုတွင် ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သုတ်ဆေးပေါ လစ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်း များနှင့် အခြားပစ္စည်းများ ပိုမိုတင်သွင်း နိုင်ခဲ့ခြင်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စု တွင် ဘတ်ထရီအခြောက်များ၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ ဆေးဝါး ပစ္စည်းများနှင့် အခြားပစ္စည်းများ ပိုမို တင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံး ကာလဖြစ်သော ဇန်နဝါရီလ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄ ဒသမ ၅၉၃ သန်း လျော့ နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၆ သန်း ပိုမိုခဲ့သည်။ ပို့ကုန်ပိုင်းတွင် လျော့ နည်းရခြင်းမှာ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ငါးရှဉ့်၊ ကဏန်းနှင့် အခြားပစ္စည်းတင်ပို့ မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လုပ်ငန်း သုံးပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်း အုပ်စုတို့ တင်သွင်းမှု ပိုမိုခြင်းကြောင့် ဖြစ်သည်။

**အိမ့် (DOT)**

# ဖေဖော်ဝါရီလအတွင်း တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၆၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၀၅ သန်း ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂ ဒသမ၅၇၃ သန်းဖြစ်၍ ကုန်သွယ်မှု လျာထားချက်အပေါ် ၈၃ ဒသမ ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့သည်။ ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၈၂ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၆၅၃ သန်းပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏ အနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၉ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ကာလတူထက် ပို့ကုန်ပိုင်းလျော့နည်းရခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၆ သန်း ပိုမိုခဲ့သော်လည်း လယ်ယာထွက်ကုန် ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်အုပ်စုနှင့် စက်မှုကုန်ချောအုပ်စုတို့တွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၈ သန်း လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်း လျော့နည်း တင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု ပစ္စည်းအုပ်စုနှင့် လုပ်ငန်းသုံး ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၇၉ သန်း ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ဇန်နဝါရီ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၃ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၂ သန်း ပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၈၅ သန်း ပိုမိုခဲ့ကြောင်း သိရသည်။ ပို့ကုန်ပိုင်း ပိုမိုရခြင်းမှာ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် ရေထွက်ပစ္စည်းအုပ်စု တင်ပို့မှုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်း လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းအုပ်စု တင်ပို့မှုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၉ သန်းပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်း ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၀ သန်း လျော့နည်းတင်သွင်းခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၂ သန်း ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်သည်။

**အိမ့် (DOT)**

**စာမျက်နှာ (၈) ကမ္ဘာ့ကုန်သွယ်ရေးစန်းပွင့်မှုနှင့် - မှအဆက်**

ယခုအခါ ဂလိုဘယ်လိုက်ဇေးရှင်းကို ပြောင်းလဲစေသော အချက်များအဖြစ် စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနှင့် နိုင်ငံရေးဟူသော အချက်များကို တွေ့ရှိရသည်။ ထို့ကြောင့် လာမည့်နှစ်များအတွင်း De-globalization ကိုဖြစ်ပေါ်စေသောအင်အားစုများ ပိုမိုအရှိန်ပြင်းထန်လာနိုင်သည်။ ထို့အတွက် သတိထားစောင့်ကြည့်သင့်သည်။

စိတ်ပူစရာကောင်းသော အချက်တစ်ချက်ရှိသည်။ ယင်းမှာ နိုင်ငံများသည် မိမိနိုင်ငံ ဖူလုံရေးကိုသာ ပိုမိုလုပ်ဆောင်လာခြင်းဖြစ်သည်။ ထိုအခါ ဆက်ဆံရခက်ခဲသည့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းသဘောတူညီချက် ရရှိရန် မက်လုံးနည်းပါးလာမည်ဖြစ်သည်။

**Source: Reuters**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၁-၃-၂၀၂၃ | ၉-၃-၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ကြက်သွန်ဖြူ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ကြူကုတ်ရှယ် | ၃၇၀၀ | ၃၇၅၀ | ↑ ၅၀ | အိတ် ၁၇၅၀ ၅၂၅၀၀ ပိဿာ | အိတ် ၂၉၀၀ ၈၇၀၀၀ ပိဿာ | အိတ် ၁၁၅၀ ၃၄၅၀၀ ပိဿာ |
| ၂ | အောင်ပန်း ထူး ၂ | ၄၁၀၀ | ၃၄၀၀ | ↓ ၇၀၀ | | | |
| ၃ | အောင်ပန်း ထူး ၃ | ၄၅၀၀ | ၃၈၀၀ | ↓ ၇၀၀ | | | |
| ၄ | အောင်ပန်း ထူး ၄ | ၄၇၀၀ | ၃၉၀၀ | ↓ ၈၀၀ | | | |
| ၅ | အောင်ပန်း ထူး ၅ | ၄၈၀၀ | ၄၂၀၀ | ↓ ၆၀၀ | | | |
| | ကြက်သွန်နီ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | မြစ်သားရှယ် | ၁၆၅၀ | ၁၅၅၀ | ↓ ၁၀၀ | ကား ၁၈၅ စီး ၁၁၁၀၀၀၀ ပိဿာ | ကား ၂၃၉စီး ၁၄၃၄၀၀၀ ပိဿာ | ကား ၅၄ စီး ၃၂၄၀၀၀ ပိဿာ |
| ၂ | မြစ်သားလတ်ကြီး | ၁၆၅၀ | ၁၇၅၀ | ↑ ၁၀၀ | | | |
| ၃ | မြစ်သားလတ်သန့် | ၁၆၅၀ | ၁၇၀၀ | ↑ ၅၀ | | | |
| ၄ | မြစ်သားလတ်ချော | ၁၄၅၀ | ၁၃၅၀ | ↓ ၁၀၀ | | | |
| ၅ | ဆိပ်ဖြူရှယ် | ၁၂၇၅ | ၁၁၂၅ | ↓ ၁၅၀ | | | |
| ၆ | ဆိပ်ဖြူလတ်ကြီး | ၁၂၇၅ | ၁၂၅၀ | ↓ ၂၅ | | | |
| ၇ | ဆိပ်ဖြူလတ်သန့် | ၁၂၇၅ | ၁၂၅၀ | ↓ ၂၅ | | | |
| ၈ | ဆိပ်ဖြူလတ်ချော | ၁၁၇၅ | ၁၀၅၀ | ↓ ၁၂၅ | | | |
| | အာလူး | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | |
| ၁ | ဆင်ဖြူကျွန်း A1 | ၁၅၀၀ | ၁၆၀၀ | ↑ ၁၀၀ | ကား ၆၉ စီး ၄၁၄၀၀၀ ပိဿာ | ကား ၅၅ စီး ၃၃၀၀၀၀ ပိဿာ | ကား ၁၄ စီး ၈၄၀၀၀ ပိဿာ |
| ၂ | ဆင်ဖြူကျွန်း OK | ၁၅၀၀ | ၁၉၀၀ | ↑ ၄၀၀ | | | |
| ၃ | ဆင်ဖြူကျွန်း S1 | ၁၂၀၀ | ၁၉၀၀ | ↑ ၇၀၀ | | | |
| ၄ | ဆင်ဖြူကျွန်း S2 | ၁၂၀၀ | ၁၄၀၀ | ↑ ၂၀၀ | | | |
| ၅ | တရုတ် သဲသီး | ၂၁၅၀ | ၂၀၅၀ | ↓ ၁၀၀ | | | |

SWTun (Domestic Ygn) MITC

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|
| | | ၁-၃-၂၀၂၃ | ၉-၃-၂၀၂၃ | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | မတ်ပဲ | တစ်တန် တန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁ | FAQ /RC (2022 Crop) | ၁၈၅၈၅၀၀ | ၁၈၇၉၅၀၀ | ↑ ၂၁၀၀၀ | Con ၁၀၀လုံး | Con ၁၉၅လုံး | Con ၉၅ လုံး |
| ၂ | SQ /RC (2022 Crop) | ၂၀၈၀၅၀၀ | ၂၁၀၄၅၀၀ | ↑ ၂၄၀၀၀ | တန်ချိန် ၂၄၀၀ | တန်ချိန် ၄၆၈၀ | တန်ချိန် ၂၂၈၀ |
| ၃ | RED /RC (2022 Crop) | ၂၁၆၀၀၀၀ | ၂၁၉၀၀၀၀ | ↑ ၃၀၀၀၀ | | | |
| | ငရုပ်သီး | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၄ | မြေးနီ(ဟင်္သာတ) AC | ၁၁၀၀၀ | ၁၀၅၀၀ | ↓ ၅၀၀ | ငရုပ်ရှည် အိတ်ပေါင်း ၁၃၀၀၀ (၂၆၀၀၀၀ ပိဿာ) | ငရုပ်ရှည် အိတ်ပေါင်း ၁၆၅၀၀ (၃၃၀၀၀၀ ပိဿာ) | ငရုပ်ရှည် အိတ်ပေါင်း ၃၅၀၀ (၇၀၀၀၀ ပိဿာ) |
| ၅ | ပန်းရဲ (သစ် ) AC | ၁၁၅၀၀ | ၁၁၀၀၀ | ↓ ၅၀၀ | | | |
| ၆ | မိုးထောင် (ဒီမှန် ) | ၁၃၀၀၀ | ၁၂၅၀၀ | ↓ ၅၀၀ | | | |
| ၇ | ဆင်ဖြူကျွန်း(ပု) | ၁၄၅၀၀ | ၁၅၀၀၀ | ↑ ၅၀၀ | ငရုပ်ပု အိတ်ပေါင်း ၈၅၀(၁၂၇၅၀ ပိဿာ) | ငရုပ်ပု အိတ်ပေါင်း ၂၈၀၀(၄၂၀၀၀ ပိဿာ) | ငရုပ်ပု အိတ်ပေါင်း ၁၉၅၀ (၂၉၂၅၀ ပိဿာ) |
| | ထန်းလျက် | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၈ | တောင်သာ/မလှိုင်(ခုံး) | ၂၆၅၀ | ၂၅၅၀ | ↓ ၁၀၀ | | | |
| ၉ | ညောင်ဦးဆေးရှယ် (ထန်း) | ၂၈၅၀ | ၂၉၀၀ | ↑ ၅၀ | | | |
| ၁၀ | ပခုက္ကူကြိမ်း | ၃၀၀၀ | ၂၉၅၀ | ↓ ၅၀ | | | |
| ၁၁ | ရေစကြိုထန်းလျက် | ၃၆၅၀ | ၃၆၀၀ | ↓ ၅၀ | | | |
| | ကြံသကာ/ သကြား | | | (ကျပ်) | | | |
| ၁၂ | ကြံသကာ | ၂၇၀၀ | ၂၆၅၀ | ↓ ၅၀ | | | |
| ၁၃ | သကြား | ၃၀၈၀ | ၃၀၆၀ | ↓ ၂၀ | | | |
| | မန်ကျည်းသီး | တစ်ပိဿာတန်ဖိုး (ကျပ်) | | (ကျပ်) | | | |
| ၁၄ | ပွင့်ကပ် (သစ်) | ၁၉၀၀ | ၁၉၀၀ | — | | | |
| ၁၅ | အသား (သစ်) | ၃၀၀၀ | ၂၉၀၀ | ↓ ၁၀၀ | | | |
| ၁၆ | ရမည်းသင်း ဒါးဇင်း | ၁၈၀၀ | ၁၈၀၀ | — | | | |

SSMaw (Domestic Ygn) MITC

သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ယခင် တစ်ပတ် | ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မူဆယ် | | | | |
| (က) | တင်ပို့မှု | | | | |
| | သခွားမွှေး | ၀.၂၂၂ | ၀.၂၂၀ | ↓ | မူဆယ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်သော ယွမ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | ဖရဲသီး | ၀.၁၀၄ | ၀.၁၀၂ | ↓ | |
| (ခ) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၀.၄၂၁ | ၀.၄၁၆ | ↓ | |
| | လိမ္မော်သီး | ၀.၃၂၉ | ၀.၃၂၈ | ↓ | |
| | ပန်းသစ်တော်သီး | ၀.၃၇၀ | ၀.၃၆၈ | ↓ | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) ယခင် တစ်ပတ် | ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| ၂။ | မြဝတီ | | | | |
| (က) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၂၀.၁၂၉ | ၂၀.၇၄၁ | ↑ | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | နဂါးမောက်သီး | ၁၃.၁၈၆ | ၁၃.၃၂၆ | ↑ | |
| | စပျစ်သီး | ၄၁.၇၁၅ | ၄၁.၇၁၆ | ↑ | |
| | နန်းမြားသီး | ၆.၉၂၀ | ၆.၉၂၀ | — | |
| | သရက်သီး | ၁၃.၈၄၀ | ၁၃.၈၄၀ | — | |
| | လိမ္မော်သီး | ၂၀.၄၃၀ | ၂၀.၄၂၉ | ↓ | |
| | သစ်တော်သီး | ၂၀.၄၂၉ | ၂၀.၄၂၉ | — | |
| | တည်သီး | ၁၃.၁၈၆ | ၁၃.၁၂၄ | ↓ | |
| | ရေငန်းသီး | ၆.၅၉၃ | ၆.၇၃၈ | ↑ | |

# ပြည်တွင်းထုတ်ကုန်ကဏ္ဍ




ယခုတစ်ပတ် ပြည်တွင်းထုတ်ကုန်ကဏ္ဍတွင် Dagon Win Win Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထုတ်လုပ်ဖြန့်ဖြူးနေသည့် Royal Lotus ကိတ်ခြောက်၊ ပန်းကန်လုံး အမှတ်တံဆိပ် BIHO အဆင့်မြင့်ဆန်ကြာဆံနှင့် Blue Bird အချိုရည်အကြောင်း ဖော်ပြပေးလိုက်ပါသည်။

Royal Lotus ကိတ်ခြောက်ကို ထောပတ်နှင့် စပျစ်အရသာ နှစ်မျိုးဖြင့် ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရုံးခွဲ ၁၁ ခုမှ ဖြန့်ချိလျက်ရှိသည်။ သဘာဝအရသာပေါ်လွင်အောင် ဆိုးဆေးနှင့် တာရှည်ခံဆေးတို့ကိုအသုံးမပြုဘဲ ထုတ်လုပ်ထားသည့်အတွက် အရသာထူးကဲ ကောင်းမွန်ပါသည်။

ပြည်တွင်းတွင် ထွက်ရှိသည့်ဆန်ကွဲများကိုအသုံးပြုပြီး ပန်းကန်လုံး အမှတ်တံဆိပ် BIHO အဆင့်မြင့်ဆန်ကြာဆံကို ထုတ်လုပ်ကာ စတိုးဆိုင်၊ ဈေးဝယ်စင်တာများနှင့် လက်လီလက်ကား ဈေးကွက်များသို့ အထုပ်သေးတစ်ထုပ်လျှင် ၂၅ ကျပ်သား(လေးရာဂရမ်)ဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ ကြာဆံခြောက်များကို သမားရိုးကျ နည်းလမ်းဖြစ်သော နေပူလှန်း၍ ထုတ်လုပ်ခြင်းမဟုတ်ဘဲ အဆင့်မြင့်စက်ကြီးများကို အသုံးပြု၍ အခြောက်ခံနည်းပညာဖြင့် သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်ထားပါသည်။

ထို့ပြင် ကလေးများအတွက် အဆာပြေ သောက်သုံးရန်နှင့် အပန်းဖြေခရီးသွားရာတွင်လည်း အမောပြေသောက်သုံးနိုင်ရန် ရည်ရွယ်၍ အေးမြလတ်ဆတ် Blue Bird အချိုရည်အား စပျစ်၊ လိမ္မော်၊ ရှားစောင်း၊ လိုင်ချီး စသည့် အရသာလေးမျိုးဖြင့် ထုတ်လုပ်ထားပါသည်။ ကာဗိုဟိုက်ဒရိတ်အချိုရည်များကို သောက်သုံးမည့်အစား အနံ့အရသာနှင့် ပြည့်စုံသည့် Blue Bird အချိုရည်ကို လူတန်းစားမရွေး သောက်သုံးနိုင်ရန် ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိသည်။ **MMS**

MDHCL

**MYANMA DIAMOND HILL CO., LTD.**

**EXPORT & IMPORT OF BEANS AND PULSES**

ပဲမျိုးစုံနှင့်ကြက်စာရောင်းဝယ်ရေး

**MR. UMESH KUMAR**
**Director**

No.159, Shwe Yin Aye Kyaung Street,
Hlaing Thar Yar Industrial Zone (5),Hlaing Thar Yar Tsp,
Yangon, Myanmar.
Ph: 09-5124058, 09-5388290
Email: 90.umeshkumar@gmail.com

GREAT APEX INTERNATIONAL CO.,LTD
TULSI INTERNATIONAL CO.,LTD

Office/Factory
No.71/72/73 Malikha Street, Industrial Zone(5),Hlaing Tharyar Township, Yangon
Tel : 09 50 555 31/ 09 50 555 32 / 09 512 7297

ကျွန်း/ပျဉ်းကတိုး/အင်(ကညင်) သစ်ခွဲသားဆိုဒ်စုံ (ပြည်တွင်း/ပ) ရောင်းဝယ်သည်။
သစ်လုံး/ခွဲသား နဂလီ ခွဲသည်။
ရှာထိုး/ပါကေး များ လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အဆင့်မြင့် ပရိဘောဂ များရရှိနိုင်ပါသည်။










နာရီဆိုလျှင်
CHERRY OO
WATCH GALLERY
cherryoowatchgallery
cherryoowatchgallery


ROCK & BOWL
BOWLING ALLEY
Address - Taw Win Road, 9 Mile, Mayangone Township, Yangon. (Royal Sportainment Complex 1st Floor)
Contact Info - 09 6777 888 93
Let's Go Bowling.

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com





# မြန်မာ့နယ်စပ်ကုန်သွယ်ရေး ခေတ်ဦး

မျိုးသူ(ကုန်သွယ်မြင့်)

### e,fpyfukefcGfa&;qlbnfnS

နိုင်ငံတစ်ခု၏ပိုင်နက်နယ်မြေတစ်ခုနှင့် အခြားနိုင်ငံတစ်ခု၏ ပိုင်နက်နယ်မြေတစ်ခုတို့ ထိစပ်နေသောနေရာကို နယ်စပ်ဟုခေါ်ပြီး နိုင်ငံနှစ်ခုကြားတွင်ရှိနေသော သတ်မှတ်နေရာကို မျဉ်းတစ်ခု သဖွယ်သဘောထားပြီး နယ်စပ်မျဉ်းဟု ခေါ်တွင်ကြသည်။ အဆိုပါ နယ်စပ်မျဉ်းကိုဖြတ်၍ အိမ်နီးချင်းနှစ်နိုင်ငံ ကုန်ရောင်းကုန်ဝယ် ပြုခြင်းကို နယ်စပ်ကုန်သွယ်မှုပြုသည်ဟု ဆိုကြသည်။ ကမ္ဘာတွင် ကုန်းတွင်းထိစပ်သည့်နိုင်ငံ အများဆုံးဖြစ်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ၁၄နိုင်ငံနှင့် ကုန်းတွင်းတွင် ထိစပ်နေပြီး အဆိုပါ နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုအများအပြားကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ နိုင်ငံများမှာ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ရုရှားနိုင်ငံ၊ ဘူလ်တန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ အာဖဂန်နစ္စတန်၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်ကစ္စတန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများဖြစ်ကြသည်။ အဆိုပါ နိုင်ငံများနှင့်ထိစပ်နေခြင်းသည်ပင် တရုတ်နိုင်ငံအတွက် ကုန်သွယ်မှုတွင် အားသာချက်များ ရရှိစေသည်။ မြန်မာနိုင်ငံအတွက်လည်း တရုတ်နိုင်ငံနှင့် နယ်စပ်ချင်းထိတွေ့မှုများပြားပြီး နယ်စပ်ဂိတ်အနေဖြင့် ကံပိုင်တည်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ မူဆယ် စသည့်မြို့နှင့်ဂိတ်များတွင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်လျက်ရှိသည်။

### jrefma,fpyfukefcGfa&;

နယ်စပ်ကုန်သွယ်ရေးဟူသော စကားရပ်သည် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တရုတ်မြန်မာနယ်စပ် ကုန်သွယ်မှုများနောက်တွင်မှ တွင်တွင်ကျယ်ကျယ် ကြားသိလာရသည်။ ကမ္ဘာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုသည် နိုင်ငံတိုင်းလိုလိုတွင် များစွာအရေးပါကြပါသည်။ အထူးသဖြင့် ကုန်းတွင်းပိတ်နိုင်ငံများတွင် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့်သာ ကြားခံအိမ်နီးချင်းနိုင်ငံတစ်ခုကိုဖြတ်၍ နိုင်ငံတကာနှင့် ကုန်သွယ်မှုပြုကြသည်ကို တွေ့ရသည်။ Border Trade ခေါ် နယ်စပ်ကုန်သွယ်ရေးသည် အခြေခံအားဖြင့် နယ်စပ်အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများ အချင်းချင်းမိရိုးဖလာ ကုန်ရောင်းကုန်ဝယ်ပြုရာမှ ဆက်လက်၍ နှစ်နိုင်ငံငွေကြေးများဖြင့်ရောင်းဝယ်နိုင်ရန် အစိုးရချင်းပါ သဘောတူညီချက်များ၊ ညှိနှိုင်းချက်များ၊ အကောက်ခွန်ဂိတ်များဖြင့် ဆောင်ရွက်ကြရာမှ နယ်စပ်ကုန်သွယ်ရေးဟု တိုးတက်ဖြစ်ထွန်းလာကြခြင်းဖြစ်ပါသည်။မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံငါးနိုင်ငံရှိပြီး အဆိုပါနိုင်ငံများမှာ အရှေ့ဘက်မှစ၍ကြည့်လျှင် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အနောက်ပိုင်းတွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ လက်ရှိနယ်စပ်ကုန်သွယ်မှုအပိုင်းတွင် ပုံမှန် ရေကြောင်း ကုန်သွယ်မှု၏လေးပုံတစ်ပုံမှ သုံးပုံတစ်ပုံခန့်အတွင်းရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် နယ်စပ် ကုန်သွယ်မှုသည် မြန်မာနိုင်ငံစီးပွားရေးအတွက် အရေးပါသော အခြေအနေတစ်ခုဖြစ်သည်။

### vuf&Sdjrefma,fpyfukefcGfa&;

မြန်မာနိုင်ငံ၏ကုန်သွယ်မှုကို အခြေခံအားဖြင့် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးဟု နှစ်ပိုင်းခွဲခြားထားသည်။ လက်ရှိကုန်သွယ်မှုပမာဏကိုလေ့လာမည်ဆိုပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၆ဘီလီယံနှင့်နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၉ ဘီလီယံရှိသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၅ဘီလီယံရှိသဖြင့်နယ်စပ်ကုန်သွယ်မှုသည်စုစုပေါင်း ကုန်သွယ်မှုပမာဏပေါ်တွင် ၂၉ ဒသမ ၂၇ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆ဒသမ ၁၀ဘီလီယံဖြစ်ပြီး နယ်စပ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ၁၀ဒသမ၆၄ဘီလီယံဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၄ဘီလီယံဖြစ်ပါသည်။ ထို့ကြောင့် နယ်စပ်ကုန်သွယ်မှုပမာဏသည် စုစုပေါင်းကုန်သွယ်မှုပမာဏပေါ်တွင် ၂၈ ဒသမ ၉၇ရာခိုင်နှုန်းပါဝင်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ဒသမ ၈၈ဘီလီယံဖြစ်ပြီး နယ်စပ်ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀ဒသမ ၁၇ဘီလီယံဖြစ်၍ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၅ ဘီလီယံဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုပမာဏသည် စုစုပေါင်းကုန်သွယ်မှု ပမာဏပေါ်တွင် ၃၃ ဒသမ ၈၄ ရာခိုင်နှုန်းပါဝင်သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget)တွင် ပင်လယ်ရေကြောင်းမှကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ဒသမ ၆၆ဘီလီယံဖြစ်ပြီးနယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ၆၂ဘီလီယံဖြစ်၍ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂၈ ဘီလီယံဖြစ်သည်။ နယ်စပ်ကုန်သွယ်မှု ပမာဏသည် စုစုပေါင်းကုန်သွယ်မှုပမာဏပေါ်တွင် ၂၂ဒသမ ၂၅ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်(ဧပြီလမှ ဒီဇင်ဘာလအထိ)တွင် ပင်လယ်ရေကြောင်းမှကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ၁၉ဒသမ ၄၀ ဘီလီယံဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ၆ ဒသမ ၁၉ ဘီလီယံဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅၉ ဘီလီယံဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှု ပမာဏသည် စုစုပေါင်းကုန်သွယ်မှုပမာဏပေါ်တွင် ၂၄ ဒသမ ၁၈ ရာခိုင်နှုန်း ပါဝင်ပါသည်။ မြန်မာ့ကုန်သွယ်မှု၏ လက်ရှိအခြေအနေတွင် နယ်စပ်ကုန်သွယ်မှု၏အခန်းသည်များစွာအရေးပါသည်ကို တွေ့နိုင်ပါသည်။ ကိုဗစ်(၁၉)ရောဂါဖြစ်ပွားသည့်ကာလတွင်ပင် နယ်စပ်ကုန်သွယ်မှုသည် နယ်စပ်ဂိတ်များ ဖွင့်လှျင်ချက်ချင်းပင် ပမာဏတက်လာသည်ကို တွေ့နိုင်ပါသည်။စုစုပေါင်းကုန်သွယ်မှု ပမာဏတွင် နယ်စပ်ကုန်သွယ်မှု ပမာဏသည် ဖော်ပြပါ ငါးနှစ်အတွင်းတွင် အနိမ့်ဆုံး ၂၂ ဒသမ ၂၅ရာခိုင်နှုန်းမှ အများဆုံး ၃၃ဒသမ ၈၄ရာခိုင်နှုန်းအထိ ပါဝင်သည်ကို တွေ့ရပါသည်။

### jrefmukefcGfrItp

ရှေးမြန်မာဘုရင်များလက်ထက်တွင်လည်း ကုန်သွယ်မှုများကိုပြုလုပ်ခဲ့ကြကြောင်း အထောက်အထားများရှိကြပါသည်။ရွှေတိဂုံဘုရား၏သမိုင်းကြောင်းသည်ပင် တဖုဿနှင့်ဘလ္လိကဟူသော ကုန်သည်ညီနောင်နှင့်ဆက်စပ်နေသည်ကို ကြည့်ချင်းအားဖြင့် မြန်မာနိုင်ငံ(ထိုစဉ်က ဥက္ကလာပတိုင်း)သည်မဇ္ဈိမတိုင်းနှင့်ပင်လယ်ရေကြောင်းကုန်သွယ်မှုရှိခဲ့သည်ကို တွေ့နိုင်သည်။ သမိုင်းကြောင်းအရ ဘီစီ ၅၈၈ ခုနှစ်ခန့်ဟု ခန့်မှန်းကြသည်။ နယ်စပ်ကုန်သွယ်ရေးအကြောင်းကိုကြည့်လျှင် မြန်မာ့သမိုင်းတွင် ကုန်းဘောင်ခေတ်ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည့် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်နောက်ပိုင်း၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ပြီး အင်္ဂလိပ်က မြန်မာနိုင်ငံတစ်ခုလုံးကိုသိမ်းယူခဲ့သည့် ၁၈၈၅ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကျော်ကို မင်းလှကျောက်တိုင် ကင်းတော်ကို အခြေပြုကာဧရာဝတီမြစ်တွင် အင်္ဂလိပ်နှင့်မြန်မာတို့သည် နယ်စပ်ကုန်သွယ်မှုပြုခဲ့ ကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံအတွင်းတွင်ဖြစ်သော်လည်း ထိုစဉ်က အင်္ဂလိပ်ပိုင်နယ်နှင့် မြန်မာမင်းပိုင်နယ်တို့၏နယ်စပ်ဒေသဖြစ်သောနေရာတွင် ကုန်ကူးသန်းရောင်းဝယ်ခြင်းများကို ဥပဒေများဖြင့် ကန့်သတ်ခဲ့ကြသည်ကို တွေ့ရသည်။ အင်္ဂလိပ်ကုန်သည်များ အများဆုံး ရောင်းဝယ်ကြသည်မှ ဆန်မဟုတ်ဘဲ ကျွန်းသစ်နှင့် ရှားစေး၊ ရေနံချေး၊ ထန်းလျက်များ ဖြစ်ကြသည်ဟု သိရသည်။ မြန်မာနိုင်ငံအလယ်ပိုင်းမှ ထွက်ရှိသည့် ဝါဂွမ်းကိုမူ တရုတ်တို့က လက်ဝါးကြီး အုပ်ထားသည်ဟုဆိုသည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက် ကျရောက်ရသည်မှာ ကျွန်းသစ်၊ရေနံ၊ သတ္တုနှင့် ကျောက်မျက်ရတနာများ ထွက်ရှိသည့်အပေါ်တွင် လက်ဝါးကြီးအုပ် ခြယ်လှယ်လိုသည့်အချက်သည် အဓိကဟုပင် ပြောရမည်ဖြစ်သည်။ ထို့ပြင် ဆန်၊ ဝါဂွမ်းနှင့် အခြားသော လယ်ယာထွက်ကုန်များသည်လည်း အင်္ဂလိပ်ကုန်သည်များအတွက် လိုချင်ဖွယ်ရာ မက်မောဖွယ်ရာများဖြစ်နေသည်ဟု ဆိုနိုင်ပါသည်။ ထိုအချိန်က နယ်ချဲ့ ကိုလိုနီခေတ်ဖြစ်ပြီး အိန္ဒိယတွင် ခြေကုပ်ရပြီးသော အင်္ဂလိပ်တို့အဖို့ မြန်မာနိုင်ငံကို သိမ်းပိုက်ရန် လွယ်ကူလျက်ရှိပြီး ဦးဆောင်သိမ်းယူသော အင်္ဂလိပ်ကုမ္ပဏီမှာလည်း သစ်ကုမ္ပဏီဖြစ်သည်ကို တွေ့နိုင်သည်။

### jrefma,fpyfukefcGfrItp{&mjrpfvGu

အင်္ဂလိပ်-မြန်မာဒုတိယစစ်သည်ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်းနန်းတက်လာသည့်အခါ အလိုအလျောက် ရပ်သွားသည်ဟု ဆိုနိုင်သည်။ ထိုအချိန်တွင် အင်္ဂလိပ်သည် မြန်မာနိုင်ငံ အောက်ပိုင်း ပဲခူးတိုင်းအထိကို သိမ်းပိုက်ထားခဲ့သည်။ သို့ဖြစ်၍ သရက်နှင့် အောင်လံတစ်ဝိုက်တွင် ဘုရင်ပိုင် အထက်မြန်မာနိုင်ငံ နယ်နိမိတ်နှင့် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံ နယ်နိမိတ်ဖြစ်ပြီး မြန်မာကုန်သည်များသည် အင်္ဂလိပ်ဘက်သို့ နယ်စပ်တွင် ကုန်တင်လှေများဖြင့် ရောင်းဝယ်ကြသည်ဟုဆိုသည်။ အထက်မြန်မာနိုင်ငံ မြန်မာဘုရင်ပိုင်နယ်မြေနှင့် အောက်မြန်မာနိုင်ငံအင်္ဂလိပ်ပိုင်နယ်မြေဟု ပေါ်ပေါက်လာသည်။ နယ်ခြားနယ်နိမိတ်အဖြစ် မင်းလှကျောက်တိုင် ကင်းတော်၊တောင်တွင်းကြီးမြို့ ကင်းတော်၊ တောင်ငူ အင်ပင် ရေထွက်ကင်းတော်တို့မှာ နယ်စပ်မျဉ်းများဖြစ်ကြသည်။ ပြည်တွင်း အထက်အောက်မြန်မာနိုင်ငံတွင်း ကုန်သည်မှုမှသည် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံနှင့်ကုန်းဘောင်မင်းဆက်မင်းတုန်းမင်းပိုင် အထက်မြန်မာနိုင်ငံဟူ၍ ဖြစ်လာသည်။ ဧရာဝတီမြစ်ရိုးတွင်ရှိသော မင်းလှကျောက်တိုင် ကင်းတော်နေရာသည် အထက်နှင့် အောက်မြန်မာနိုင်ငံတို့ ကုန်ကူးသန်းရောင်းဝယ်ရာတွင် အရေးပါသောနေရာဖြစ်လာသည်။ စလေနှင့် ယောနယ်တစ်ဝိုက်မှ ရှားစေးများကိုလည်းကောင်း၊ ထန်းလျက်ကိုလည်းကောင်း အဓိကရောင်းဝယ်ကြသည်ဟုသိရသည်။ ထိုအချိန်က မြန်မာဘုရင်များက ဆန်ကို ကန့်သတ်ထားသည်ဟု သိရသည်။ ရှားစေး ရောင်းချမှုသည် ထိုအချိန်က ကုန်သွယ်မှုအပိုင်းတွင် မြင့်မားခဲ့သည်ဟု လေ့လာသိရှိရသည်။မင်းတုန်းမင်း နန်းတက်စအချိန်တွင် အောက်မြန်မာနိုင်ငံမှ အင်္ဂလိပ်ကုန်သည်များမှ မြန်မာနယ်အတွင်း လာရောက်ပြီး မြန်မာကုန်သည်များနှင့်အပြိုင် ဝယ်ယူရောင်းနိုင်ခဲ့ကြပါသည်။ နောင်တွင် မြန်မာတောင်သူများထံမှ ဈေးနှိမ်ဝယ် ယူမျိုးမပြုလုပ်နိုင်ရန် ဘုရင်က ကုန်တော်များသတ်မှတ်ပြီး ဈေးနှုန်း ကန့်သတ်၍ သတ်မှတ်ထားသည့် အရေအတွက် ပြည့်မီအောင် ဝယ်ယူရန် နယ်စားပယ်စားများအား တာဝန်ပေးအပ်ပါသည်။ တောင်သူလယ်သမားများနှင့်ပွဲစားများသည် အဆိုပါအရေအတွက် ပြည့်မီအောင် ရောင်းချပေးရပြီး ကုန်တော်အရေအတွက်ကို သတ်မှတ်သည့်အတိုင်းရရှိမှသာ ကျန်ရှိသော ကုန်ပစ္စည်းများကို ပွဲစား ကုန်သည်များအနေဖြင့် လွတ်လပ်စွာ ဈေးသတ်မှတ်ရောင်းဝယ်ကြရပါသည်။ ထိုအခြေအနေတွင် ကုန်ကူးသန်းရောင်းဝယ်ရသည်မှာ အဆင်ပြေမှုမရှိလှသဖြင့် ပွဲစားကုန်သည်ကြီးများက အသနားခံခြင်း၊ တင်ပြလျှောက်ထားခြင်းများကြောင့် ကုန်တော်စနစ်ကို ပယ်ဖျက်ခဲ့သည်ဟု ဆိုသည်။

စာမျက်နှာ - ၁၇ သို့

# တရုတ်နိုင်ငံ၏ ရေထွက်ကုန်ကဏ္ဍကို လေ့လာကြဝယ်

ဒေါက်တာရွှေစင်ကို

တရုတ်နိုင်ငံ၏ရေထွက်ကုန်ဈေးကွက်မှာကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အလျင်မြန်ဆုံး ဖွံ့ဖြိုးလာသည့်ဈေးကွက်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်များမှစ၍ ပြုပြင်ပြောင်းလဲလာခဲ့သည့် တရုတ်နိုင်ငံ၏ ရေလုပ်ငန်းကဏ္ဍသည် ၁၉၇၉ခုနှစ်တွင် ဟက်တာပေါင်း ၂ ဒသမ ၈၆ သန်းမှ ရေထွက်ကုန်တန်ချိန် ၁ ဒသမ ၂၃ သန်းသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း၊ ၂၀၀၂ခုနှစ်တွင် ဟက်တာပေါင်း ၁၃ ဒသမ ၄၅ သန်းရှိလာခဲ့ကာ ရေထွက်ကုန် တန်ချိန် ၁၂ ဒသမ ၁၃ သန်းအထိ ထုတ်လုပ်လာနိုင်ခဲ့ပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၁၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်ကို တွေ့ရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဗျူရို၏စာရင်းအရ ၂၀၁၄ ခုနှစ်တွင် ရေလုပ်ငန်းလုပ်ကိုင်သည့်မူပေါင်း ၁၂၆ သန်းခန့်ရှိလာကာ ရေချိုဖြင့် မွေးမြူသည့်လုပ်ငန်းများက ၇၂ ရာခိုင်နှုန်း၊ ရေငန်ဖြင့် မွေးမြူသည့်လုပ်ငန်းများက ၂၈ရာခိုင်နှုန်းခန့် ပါဝင်သည်။ ၎င်း မွေးမြူရေးလုပ်ငန်းများမှ စုစုပေါင်း ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၆၅ သန်းအထိ ရောက်ရှိခဲ့ကာ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၅ ဒသမ ၄ ရာ ခိုင်နှုန်းခန့်ရှိသည်။ ၎င်းပမာဏမှာ တစ်ကမ္ဘာလုံးမှ စုစုပေါင်း ရေထွက်ကုန်ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံခန့်ရှိသည်။ တရုတ်နိုင်ငံသည် အခွံပါသည့် ရေသတ္တဝါများကို အဓိက ထုတ်လုပ်သည့်နိုင်ငံဖြစ်ကာ စုစုပေါင်း ရေချိုထွက်ကုန် အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်၊ ပင်လယ်ပြင်ငါးမွေးမြူရေး၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။

ရေလုပ်ငန်းကဏ္ဍသည် တရုတ်နိုင်ငံ၏စီးပွားရေးတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ခန့် ပါဝင်ဖြည့်ဆည်းနေပြီး ရာခိုင်နှုန်းအားဖြင့် ၃ ရာခိုင်နှုန်းခန့် ရှိသည်။ တရုတ်နိုင်ငံမှ ပြည်ပသို့ နှစ်စဉ် အမေရိကန်ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိ ရေထွက်ကုန်များကို တင်ပို့လျက်ရှိသည်။တရုတ်နိုင်ငံတွင် စီးပွားရေးနှင့်လူနေမှုအဆင့်အတန်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရာ ရေထွက်ကုန်ကဏ္ဍမှာ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပိုမိုအရေးပါလာသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းနှင့် အနောက်ပိုင်းဒေသများမှာ ဆက်လက်ဖွံ့ဖြိုးလာသဖြင့် ရေထွက်ကုန်ဝယ်လိုအား ပိုမိုများပြားလာဖွယ်ရှိသည်။

## တရုတ်ပြည်တွင်းမှ ရေထွက်ကုန်ထုတ်လုပ်မှုအခြေအနေ

တရုတ်နိုင်ငံရှိ ရေချိုရေငန် ရေထွက်ကုန်များ အများဆုံး ထုတ်လုပ်သည့် ပြည်နယ် ၁၁ခုမှာ ရှန်တုန်း၊ ကွမ်တုန်း၊ ဖူကျန်း၊ ကျဲ့ကျန်း၊ လျိုနင်း၊ ကျင်းစု၊ ဟူပေ၊ ကွမ်ရှီး၊ အန်းဝေ၊ ကျန်းရှီးနှင့်ဟူနန်တို့ဖြစ်ကြကာ တစ်နိုင်ငံလုံးစုစုပေါင်းထုတ်လုပ်သည့် ပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်နေသည်။

တရုတ်နိုင်ငံသည် အရှေ့ဘက်နှင့် တောင်ဘက်တွင် ပင်လယ်များရှိပြီး ဘိုဟိုင်ပင်လယ်၊ အရှေ့တရုတ်ပင်လယ်၊ တောင်တရုတ်ပင်လယ်နှင့်ပင်လယ်ဝါတို့၏ စုစုပေါင်းဧရိယာမှာစတုရန်းကီလိုမီတာ ၃၅ ဒသမ ၄၇ သန်းရှိသည်။ ၎င်းဧရိယာမှာ ရေထွက်ကုန်များကို အများဆုံးထုတ်လုပ်သည့်နေရာများဖြစ်သည်။ နိုင်ငံမြောက်ပိုင်း လျိုနင်းပြည်နယ်ရှိ Yalujiang မြစ်ဝမှ တောင်ပိုင်းရှိ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Beilunhe မြစ်ဝအထိ စုစုပေါင်းကမ်းရိုးတန်းအရှည် ကီလိုမီတာ ၁၈၀၀၀ ရှိသည်။ ၎င်းကမ်းရိုးတန်းတစ်လျှောက် ကျွန်းပေါင်း ၆၅၀၀ ကျော်ရှိပြီး ဒီရေဝင်ရောက်နိုင်သည့် ဧရိယာမှာလည်း ဟက်တာပေါင်း ၁၈ ဒသမ ၈ သန်းခန့်ရှိရာ ရေလုပ်ငန်းကဏ္ဍအတွက် သင့်လျော်သည့်အနေအထားဖြစ်သည်။

တရုတ်နိုင်ငံရှိပင်လယ်ပြင်ငါးဖမ်းဇုန်များမှာ ဘိုဟိုင် (Bohai) ငါးဖမ်းဇုန် ၊ ပင်လယ်ဝါငါးဖမ်းဇုန် (မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့ အပါအဝင်)၊ အရှေ့တရုတ်ပင်လယ်ငါးဖမ်းဇုန် (ကမ်းရိုးတန်းရေပြင်၊ ကမ်းနီးကမ်းဝေးနှင့် ထိုင်ဝမ်ရေပြင်များ အပါအဝင် တောင်တရုတ်ပင်လယ် ငါးဖမ်းဇုန် (ပေပုပင်လယ် Dongsha ကျွန်းများ၊ Xisha ကျွန်းများ၊ Nansha ကျွန်းများ၊ တောင်တရုတ်ပင်လယ် ရေနက်ပိုင်းများ အပါအဝင်) တို့ဖြစ်ကြသည်။ တရုတ်ပင်လယ်ပြင်တွင် မွေးမြူသည့် ရေထွက်ကုန် မျိုးစိတ်ပေါင်း ၃၀၀၀ကျော်ရှိပြီး ၎င်းတို့အနက် စီးပွားရေးအရ အရေးပါသည့် မျိုးစိတ်များမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြသည်-

**ငါး**-ငါးတံခွန်(Hairtail)၊ငါးသင်ဝါအကြီးမျိုး(Great yellow croaker)၊ ငါးသင်ဝါ အသေးမျိုး (small yellow croaker)၊ ငါးကွမ်းရှပ် (chub mackerel)၊ scad ၊ ပစိဖိတ်ငါးသလောက်၊ စပိန် ငါးကွမ်းရှပ် (spanish mackerel) ၊ တရုတ်ငါးသလောက်၊ ငါးမုတ် (pomfet)၊ ဂျပန်ငါးကွမ်းရှပ်၊ငါးရွှေ(conger pike) ၊ S.niphonius ၊ left-eyed flounder၊ right-eyed flounder ၊ ငါးနုသန်း (butter fish) ၊ porgy ၊ ငါးပါးနီ (red snapper) ၊ golden thread ၊ ငါးကြီးဆီထုတ်ယူရသောငါး (cod)၊ black scraper ၊ ငါးသေတ္တာငါး (sardine) ၊ globefish ၊ ငါးမန်း (shark) ၊ ငါးပါးနီ (anchovy )

**Molluscs -** ကင်းမွန်(squid)၊ကင်းမွန်ငါးမျိုး(cuttle fish)၊ ရေဘဲ၊ ယောက် သွား(mussel) ၊ ကမာ ၊ ခုံးကောင်မျိုးများဖြစ်ကြသည့် razor clam ၊ သွေးခုံး (blood clam) နှင့် ရိုးရိုးခုံးကောင်များ (clams) ၊ စားနိုင်သော ပင်လယ်ခရု (abalone) ၊ scallop

**အခွံမာ ရေနေ သတ္တဝါ**- ပုစွန်၊ ကဏန်း၊ Acetes spp Trachyp spp

**မှော်ပင်/ရေညှိ** - ပင်လယ်ကျောက် ကဝတ်ပင်(kelpနှင့် laver စသည်ဖြင့်)

**အခြား**-ပင်လယ်မျှော့(sea cucumber)၊ပင်လယ်သံပချြပ်(sea urchin)၊ ရေခူ

တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ရေသယံဇာတမှာမြစ်များ၊ ရေကန်များ၊ အင်းအိုင်များ၊ ရေလှောင်ကန်များအပါအဝင် စတုရန်းကီလိုမီတာ ၁၇၆၀၀၀ ခန့်ရှိသည်။ ၎င်းအကျယ်အဝန်းအနက် မြစ်များသည် ၃၉ ရာခိုင်နှုန်းခန့်ရှိကာ ရေလုပ်ငန်းအတွက် ထင်ရှားသည့် မြစ်များမှာ ရန်ဇီမြစ်၊ မြစ်ဝါမြစ်၊ လူကျန်း(Lujiang)မြစ်၊ လန်ကန်းကျန်း (Lancangjiang) မြစ်၊ ရာလွန်းဇန်ဘို (Yarlung Zangbo) မြစ်၊ ဟေလုံကျန်းမြစ်၊ လျိုဟယ်(Liaohe)မြစ်၊ ဟိုင်ဟယ်(Haihe)မြစ်၊ ဟွာဟယ်(Huaihe)မြစ်၊ စီကျန်းမြစ်၊ တုမန်ကျန်း (Tumenjiang) မြစ်များ၊ ရလုကျန်း(Yalujiang)မြစ်၊ ကွင်တန်ကျန်း (Qintangjiang)မြစ်၊ မင်ကျန်း(Minjiang)မြစ်နှင့် ဥကျန်း(Oujiang) မြစ်တို့ ဖြစ်ကြသည်။

အထင်ရှားဆုံး ရေချိုရေကန်များမှာ Boyanghu ၊ Dongtinghu၊ Taihu ၊ Hulunci ၊ Hongzehu ၊ Chaohu နှင့်Weishanhu ကန်များဖြစ်ကြကာ အထင်ရှားဆုံး ရေငန်ရေကန်များမှာ Qinghaihu ၊ Namujiehu ၊ Zhalinghu နှင့် Bositenghu ကန်များဖြစ်သည်။ တရုတ်နိုင်ငံ၏ ဧရိယာဟက်တာ နှစ်သန်းခန့်ရှိသော ရေလှောင်တမံ ပေါင်း ၈၃၀၀၀၀က ရေထုထည်၄၅၀ဘီလီယံခန့်ကို သိုလှောင်နိုင်စွမ်းရှိသည်။

ငါးမွေးမြူရေးကန်များဖြင့် မွေးမြူမှုမှာ စုစုပေါင်းကုန်းတွင်းပိုင်းငါးမွေးမြူမှု၏ ၇၅ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိသည်။ ၎င်းအနက် ငါးမွေးကန်များ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ကွမ်တုန်း၊ ကျင်းစု၊ ဟူပေ၊ ဟူနန်၊အန်းဝေ၊ကျန်းရှီးနှင့်ရှန်တုန်းပြည်နယ်များပါဝင်သည့် ရန်ဇီမြစ်နှင့် ပုလဲမြစ်ဝကျွန်းပေါ် ဒေသတစ်လျှောက်တွင် တည်ရှိသည်။ ရေချိုတွင် မွေးမြူသည့် ရေထွက်ကုန်အများဆုံးထွက်ရှိသည့် တရုတ်နိုင်ငံ၏ပြည်နယ်များမှာ ဟူပေ၊ အန်းဝေ၊ ကွမ်ရှီးနှင့်ဟူနန်တို့ဖြစ်ကြသည်။

တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းရှိ ရေလုပ်ငန်းမွေးမြူရေးဇုန်များမှာ အရှေ့မြောက်ပိုင်း ဟေလုံကျန်း၊ ကျိုလင်၊ လျိုနင်းပြည်နယ်များနှင့် အရှေ့ပိုင်းအတွင်း မွန်ဂိုလီးယားပြည်နယ်ရှိ အချို့နေရာများ ပါဝင်သည့်ဇုန်၊ မြစ်ဝါမြစ်နှင့်ဟိုင်ဟဲမြစ်ဝှမ်းရှိ ရှမ်းစီး၊ ဟာပေ၊ တီရန်ကျင်း၊ ပေကျင်း၊ရှန်တုန်းပြည်နယ်များ၊ ဟဲနန်နှင့်ရှန်းစီး၊ နင်းရှကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့်ဂန်းဆုပြည်နယ်များ၏အချို့နေရာများ ပါဝင်သည့်ဇုန်၊ ဟူနန်၊ ဟူပေ၊ ကျန်းရှီး၊ အန်းဝေ၊ ကျင်းစု၊ ကျဲ့ကျန်းနှင့် ရှန်ဟိုင်းတို့အပါအဝင် ရန်ဇီမြစ်အလယ်ပိုင်းနှင့်အောက်ပိုင်းဒေသများ၊ ဟာနန်နှင့် ရှန်းစီးပြည်နယ်များ၏အချို့နေရာများ ပါဝင်သည့်ဇုန် (၎င်းနေရာတွင် တရုတ်နိုင်ငံ၏ အကြီးဆုံးရေကန်ကြီး ငါးကန်ရှိကာ တရုတ်နိုင်ငံ၏အဖွံ့ဖြိုးဆုံး ကုန်းတွင်းရေလုပ်ငန်းဒေသဖြစ်ပါသည်။ အစိုးရပိုင် စီးပွားဖြစ် ငါးမွေးကန်များလည်းရှိသည်။)၊ ကွမ်တုန်း၊ ကွမ်ရှီး၊ ဖူကျန်း၊ ထိုင်ဝမ်တို့ပါဝင်သည့် တောင်ပိုင်းဒေသဇုန် (၎င်းနေရာသည် ဟောင်ကောင်နှင့် မကာအိုတို့နှင့် နီးကပ်စွာ တည်ရှိသဖြင့် ရေချိုငါးအများဆုံး တင်ပို့သည့်ဒေသဖြစ်သည်။)၊ ယူနန်၊ ကွေ့ကျိုး၊ စီချွန်းပြည်နယ်များနှင့် ဟူနန်၊ ဟူပေ၊ ကွမ်ရှီးတို့၏ အချို့နေရာများပါဝင်သည့် အနောက်တောင်ပိုင်းဒေသဇုန်၊ အတွင်းမွန်ဂိုလီးယား၊စင်းကျန်းဝေဂါ၊ နင်းရှဟွေနှင့် ဂန်းဆုတို့ ပါဝင်သည့် Meng-Xin ငါးဖမ်းဇုန် (၎င်းဇုန်အတွင်း ရေငန်ရေကန်များနှင့်ရေလှောင်တမံများတွင် အဓိက မွေးမြူသည်) ချင်းဟိုင်နှင့်တိဘက်ရှိQing-Zang ငါးဖမ်းဇုန်တို့ဖြစ်ကြသည်။

တရုတ်နိုင်ငံမှ စာရင်းဇယားများအရ ပင်လယ်နှင့်ကုန်းတွင်းပိုင်းရှိ ရေပြင်များတွင် ရေချိုငါးမျိုးစိတ်ပေါင်း ၇၀၉ မျိုးနှင့် မျိုးကွဲပေါင်း ၅၈ မျိုးကို မွေးမြူတတ်ကြကာ စီးပွားရေးအရ အရေးပါသည့် မျိုးစိတ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**ငါး**-အနက်ရောင် ငါးကြင်းငါးသိုင်းတစ်မျိုး(black carp)၊ မြက်စားငါးကြင်း (grass carp)၊ ငွေရောင် ငါးကြင်း (silver carp) ၊ ငါးကြင်းခေါင်းပွ (big head carp) ၊ ရိုးရိုးငါးကြင်း (common carp) ၊ crucian carp၊ငါးကြင်းငါးသိုင်းမျိုးဝင် ရေချိုငါးတစ်မျိုး(bream)၊ reeves shad၊ ငါးခူ(cat fish) ၊ ငါးသလောက်တစ်မျိုး(rainbow trout) ၊ ဆော်လမွန်ငါး (salmon) ၊ ငါးနီတူ/ ငါးမြွေထိုး အသေးတစ်မျိုး (white bait) ၊ ကဘလူး (mullet)၊ မန်ဒရင်းငါး (mandarin fish)၊ ငါးပြေမ (perch)၊ ငါးကြင်း (sturgeon)၊ ငါးရံ့ (murrel) ၊ သင်းခွေချပ် (pangolin)

**Molluscs** - ရေချိုယောက်သွားများ ၊ ဂုံးကောင်များ ၊ ခရုများ

**အခွံမာရေနေသတ္တဝါ** - ရေချိုပုဇွန်၊ မြစ်ကဏန်းများ

**ရေနေအပင်** - ကြာ၊ ကျွဲခေါင်းသီး၊ gorgon euryale

**အခြား** - လိပ်ခွံပျော့၊ ဖား

**(ဆက်လက်ဖော်ပြပါမည်။)**

---

**စာမျက်နှာ - ၁၆မှ အဆက်**

ကုန်ကူးသန်းရောင်းဝယ်ရာတွင် အဓိကအားဖြင့် ရေကြောင်းကို အသုံးပြုခဲ့သဖြင့် ကတ္တူလှေကြီးများကို အသုံးချခဲ့သည်သာမက မီးသင်္ဘောများကိုပါ သုံးစွဲ၍ကုန်သွယ်ခဲ့ကြသည်။ ဦးဘိုးကြည်၏မှတ်တမ်းများအရ အထက်မြန်မာမင်းပိုင် မီးသင်္ဘော ၁၇ စင်းကို သုံး၍လည်း ကုန်သွယ်ခဲ့ကြောင်း သိရသည်။ အင်္ဂလိပ်ဘက်မှလည်း မီးသင်္ဘောအများအပြားကိုသုံး၍ ကုန်သွယ်ခဲ့ကြောင်းသိရသည်။ ဟင်ဒါဆန်ဆိုသူက ပင်လယ်ကူးနှင့် မြစ်တွင်း သွားသင်္ဘောများဖြင့် ဟင်ဒါဆန်ကုမ္ပဏီကို ထူထောင်ပြီး ကုန်သွယ်နေရာမှ ဧရာဝတီ ဖလုပ်တီလာကုမ္ပဏီ Irrawaddy Flotilla Co, Ltd. ကို ၁၈၇၂ ခုနှစ်တွင် ထပ်မံ ထူထောင်ပြီး ဧရာဝတီမြစ်အတွင်း ကုန်သွယ်မှုပြုခဲ့သည်ကိုတွေ့ရသည်။ နောက်ပိုင်းတွင် မြန်မာဘုရင် မင်းတုန်းမင်းထံမှ ခွင့်ပြုချက်ရယူပြီး ဗန်းမော်အထိ တစ်လတစ်ကြိမ် သင်္ဘောဖြင့် ကုန်သွယ်ခဲ့သည်ဟု သိမြင်ရသည်။

### pavrSuk onfu;DDbkunf

အင်္ဂလိပ်-မြန်မာ ဧရာဝတီမြစ်အတွင်း မင်းလှကျောက်တိုင်ကို အခြေပြု၍ နယ်စပ်ကုန်သွယ်မှုအဖြစ် ပြုခဲ့သည့် ထိုအချိန်၁၈၅၂ခုနှစ်နောက်ပိုင်းတွင် စလေမြို့သည် ရှားစေး၊ ထန်းလျက်နှင့် ပဲမျိုးစုံ ရောင်းဝယ်ကြခြင်းဖြင့် စည်ပင်ဖွံ့ဖြိုးခဲ့ကြောင်း သိရသည်။ ထိုအချိန်က စလေမြို့သည် မြို့ဝန်မင်းအုပ်ချုပ်သည့် မြို့ဖြစ်ခဲ့ပြီး အနောက်ဘက် ယောနယ်တစ်ကြောမှ ကုန်စည်များကိုလည်း ရောင်းဝယ်ဖောက်ကားခဲ့ရာ မြို့ဖြစ်ခဲ့သည်။ စလေမြို့တွင် ကုန်သည်ကြီး ဦးဘိုးကြည်သည် အောက်မြန်မာနိုင်ငံသို့ လှေသင်္ဘောများဖြင့် ကုန်ကူးသန်းရောင်းဝယ်ခဲ့သည့် ကုန်သည်ကြီး တစ်ဦးဖြစ်သည်ကိုတွေ့ရသည်။ ဦးဘိုးကြည်၏ ကုန်သွယ်မှုများနှင့်ဆက်စပ်သည့် စာများကို ဦးဘိုးကြည် တည်ဆောက်လှူဒါန်းခဲ့သော စလေ ရုပ်စုံကျောင်းတွင် တွေ့ရသည်ဟု သိရသည်။ စလေရုပ်စုံကျောင်းသည်ကျောင်းရှိ ပန်းပုရုပ်စုံများဖြင့် ယခုတိုင် ထင်ရှားသော ဘုန်းကြီးကျောင်းတစ်ခုဖြစ်ပြီး ကုန်သည်ကြီး ဦးဘိုးကြည်နှင့်ဇနီး ဒေါ်ရွှေသက်တို့က ၁၈၈၂ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၈၉၂ခုနှစ်တွင် ပြီးစီးလှူဒါန်းခဲ့ကြောင်း သိရသည်။ ဦးဘိုးကြည်သည် စလေနယ်တစ်ကြောတွင် အကြီးမားဆုံး ကုန်သည်ကြီးထဲမှ တစ်ဦးဖြစ်သည်။ သူသည် ထိုနယ်တစ်ကြောတွင် ထင်ရှားပြီး အင်္ဂလိပ်နယ်ဘက်ဖြစ်သော အောက်မြန်မာနိုင်ငံသို့ ကုန်တင်ပို့ရောင်းဝယ်ရာတွင်လည်း အစောဆုံးကုန်သွယ်သူထဲတွင် ပါဝင်သည်ကိုထောက်၍ နယ်စပ်ကုန်သွယ်မှုအစ ဦးဘိုးကြည်ကဟုပင် ဆိုနိုင်ကြောင်း ဆရာဦးမောင်မောင်လတ်၏ လက်ရေးစာမူ “စလေပန်းပုရုပ်စုံ ကျောင်းဒါယကာ ဦးဘိုးကြည်၊ ရတနာပုံခေတ် နယ်စပ်ကုန်သွယ်ရေး ပုရပိုက်မှတ်တမ်းများ”ဟူသော စာအုပ်တွင် ဖတ်ရှုရပါသည်။

သို့ဖြစ်၍ မြန်မာကုန်သည်များသည် ရတနာပုံ ကုန်းဘောင်ခေတ်တွင် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေပြီဟု ဆိုနိုင်ပါသည်။ ထိုအချိန်က လယ်ယာထွက်ကုန်များနှင့် သစ်တောထွက်ပစ္စည်းတွင် ပါဝင်သော ရှားစေးတို့သည် မြန်မာ့ပြည်ပပို့ကုန်များဖြစ်ကြသည်ကို တွေ့နိုင်ပါသည်။ နယ်စပ်ကုန်သွယ်ရေးကို အခွန်အကောက်များကောက်ခံပြီး ဆောင်ရွက်ခဲ့သည့်စနစ်များကိုလည်းလေ့လာတွေ့ရှိရပါသည်။ တစ်ခေတ်တစ်ခါက နယ်စပ်ကုန်သွယ်မှု ပြုလုပ်ပုံများကို အကျဉ်းမျှ တင်ပြအပ်ပါသည်ခင်ဗျား။



# လျှပ်စစ်ယာဉ် အစီးရေ ၃၀၀၀ ခန့် တင်သွင်းခွင့်ပြုထား

စက်မှုဝန်ကြီးဌာနက အငှားယာဉ် (Taxi) နှင့် ဘတ်(စ်) ကားများ ပါဝင်သည့် လျှပ်စစ်ယာဉ် (EVs) အစီးရေ ၃၀၀၀ ခန့်ကို ပထမအဆင့်အနေဖြင့် နိုင်ငံအတွင်း တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိတွင် EV ကား အစီးရေ ၁၁၀ ကျော် တင်သွင်းထားပြီး မကြာမီကာလအတွင်း ကားအစီးရေပိုမိုရောက်ရှိလာမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ် ၈ ရက်တွင် ပြောသည်။

“EV မူဝါဒကို ရေးဆွဲထားပြီးသားပါ။ အခု မတ်လမှာ မိတ်ဆက်သွားဖို့ ရှိပါတယ်။ လက်ရှိမှာလည်း EV တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှု သိသိသာသာ လျှော့ချလိုက်တာကြောင့် လျှပ်စစ်ယာဉ်တင်သွင်းခြင်းနဲ့ ဝယ်ယူခြင်းတွေမှာ လူအများရဲ့ စိတ်ဝင်စားမှု မြင့်တက်လာပါတယ်”ဟု ၎င်းက ပြောသည်။

“တရုတ်နိုင်ငံထုတ် EV တွေက တင်သွင်းဖို့ အကြံပြုထားတဲ့ ကားတွေပါ။ တရုတ် EV တွေက ကမ္ဘာတစ်ဝန်းမှာ အောင်မြင်နေပါတယ်။ ဒါကြောင့် တရုတ်ကားတွေ တင်သွင်းဖို့ အားပေးနေပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “လျှပ်စစ်မော်တော်ယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းကော်မတီ” ကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် CBU၊ CKD၊ SKDစနစ်များဖြင့် တင်သွင်းမည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသည့် အခွန်နှုန်းထားများကို သုည ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်ခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ ရှေ့ပြေး EV စီမံကိန်း ဖော်ဆောင်မှုအရ လက်ရှိတွင် တရုတ်နိုင်ငံထုတ် ဘက်ထရီလျှပ်စစ်ကား (BEV) များကို ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်ကာ တင်သွင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

## နိုင်ငံခြားငွေဖြင့် အခွန်ဆောင်ရသူများ နိုင်ငံပိုင်ဘဏ်များတွင်သာ ငွေစာရင်းဖွင့်လှစ်ပေးသွင်းရမည်

နိုင်ငံခြားငွေဖြင့် အခွန်ပေးဆောင်ရသူများအနေဖြင့် နိုင်ငံပိုင်ဘဏ်များတွင်သာ ငွေစာရင်းဖွင့်လှစ်ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

မြန်မာ့စီးပွားရေးဘဏ်(MEB) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)မြန်မာ့နိုင်ငံခြားကုန်သွယ်မှု (MFTB)စသည့် နိုင်ငံပိုင်ဘဏ်များတွင်သာ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ပြီး အခွန်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခွန်ပေးဆောင်ရသူများအနေဖြင့်ပုဂ္ဂလိကဘဏ်နှင့်နိုင်ငံခြား ဘဏ်ခွဲများတွင် ငွေစာရင်းဖွင့်လှစ်ထားပါက အခွန်ဆောင်ရမည့်နိုင်ငံခြားငွေကို ကျပ်ငွေအဖြစ် လဲလှယ်ခြင်းမပြုစေဘဲ မြန်မာ့စီးပွားရေးဘဏ် (MEB) ထံရရှိသည့်နိုင်ငံခြားငွေအတိုင်း လွှဲပြောင်းပေးရမည်ဖြစ်ကြောင်းသိရသည်။ ကျသင့်အခွန်ပေးချေသည့်နေရာတွင် နိုင်ငံသားနှင့်နိုင်ငံခြားသား (ပြည်တွင်းနေ)ဖြစ်ပါက ဗဟိုဘဏ်၏သတ်မှတ်ငွေလဲနှုန်းနှင့် နိုင်ငံခြားငွေမှ ကျပ်ငွေကို ဖလှယ်ရမည်ဖြစ်ပြီး ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစား(နိုင်ငံခြားငွေ)နှင့် အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားကြောင်း သိရသည်။

AD လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေရရှိသူများ ပေးဆောင်ရမည့် အခွန်ငွေကို မြန်မာကျပ်ငွေတန်ဖိုးသင့်ပြီး Payment Order ထုတ်ပေးခြင်းအစား မြန်မာ့စီးပွားရေးဘဏ်ထံ ပြည်ပအဆက်အသွယ်ဘဏ်များကတစ်ဆင့် Nestro Based Transfer ဖြင့် SWIFT Code – MYEBMMMY အသုံးပြုလွှဲပို့ရမည်ဖြစ်ကြောင်း သိရသည်။

SWIFT နှင့် ငွေလွှဲပို့သည့်နေရာတွင် ကျသင့်သည့် SWIFT Charges ကို အခွန်ပေးဆောင်ရသူက ကျခံရမည်ဖြစ်သောကြောင့် SWIFT Charges အတွက် ပေးချေရမည့် ငွေကြေးကို ကန်ဒေါ်လာ သို့မဟုတ် ယူရိုငွေနှင့် ကောက်ခံရန် ညွှန်ကြားထားကြောင်း သိရသည်။

ဝန်ကြီးဌာနများရရှိသည့် နိုင်ငံခြားငွေများ ပုဂ္ဂလိကဘဏ်နှင့် နိုင်ငံခြားဘဏ်ခွဲများထံ ဝင်ရောက်မည်ဆိုပါက ရရှိသည့် ငွေစာရင်းအတိုင်း နိုင်ငံပိုင်ဘဏ်များထံ လွှဲပြောင်းပေးပြီး ဘဏ်မှနေ၍ အစိုးရဌာနများထံ ငွေပေးအမိန့်လွှာ(Payment Order) ထုတ်ပေးကာ ဌာန၏ ငွေစာရင်းသို့ ပေးသွင်းစေမည်ဖြစ်ကြောင်း ဗဟိုဘဏ်၏ညွှန်ကြားချက်တွင် ဖော်ပြပါရှိသည်။

## မရမ်းခြံ ဆိပ်ကမ်းမှ ဆန်နှင့် ကြက်သွန်နီ တင်ပို့သည့် ကုန်တင်သင်္ဘောအစင်းရေ များပြားလာ


မန္တလေးမြို့ရှိ ဧရာဝတီမြစ် သင်္ဘောဆိပ်ကမ်းတစ်ခုဖြစ်သည့် မရမ်းခြံဆိပ်ကမ်းမှ ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစင်းရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

အဆိုပါဆိပ်ကမ်းမ သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်သို့ ဆန်နှင့် ကြက်သွန်နီများ တင်ပို့နေခြင်းဖြစ်ပြီး မတ်လ ၁ ရက်မှစ၍ ကုန်ပစ္စည်းတင်ပို့သည့် သင်္ဘောအစင်းရေ တိုးတက်များပြားလာခြင်းဖြစ်သည်။ ယင်းမြို့နယ်များသို့ ကုန်တင်ပို့သည့် သင်္ဘောအစင်းရေမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က အစင်းရေ ၅၀ ကျော်သာရှိခဲ့သော်လည်း မတ် ၁ ရက်မှစတင်ကာ ကုန်တင်သင်္ဘောအစင်းရေ ၈၀ ကျော်အထိ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါမြို့နယ်များသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် အပါအဝင် အဝတ်အထည်နှင့် အထည်အလိပ် တင်ပို့သည့် ကုန်တင်သင်္ဘောအစင်းရေမှာ ၂၀၀ ကျော်အထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ထိုဆိပ်ကမ်းသည် ခရီးသည် လိုက်ပါစီးနင်းမှု များပြားသည့်အပြင် ကုန်စည်တင်ပို့မှု အားကောင်းသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်



# ကမ္ဘာ့ရော်ဘာဈေး တက်၍ ပြည်တွင်းရော်ဘာဈေး ပြန်တက်

ကမ္ဘာ့ရော်ဘာဈေး မြင့်တက်နေမှုကြောင့် ပြည်တွင်း ရော်ဘာဈေး ပြန်လည်မြင့်တက်လာပြီး လက်ရှိတွင် ပြည်တွင်းရော်ဘာထွက်နှုန်း၏ ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ဝယ်ယူနေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁၇၅၀ ဖြစ်ပြီး လက်ရှိတွင် အမေရိကန်ဒေါ်လာ ၁၈၀၀ အထိ မြင့်တက်လာကာ ပြည်တွင်းရော်ဘာဈေးမှာ ယခင်က တစ်ပေါင်လျှင် ၁၃၅၀ ကျော်အထိရှိသော်လည်း လက်ရှိတွင် တစ်ပေါင် ၁၄၀၀ ကျပ်ပေါက်ဈေးရှိနေကြောင်း သိရသည်။

“လက်ရှိပြည်တွင်းကထွက်တဲ့ ရော်ဘာကို တရုတ်က အများဆုံးဝယ်နေတယ်။ တရုတ်နိုင်ငံမှာက ကုန်ကြမ်း အသုံး ပြုတာများပြီး ကုန်ချောထုတ်လုပ်တာလည်း များနေတော့ ရော်ဘာ ဝယ်လိုအား များတယ်။ မြန်မာကတင် မဟုတ်ဘူး၊ တခြားနိုင်ငံတွေဆီကလည်း အများအပြားဝယ်တယ်။ နိုင်ငံတကာ ရော်ဘာဈေးက ပြီးခဲ့တဲ့တစ်ပတ်လောက်ကတည်းက တက်လာတော့ ပြည်တွင်းဈေးလည်း ပြန်တက်လာတယ်”ဟု ရော်ဘာအသင်းမှ တာဝန်ရှိသူတစ်ဦးက မတ် ၈ ရက်တွင်ပြောသည်။ ပြည်တွင်းရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ် မူတည်၍ ဈေးအတက်အကျဖြစ်ပေါ်နေခြင်းဖြစ်ပြီး လက်ရှိ ပြည်ပလိုအပ်ချက်များပြားကာ အဝယ်လိုက်နေခြင်းကြောင့် ကမ္ဘာ့ရော်ဘာဈေးနှုန်းမြင့်တက်နေခြင်းဖြစ်သည်ဟုဆိုသည်။

ယခုနှစ်တွင် ပြည်ပသို့ တန်ချိန် သုံးသိန်းခန့်အထိ တင်ပို့ရန်လျာထားပြီး ယခင်နှစ်များထက် တင်ပို့မှုလျော့ကျနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာတန်ချိန် ၁၃၈၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၂၂၉၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့နေခြင်းဖြစ်ကာ အင်ဒိုနီးရှား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ရော်ဘာ တစ်နိုင်ငံလုံးစိုက်ဧက တစ်သန်း ခြောက်သိန်းလေးသောင်းကျော်အထိရှိကြောင်း သိရသည်။

# "မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအတွက် တရုတ်နိုင်ငံက ကြီးမားတဲ့ စျေးကွက်ဖြစ်ပါတယ်"

## မြန်မာနိုင်ငံဆိုင်ရာ Embassy of the People's Republic of China မှ Economic & Commerical Counsellor Tan Shufu နှင့် တွေ့ဆုံမေးမြန်းခြင်း

မြန်မာနှင့် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့်အလျောက် မြန်မာပြည်တွင်းသို့ တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများအပြား ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ယင်းအပြင် ၂၀၂၃ ခုနှစ်တွင်လည်း တရုတ်နိုင်ငံထုတ် အီးဗွီလျှပ်စစ်ကားများ ပြည်တွင်းဈေးကွက်သို့ တွင်တွင်ကျယ်ကျယ် ဝင်ရောက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု မတိုင်ခင်က ပြည်တွင်းသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှုတွင်လည်း တရုတ်ခရီးသွားဧည့်သည်ဝင်ရောက်မှု အများဆုံးဖြစ်ခဲ့ရာ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ ခရီးသည်ဝင်ရောက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ Embassy of the People's Republic of China မှ Economic & Commerical Counsellor Tan Shufu နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။



**မြန်မာနိုင်ငံက ဘယ်လိုအထင်ကရနေရာတွေက တရုတ်ခရီးသည်တွေကို အဓိက ဆွဲဆောင်နေပါသလဲ။**

မြန်မာနိုင်ငံဟာ ခရီးသွားလာရေးနဲ့ပတ်သက်ပြီး အင်မတန် ကြွယ်ဝလှပါတယ်။ ပြောရရင်တော့ ရန်ကုန်၊ မန္တလေးပေါ့။ နောက် မြန်မာပြည်ရဲ့ ရှုခင်းလှပတဲ့ ကမ်းခြေတွေပေါ့။ တရုတ်နိုင်ငံရဲ့ ကိုဗစ်(၁၉) ကာကွယ်ထိန်းချုပ်ရေး ပေါ်လစီ ညှိနှိုင်းပြောင်းလဲခြင်းနဲ့အညီ ကွာရန်တင်းဖျက်သိမ်းခဲ့ပါတယ်။ တရုတ်ခရီးသည်တွေအနေနဲ့ အနာဂတ်မှာ ပိုမိုမျှတတဲ့မြန်မာနိုင်ငံကို လာရောက်သင့်တယ်လို့မြင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအတွက် တရုတ်နိုင်ငံက ကြီးမားတဲ့ဈေးကွက် ဖြစ်ပါတယ်။ ခရီးသွားလာရေး ဈေးကွက်က ကြီးမားတဲ့ဈေးကွက်တစ်ခု ဖြစ်တယ်လို့ မြင်နိုင်ပါတယ်။ လူအဝင်အထွက် စာရင်းအရ ကိုဗစ်(၁၉)မဖြစ်ပွားခင် ၂၀၁၉ ခုနှစ်ရဲ့ ပထမခြောက်လကာလအတွင်းမှာ တရုတ်ခရီးသည် အရေအတွက် သုံးသိန်းနှစ်သောင်း မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ အဲဒီအရေအတွက်ဟာ မြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားခရီးသည်ရဲ့ သုံးပုံတစ်ပုံကျော်ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုက ခရီးသွားဈေးကွက်ကို တော်တော်လေးထိခိုက်ပါတယ်။ ခရီးသွားလာရေးလုပ်ငန်း တိုးတက်ဖို့ ပထမဆုံးက လုံခြုံရေးဖြစ်ပါတယ်။ တရုတ်ခရီးသည်တွေ မြန်မာနိုင်ငံကိုလာရောက်တဲ့အခါ လုံခြုံရေးအတွက် အလေးထားဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။လုံခြုံရေးအန္တရာယ်မရှိသင့်ပါဘူး။ မြန်မာနိုင်ငံအနေနဲ့ တရုတ်ဘာသာစကားပြော ဧည့်လမ်းညွှန်တွေ၊ တရုတ်ဘာသာစကားနဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ ထားရှိဖို့ လိုအပ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ခရီးသွားပြပွဲတွေမှာလည်း ဒေသခံပြည်သူတွေကို ဆွဲဆောင်သင့်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ ခရီးသွားလာရေး အခြေခံအဆောက်အအုံ မလုံလောက်သေးပါဘူး။ခရီးသွားလာရေးဝန်ဆောင်မှု အရည်အသွေး မြင့်မားဖို့အတွက် မြန်မာနိုင်ငံက ခရီးသွား activity ပိုမိုဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံကို တရုတ်ခရီးသည်တွေ သွားရောက်ကြပါတယ်။ ပင်လယ်ကမ်းခြေ ရှုခင်းတွေကလည်း မြန်မာနိုင်ငံက ထိုင်း၊ ကမ္ဘောဒီးယားတို့နဲ့ ဆင်တူပါတယ်။ မြန်မာနိုင်ငံက ထူးခြားမှုရှိတဲ့ နေရာလေးတွေကတော့ ဗုဒ္ဓဘာသာယဉ်ကျေးမှု ခရီးစဉ်တွေဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုခရီးစဉ်တွေ ပိုမိုများပြားတဲ့အတွက် တရုတ်ခရီးသည်တွေကို ပိုမိုဆွဲဆောင်နိုင်ပါတယ်။

**တရုတ်ကုမ္ပဏီတွေအနေနဲ့ CMP လုပ်ငန်းအပြင် အခြား ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံသွားဖို့ ရှိပါသလဲ။**

CMP လုပ်ငန်းဆိုရင် တရုတ်နိုင်ငံက CMP လုပ်ငန်းကုမ္ပဏီတွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးပါတယ်။ ရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီ လေးရာကနေ ငါးရာလောက်ထိရှိပြီး မြန်မာဝန်ထမ်း လေးသိန်းလောက်ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်း အများကြီးဖန်တီးပေးနိုင်ပြီးတော့ မြန်မာလုပ်သားတွေအတွက်လည်း ဝင်ငွေများစွာ ဖန်တီးပေးလျက်ရှိပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံမှာက လုပ်သားတွေရဲ့ လစာက များပါတယ်။ ဒါကြောင့် တရုတ်ကုမ္ပဏီများက မြန်မာပြည်ကို လာရောက်ရင်းနှီးမြှုပ်နှံချင်နေပါတယ်။ မြန်မာနိုင်ငံကလည်း သယ်ယူပို့ဆောင်ရေးနဲ့ အလုပ်သမား အားသာချက်ရှိပါတယ်။ ဒါကြောင့် တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီး လုပ်ဆောင်ချင်နေပါတယ်။ အထက်ဖော်ပြတဲ့ တရုတ်ကုမ္ပဏီတွေက ချုပ်ပြီးသားအကျီ၊ ဦးထုပ်၊ ဖိနပ်၊အိတ်တွေ ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ ဖြစ်ကြပါတယ်။ အဲဒီ ကုန်ပစ္စည်းတွေကိုလည်း အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံရဲ့ ဈေးကွက်ဝင်ရောက်ခဲ့ပါတယ်။ တချို့ကုန်ပစ္စည်းတွေက တန်ဖိုးသိပ်ကြီးပါတယ်။ အဲဒီထုတ်လုပ်မှုစက်ရုံက ရန်ကုန်၊ ပုသိမ်၊ မန္တလေး စက်မှုဇုန်မှာ၊ နေပြည်တော်မှာ တည်ရှိပါတယ်။ ကိုဗစ်(၁၉) ဖြစ်ပွားပြီးတဲ့နောက် မြန်မာနိုင်ငံရဲ့

### တိပ္ပ

နိုင်ငံရေး အခြေအနေ ပြောင်းလဲပြီးနောက် CMP လုပ်ငန်းရဲ့ အခြေအနေကလည်း ပြောင်းလဲသွားခဲ့ပါတယ်။ တရုတ်သံရုံးကလည်း CMP လုပ်ငန်းတွေကို အများကြီး အကူအညီပေးခဲ့ပါတယ်။ ကိုဗစ်(၁၉) အစောပိုင်းမှာလည်း CMP ကုမ္ပဏီများက တခြားနိုင်ငံက ကုန်ကြမ်းပစ္စည်း တင်သွင်းဖို့ တရုတ်နိုင်ငံအစိုးရက လေယာဉ်ငှားရမ်းပေးခဲ့ပါတယ်။ နောက်ပြီးတော့လည်း သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တရုတ်သံရုံးက မြန်မာနိုင်ငံရဲ့ အစိုးရ၊ ကုန်သည်ကြီးများအသင်းတို့နဲ့ ညှိနှိုင်းဖြေရှင်းပေးခဲ့ပါတယ်။ အဲဒီကုမ္ပဏီများက ထုပ်ပိုးတဲ့လုပ်ငန်းတွေ ပါပါတယ်။ CMP လုပ်ငန်းကို တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံမှာ လုံခြုံရေးဘေးအန္တရာယ် ရင်ဆိုင်ပြီးတော့ လုပ်ဆောင်နေရလျက်ရှိပါတယ်။ မြန်မာနိုင်ငံက တရုတ်ကုမ္ပဏီများရဲ့ လုံခြုံရေးအာမခံကို အလေးထားဖို့ မျှော်လင့်ပါတယ်။ ရန်ကုန်မြို့မှာလည်း လုံခြုံရေးအန္တရာယ် ရှိပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ တရုတ်ကုမ္ပဏီများကလည်း လုံခြုံရေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။

**တရုတ်နိုင်ငံအနေနဲ့ မြန်မာပြည်ကို အီးဗွီလျှပ်စစ်ကား ဖြန့်ဖြူးရေးဈေးကွက်တစ်ခုအဖြစ် ရှုမြင်ပါသလား။**

တရုတ်နိုင်ငံက အီးဗွီကားထုတ်လုပ်မှုနဲ့ တင်ပို့မှုက ကမ္ဘာပေါ်မှာ ဈေးကွက်ကြီးမားပါတယ်။ သံရုံးအနေနဲ့လည်း မြန်မာနိုင်ငံမှာ အီးဗွီကား ဖွံ့ဖြိုးတိုးတက်ဖို့ ထောက်ခံပါတယ်။ အီးဗွီကားတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနိုင်ငံအစိုးရက ဒါနဲ့ ပတ်သက်တဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးရေးအတွက် အားပေးရမှာဖြစ်ပါတယ်။

# သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန်မြို့ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ MSMEs လုပ်ငန်းရှင်များအတွက် နည်းပညာပံ့ပိုးနေမှုများ၊ နိုင်ငံတကာ ဈေးကွက်တွင် မြန်မာ့ထုတ်ကုန်များ အရည်အသွေးမီ တင်ပို့ရောင်းချလိုသည့် ကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သွားရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူဖြူဝင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာသုတေသနဗဟိုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းနိုင်၊ အမျိုးသားဓာတ်ခွဲခန်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းထွန်းမိုးနှင့် သက်ဆိုင်ရာဌာနမှူးများ တက်ရောက်ခဲ့ကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း၊ မြန်မာ့ထုတ်ကုန်များအတွက် စံချိန်စံညွှန်းများရေးဆွဲခြင်း အကြောင်းအရာများနှင့် အစားအစာ တီထွင်ဆန်းသစ်မှုဌာနမှ ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနှင့် MSMEs လုပ်ငန်းရှင်များအတွက် နည်းပညာပံ့ပိုးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် အဖွဲ့ဝင်များက MSMEs လုပ်ငန်းရှင်များနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ထူးချွန်ဆုရသည့် လုပ်ငန်းရှင်များကို ကုန်စည်ပြပွဲများ၌ ပါဝင်ပြသရန် ကုန်ကြမ်းရှိပြီး ဈေးကွက်ဝယ်လိုအား ရှိသော်လည်း ဈေးကွက်ဝင်ရောက်ရန် နည်းပညာများ ရယူလိုသည့် ကုမ္ပဏီများနှင့် ဆက်လက်ချိတ်ဆက်ပေးမည့် အစီအစဉ်များ၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့နောက် အမျိုးသား စံချိန်စံညွှန်းနှင့် အရည်အသွေးဌာန၊ ဓာတုနည်းပညာသုတေသနဗဟိုဌာန၊ အစားအစာတီထွင်ဆန်းသစ်မှုဌာန၊ အမျိုးသားဓာတ်ခွဲခန်းနှင့် တိကျစွာတိုင်းတာခြင်း နည်းပညာဌာနများသို့ လေ့လာကြည့်ရှုခဲ့သည်။

**MMS**

# သံပရာပင်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်

ဝေဝေမင်း(ပြည်)

သံပရာပင်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးကြသလို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်တွင်လည်း အများအပြား စိုက်ပျိုးကြသည်။ ပြည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသလို စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။ သံပရာသီးကို လူအများ အသုံးပြုကြသဖြင့် စိုက်ပျိုးမှုများပြားလာသည်။

## oy&myifpdkufysKd;ykHenf;

သံပရာပင်ကို အများအားဖြင့် အစေ့ကိုစိုက်ပျိုး၍လည်းကောင်း၊ မြေထုပ်စည်း၍လည်းကောင်း စိုက်ပျိုးကြသည်။ မြေထုပ်စည်း၍ စိုက်ပျိုးခြင်းဖြင့် အပင်ကြီးထွားမှုနှုန်းမြန်၍ အသီးသီးရာတွင်လည်း မြန်ကြောင်းသိရသည်။ သံပရာပင်မှာ နှစ်ရှည်သီးပင်ဖြစ်၍ မြန်မာသံပရာမျိုးသည် ရေမြေရာသီဥတုအပေါ် မူတည်ပြီးအောင်မြင်ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် သံပရာပင်ကို မိုးရာသီဖြစ်သော ဇွန်လနှင့် ဇူလိုင်လတွင်စိုက်ပျိုးနိုင်ပြီး ရေပေးသွင်းနိုင်ပါက နှစ်ပတ်လည် စိုက်ပျိုးနိုင်သည်။ သံပရာပင်ကို နေ့စဉ် ရေလောင်းပေးနိုင်ပါက တစ်နှစ်ပတ်လုံး အသီးများ သီးနိုင်သည်။

သံပရာပင်စိုက်ပျိုးရာတွင် တစ်ပင်နှင့် တစ်ပင် ၁၅ ပေခန့်ခွာ၍စိုက်ပျိုးမှသာ အသီးများစွာ သီးနိုင်သည်။ တစ်ဧကလျှင် သံပရာပင်ပေါင်း ၂၅၀-၃၀၀ ခန့်အထိ စိုက်ပျိုးနိုင်သည်။ သံပရာသီးမှာ မိုးသံပရာနှင့် နွေသံပရာဟူ၍ နှစ်မျိုးရှိပြီး မိုးရာသီတွင် သီးသော သံပရာသီးမှာ အလုံးချောပြီး သီးအားကောင်း၍ နွေသီးမှာ အလုံးအနည်းငယ်သေး၍ သီးနှုန်းအားနည်းသည်။ မိုးသံပရာသီးကို မိုးလများဖြစ်သော ဇွန်လမှ အောက်တိုဘာလအထိ အသီးအလှိုင်ဆုံးအချိန်ဖြစ်သည်။ သံပရာပင်စိုက်ပျိုးပြီး (၄-၅)နှစ်အကြာတွင် အသီးများ စတင် ခူးဆွတ်ရသည်။ သံပရာပင် တစ်ပင်လျှင် ပျမ်းမျှအသီးလုံးအပေါင်းမှာ အသီးအားကောင်းလျှင် ကောင်းသလို (၄၀-၅၀)လုံးခန့် သီးသည်ဟု သိရသည်။

## oy&myifwpf{updkufysKd;xkwfvkyfukefusp&dwfESifh tusKd;tjrwf

သံပရာပင်တစ်ဧက စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်မှာမိသားစုလုပ်အားခပါလျှင် (၄-၅)သိန်းခန့် ကုန်ကျပြီး မိသားစု လုပ်အားခမပါလျှင် (၆-၇)သိန်းခန့် ကုန်ကျသည်ဟု သိရသည်။ မိုးသံပရာသီးမှာ အသီးလုံးချောပြီး သီးအားကောင်းသောကြောင့် ဈေးမှာ တစ်လုံးလျှင် (၅၀-၆၀)ကျပ်ခန့်ဈေးရှိ၍ နွေရာသီတွင် သီးသော သံပရာသီးမှာ အသီးလုံးညှက်ပြီး မိုးသံပရာလောက် မသီးသော်လည်း ဈေးနှုန်းမှာ တစ်လုံးလျှင် ကျပ် (၁၅၀-၂၀၀)ခန့်ရှိသည်။ သံပရာ စိုက်ပျိုးသော တောင်သူများအနေဖြင့် တစ်ဧက စိုက်ပျိုးထားလျှင် အသီးများ စတင်သီးချိန်မှစ၍ တစ်နှစ်ပတ်လုံး ဝင်ငွေများရရှိပြီး တစ်လလျှင် ပျမ်းမျှ ဝင်ငွေမှာ ကျပ်ငါးသိန်းဝန်းကျင်ခန့်ရရှိသည်ဟု သိရသည်။

## oy&moD;ESifh usef;rma&;

သံပရာသီးစားသုံးခြင်းဖြင့် သွေးတွင်းရှိ အဆီများ ကျဆင်းစေပြီး သွေးတိုးလည်းကျစေသည်။ သံပရာသီးကို တိုင်းရင်းဆေး ထုတ်လုပ်ရာတွင် အသုံးပြု၍ရသလို အစာမကြေ၊လေနာ၊သလိပ်နာရောဂါများအပြင် ရောဂါအတော်များများလည်း ပျောက်ကင်းစေသည်။ သံပရာသီး စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက်သာမက အလှအပရေးရာအတွက်လည်း အထောက်အကူပြုသည်။ သံပရာသီးအခွံကို ဆားဖြင့်ရော၍ သွားများကိုတိုက်ပေးပါက သွားများဖြူဖွေးစေသည်။ တံတောင်ဆစ်မည်းနေလျှင်လည်း သံပရာသီးကို ထက်ခြမ်းခြမ်း၍ ပွတ်ပေးပါက မည်းနေတာများ ပျောက်ကင်းသလို ဆံပင်ကျွတ်လျှင် အုန်းဆီထဲသို့ သံပရာရည်ရောကာ တစ်ပတ်လျှင် တစ်ကြိမ်ခန့် လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်ဟု သိရသည်။ သွေးတိုး၍ မူးမေ်လာပါက သံပရာရည်ဖျော်၍လည်း သောက်သုံးနိုင်သည်။ ထိုကြောင့် သံပရာသီးသည် လူအတော်များများ သုံးစွဲကြသော သီးနှံတစ်မျိုးဖြစ်ပြီး အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးနှင့် အသုပ်များထဲတွင် ထည့်၍ စားသုံးကြသဖြင့် ခံတွင်းရှင်းပြီး အအီလည်း သက်သာစေသည့်အပြင် ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။



သံပရာသီးကို လူတိုင်းအသုံးပြုကြသဖြင့် ယခုအချိန်တွင် သံပရာသီးကို ပြည်မြို့နယ်ရှိ ကျေးရွာအတော်များများတွင် စိုက်ပျိုးလာကြသည်။ သံပရာပင် စိုက်ပျိုးရာတွင် စိုက်ပျိုးရန် လွယ်ကူပြီး စိုက်ပျိုးစရိတ်လည်း သက်သာသဖြင့် စိုက်ပျိုးလာကြသည်။ ထွက်ရှိလာသော သံပရာသီးများကို ပြည်ဈေးကွက်သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ပိုလျှံသော သံပရာသီးများကို ရန်ကုန်မြို့ရှိ တည်းကုန်းဈေးနှင့် သီရိမင်္ဂလာဈေးများသို့ တင်ပို့ရောင်းချသည်။ ထို့ကြောင့် သံပရာပင် စိုက်ပျိုးသူ တောင်သူများအနေဖြင့် နေ့စဉ်လစဉ်ဝင်ငွေများ ရရှိနိုင်ပြီး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပိုမိုအကျိုးအမြတ်များ ရရှိလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

---

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းအခြေအနေ

၂၀၂၃ခုနှစ် မတ်လ ပထမပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်းတစ်ပြည်၃၈၀၀ ကျပ်၊ ဧည့်မထ တစ်ပြည် ၂၅၀၀ကျပ်၊ မနောသုခ တစ်ပြည် ၂၃၅၀ကျပ်နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ၂၀၀၀ကျပ်၊ (လတ်)တစ်ပိဿာ ၁၈၀၀ကျပ်၊ (သေး)တစ်ပိဿာ ၁၅၀၀ကျပ်နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာ ၃၈၀ ကျပ်မှ ၄၅၀၀ကျပ်ထိ၊ (ရှမ်း) တစ်ပိဿာ ၄၁၀၀ ကျပ်မှ ၄၆၀၀ ကျပ်ထိ၊ ငရုတ်သီးခြောက်လက်လီဈေးမှာ (အရှည်) တစ်ပိဿာ ၁၁၅၀၀ကျပ်မှ ၁၆၀၀၀ကျပ်ထိ၊ (အပု)တစ်ပိဿာ ၁၄၀၀၀ကျပ်မှ ၁၈၅၀၀ကျပ်ထိ၊ အာလူးလက်လီဈေးမှာ ၂၂၀၀ကျပ်မှ ၂၈၀၀ကျပ်ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ၁၀၀၀ကျပ်မှ ၁၈၀၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥ လက်လီဈေးမှာ တစ်လုံး ၂၁၀ကျပ်မှ ၂၄၀ကျပ်ထိ ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၏ အသား/ငါးဈေးနှုန်းများမှာ ကြက်သား (CP) တစ်ပိဿာ ၇၆၀၀ကျပ်မှ ၁၀၀၀၀ ကျပ်ထိ၊ ကြက်သား(ဗမာ) တစ်ပိဿာ ၁၁၅၀၀ကျပ်မှ ၁၅၀၀၀ကျပ်ထိ၊ ဝက်သား တစ်ပိဿာ ၁၁၅၀၀ ကျပ်မှ ၁၄၀၀၀ကျပ်ထိ၊ အမဲသား တစ်ပိဿာ ၁၀၀၀၀ကျပ်မှ ၁၃၀၀၀ ကျပ်ထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ၆၈၀၀ကျပ်မှ ၁၀၀၀၀ထိ၊ ငါးကြင်း တစ်ပိဿာ ၁၀၅၀၀ကျပ်မှ ၁၅၀၀၀ကျပ်ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် ၁၄၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၀၀ ကျပ်နှင့် နှမ်းဆီ တစ်ပိဿာလျှင် ၁၃၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ထွန်းမင်းသန့်**
**(နေပြည်တော်)**

---

# သရက်မြို့ စည်ပင်သာယာဈေး၌ ရောင်းချလျက်ရှိသော ကုန်ဈေးနှုန်းအခြေအနေ

သရက်မြို့ စည်ပင်သာယာဈေး၌ ကြက်သွန်ဖြူ၊ အာလူးတို့မှာ ရှမ်းပြည်နယ် ကလောမြို့နှင့် အောင်ပန်းမြို့တို့မှ တစ်ဆင့် ဝယ်ယူရောင်းချလျက်ရှိပြီး ငရုတ်သီး(အစို)/ (အခြောက်)နှင့် မန်ကျည်းသီးတို့မှာ သရက်မြို့အနီးရှိ ကျေးရွာများဖြစ်သော စမ်းအိုင့်ရွာ၊ ကိုးပင်ရွာနှင့် တခြား စားဖိုဆောင် စားသောက်ကုန်များကို အောင်လံမြို့နှင့် ပြည်မြို့တို့မှ အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မတ်လ ဒုတိယပတ်တွင် သရက်မြို့ စည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသည့် ဈေးနှုန်းများမှာ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ငရုတ်သီး(အစို) တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ငရုတ်သီး(ခြောက်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ ဆားတစ်ပိဿာလျှင် ကျပ် ၃၅၀၊ ကြက်ဥ တစ်လုံးလျှင် ကျပ် ၂၃၀ နှင့် ဘဲဥ တစ်လုံးလျှင် ကျပ် ၃၀၀ ကြက်သား(CP)တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ စသည်ဖြင့် ပထမပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှုမရရှိဘဲ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စားသုံးဆီဈေးနှုန်းများအနေဖြင့်လည်း စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၇၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၆၁၀၀ ဖြစ်၍ ပထမပတ်နှင့်နှိုင်းယှဉ်ပါက စားအုန်းဆီနှင့် ပဲဆီတို့မှာ ကျပ် ၅၀၀ ဝန်းကျင် ဈေးလျှော့ကျခဲ့ကြောင်း စည်ပင်သာယာဈေးအတွင်းရှိ ဈေးသည်များထံမှ သိရှိရသည်။

**အေးသီတာ**

## တနင်္သာရီတိုင်းဒေသကြီး ငါးပိ၊ ငါးခြောက်ဈေးကွက်အခြေအနေ

တနင်္သာရီတိုင်းဒေသကြီးသည် ရေလုပ်ငန်းများဖြစ်သော ပင်လယ်ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သဖြင့် ငါးပိ၊ ငါးခြောက်များ ထွက်ရှိရာဒေသဖြစ်သည်။ မျှင်ငါးပိကို ပြုလုပ်ရာတွင် မျှင်များကို တစ်ရက်လုံးနေလှန်းပြီးနောက် မျှင်ခြောက်များအား ဒေသရိုးရာ လက်ထောင်းဆုံဖြင့် ပြုလုပ်လျက်ရှိသည်။ ငါးခြောက်ပြုလုပ်ရာတွင် ငါးအစိုကိုခွဲပြီး ဆားသိပ် နေလှန်းပြုလုပ်ကြောင်း သိရှိရပါသည်။

ထားဝယ်မြို့တွင် ဈေးကွက်တွင် ရောင်းချလျက်ရှိသော ငါးနီတူ တစ်ပိသာလျှင် ၁၁၀၀၀ကျပ်၊ ငါးကွန်းရှပ် တစ်ပိသာလျှင် ၂၅၀၀၀ ကျပ်၊ ငါးဒေါင်းကျင်း တစ်ပိသာလျှင် ၁၃၀၀၀ကျပ်၊ စာပလပ်ခြောက် တစ်ပိသာလျှင် ၁၃၀၀၀ကျပ်ရှိပြီး မျှင်ငပိ တစ်ပိသာလျှင် ၄၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်ထိ အစားစားရှိကြောင်း စုံစမ်းသိရှိရသည်။ **သဲသဲ(ထားဝယ်)**



# စစ်ကိုင်းမြို့၏ ကျောက်စိမ်းအချောထည်လုပ်ငန်း

သန်းသန်းတင်(မုံရွာ)

မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏အဖိုးတန်ရတနာများမှာ ဆန်စပါး၊ ကျွန်းသစ်၊ တွင်းထွက်ပစ္စည်းနှင့် ဓာတ်သတ္တုများမှာ ရွှေ၊ ငွေ၊ခဲ၊ ကြေးနီ၊ သံဖြူ၊ သွပ်၊ ခနောက်စိမ်း၊ ကျောက်မီးသွေး၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာများနှင့် ရေနံ၊ မုတ်ကောင်မှ ရရှိသော ပုလဲသည် ရေထွက်ပစ္စည်းဖြစ်သည်။

မြန်မာ့ရတနာများအနက် ကျောက်စိမ်းရတနာအကြောင်း တင်ပြလိုပါသည်။ မြန်မာနိုင်ငံမြောက်ပိုင်း၊ခန္တီးခရိုင်အတွင်း၌ကျောက်စိမ်းတောင်ကြီးတစ်ခုကို တွေ့ရှိကြောင်း၊ ၁၉၆၇ ခုနှစ် ဧပြီ ၆ ရက်နေ့ထုတ် သတင်းစာတွင်ပါရှိပြီး သတင်းအရ ကျောက်စိမ်းတောင်ကြီးမှာ ပေ ၃၀ခန့်မြင့်ပြီး ပတ်လည်ပေ ၈၀ခန့်ရှိကြောင်း၊ မြေပေါ်တွင်တန်ချိန် ၂၀၀၀ ကျော်ခန့်ရှိပြီး မြေအောက်တွင် ယခုထက် ထုထည်ကြီးစွာတည်ရှိလိမ့်မည်ဟု ခန့်မှန်းကြောင်း၊ ဤတောင်ကြီးကို ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ရှာဖွေတွေ့ရှိကြောင်း၊ ၁၉၆၈ ခုနှစ်မှစ၍ ဤကျောက်စိမ်းတောင်ကြီးကို စတင်တူးဖော်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာအရပ်ရပ်မှထွက်ရှိသော ကျောက်စိမ်းများမှာ ကျောက်စိမ်းဟုအမည်ခံသော်လည်း အလွန်နုပြီး စံမမီကြောင်း၊ မြန်မာပြည်မှထွက်သော ကျောက်စိမ်းသည် ကျောက်စိမ်းစစ်စစ်ဖြစ်သည်ဟု ကျွမ်းကျင်သူ သိပ္ပံသုတေသီများက မှတ်ချက်ချထားသောကြောင့် မြန်မာနိုင်ငံသည် ကျောက်စိမ်းစစ်စစ်ထွက်သည့် ကမ္ဘာတွင် တစ်ခုတည်းသော ရတနာမြေဖြစ်သည်ဟု ဂုဏ်ယူရမည်ဖြစ်သည်။

ကျောက်စိမ်းသည် နှစ်ထောင်ပေါင်းများစွာကပင် အရှေ့တိုင်းသားတို့၏ နှလုံးအိမ်၌ ဝင်ရောက်နေရာယူပြီး တန်ဖိုးထားမှုအတိုင်းအတာအားဖြင့် မြင့်မားခဲ့သောကျောက်ဖြစ်သည်။ တရုတ်လူမျိုးတို့သည် ကျောက်စိမ်းအား ဝတ်ဆင်မှုသာမက လက်နက်ကိရိယာများအား တန်ဆာဆင်ရာ၌အသုံးပြုခဲ့ပြီး ကျောက်မျက်တို့၏အချုပ်အခြာအဖြစ်သတ်မှတ်ခဲ့သည်။ ကျောက်စိမ်း ဝတ်ဆင်သူတို့သည် ရဲစွမ်းသတ္တိရှိခြင်း၊ သဒ္ဓါတရားထက်သန်ခြင်း၊ တရားမျှတသော စိတ်ရှိခြင်း၊ မိမိကိုယ်မိမိ နှိမ့်ချသော နိဂါတတရားရှိခြင်း၊ အသိအလိမ္မာဉာဏ်ပညာကြီးခြင်းဟူသော ဂုဏ်များဖြင့် ပြည့်စုံသည်ဟု အယူအဆရှိကြသည်။

ကျောက်စိမ်းအား အမှုန့်ကြိတ်၍ ရေနှင့်သောက်ပါက ခန္ဓာကိုယ်အတွင်းရှိ ရောဂါဘယအမျိုးမျိုး ပျောက်ကင်းပြီး မောပန်းနွမ်းနယ်ခြင်းမှ ကင်းဝေးစေခြင်း၊ အသက်ရှည်ခြင်း စသောအာနိသင်များ ပြည့်စုံသည်ဟု ယုံကြည်ကြသည်။ ရှေးတရုတ်ဘုရင်များလက်ထက်က မှူးကြီးမတ်ရာ သေနာပတိတို့သည် ရာထူးဂုဏ်ထူး အဆင့်အတန်းအလိုက် ကျောက်စိမ်းအမျိုးမျိုး ဝတ်ဆင်ခဲ့ကြသည်။ ထို့ကြောင့် ကျောက်စိမ်းသည် ဝတ်ဆင်သူ၏ အဆင့်အတန်းကို ဖော်ပြသော ကျောက်ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းများအား ဘာသာရေးနှင့်ဆိုင်သော အဆောင်ယတြာပစ္စည်းအဖြစ်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ သင်္ကေတအမှတ်အသားများအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ကျောက်စိမ်းလက်ဝတ်ရတနာများသည် များသောအားဖြင့် လက်ကောက်များ၊လက်စွပ်များ၊လည်ဆွဲပုတီးများဖြစ်ပြီး ဝတ်ဆင်သူ၏ အသားနှင့်ထိတွေ့လျက်ရှိကာ နူးညံ့သော အာရုံခံစားမှုကို ရရှိစေသည်ဟု ဆိုကြသည်။

ကျောက်စိမ်းကို အင်္ဂလိပ်ဘာသာဖြင့် Jade ဟုခေါ်သည်။ ကျောက်စိမ်းတွင် Jadeite နှင့် Nephriteဟူ၍ နှစ်မျိုးရှိသည်။ ထို ဂျေးဒိုက်နှင့် နက်ဖရိုက် နှစ်မျိုးစလုံးကို ကျောက်စိမ်းဟုခေါ်ပြီး နှစ်ပေါင်းများစွာကပင် သုံးစွဲလာကြသည်။ ဓာတုဖွဲ့စည်းပုံအရ ဂျေးဒိုက်ကျောက်စိမ်းသည် ဆိုဒီယမ်အလူမီနီယမ်ဆီလီကိတ်ဖြစ်ပြီး နက်ဖရိုက်ကျောက်စိမ်းသည် ကယ်လ်ဆီယမ်မဂ္ဂနီဆီယမ်၊သံနှင့်ရေ ပါဝင်သော ဆီလီကိတ်ဖြစ်သည်။ ဂျေးဒိုက်ကျောက်စိမ်းသည် လက်ယှက်ထိုး ပုံဆောင်ခဲလေးများနှင့် ဖွဲ့စည်းထားသဖြင့် ချိုင့်ခွက်လေးများ မျက်နှာပြင်၌ရှိနေပြီး နက်ဖရိုက် ကျောက်စိမ်းသည် လက်ယှက်ထိုး အမျှင်လေးများဖြင့် ဖွဲ့စည်းထားသဖြင့် အမျှင်လိုက် အနေအထားရှိကာ အမဲဆီရောင် ထနေတတ်သည်။

ကျောက်စိမ်း၌ အစိမ်းရောင်အပြင် အခြားအရောင်များလည်းရှိသည်။ အဖြူရောင်၊ နို့နှစ်ရောင်၊ အရောင်မဲ့၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ အညိုရောင်၊ ပန်းရောင်၊ ခရမ်းရောင်နှင့် အစိမ်းရောင် အမျိုးမျိုးမှာ ကျောက်စိမ်း၌ရှိသော အရောင်များဖြစ်သည်။ ကျောက်စိမ်း အမျိုးအစားအမျိုးမျိုးမှာ မြရည်၊ ရွှေလု၊ မော်စစ်စစ်၊ လက်ရည်၊ ခွန်ဖိ၊ ကျောက်သား၊ အသားပိဟ်၊ ပန်းသာ၊ ကျောက်မဲ၊ မဲဆွေးမှု၊ လန့်ဆွေး၊ တောမော်၊ ဘော်ဘီဆွေးတို့ဖြစ်သည်။ ကျောက်စိမ်းကို မြန်မာနိုင်ငံမြောက်ပိုင်း၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့၏ မြောက်ဘက်နှင့် အနောက်မြောက်ဘက်ရှိ ဖားကန့်၊ တောမော်၊ ပန်းမားချိုက်ဒေသများ၌ အများအပြား တူးဖော်ရရှိသည်။

## စစ်ကိုင်းမြို့၏ ကျောက်စိမ်းအချောထည်လုပ်ငန်း

စစ်ကိုင်းမြို့တွင် ကျောက်စိမ်းအချောထည်လုပ်ငန်း လုပ်ကိုင်သူ ၁၃၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ကုန်ကြမ်းများကို ဖားကန့်မှလည်းကောင်း၊မန္တလေးမြို့မှလည်းကောင်းB အဆင့်ဖြစ်သည့် အရည်အသွေး အနည်းငယ်ညံ့သည့် ကျောက်စိမ်းအရိုင်းတုံးများကို ကြိုက်ရောင်းကြိုက်ဝယ်ဈေးများဖြင့် ပိန်အိတ်တစ်အိတ်လျှင်ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းကျော်၊ ထော်လာဂျီတစ်စီးလျှင် ကျပ်နှစ်သိန်းမှ ကျပ်သုံးသိန်း ဈေးများဖြင့် ဝယ်ယူပြီး ကျောက်ဖြတ်ခြင်း၊ ကျောက်သွေးခြင်း၊ အရောင်တင်ခြင်း၊ အပေါက်ဖောက်ခြင်း၊ ကြိုးသီးခြင်းလုပ်ငန်းများကို မိသားစုများအပါအဝင် အမျိုးသား/အမျိုးသမီး လုပ်သားနေ့စား သို့မဟုတ် လစာများကို ငှားရမ်း၍ အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြသည်။

ကျောက်စိမ်းအချောထည်အဖြစ် စိပ်ပုတီး၊ လည်ဆွဲ၊ လက်ပတ်၊ ပန်းပု စသည့်ထုတ်ကုန်များကို အရည်အသွေးနှင့်အရွယ်အစားပေါ် မူတည်၍ စိပ်ပုတီး ကိုးလုံး တစ်ကုံး ကျပ် ၈၀၀၀ မှ ကျပ် တစ်သောင်း၊ စိပ်ပုတီး ၁၀၈လုံး ကျပ် ၇၀၀၀ မှ ကျပ်နှစ်သောင်း၊ လည်ဆွဲပုတီး ကျပ် တစ်သောင်းခွဲမှ ကျပ် လေးသိန်း၊ လော့ကက်သီးတစ်ခုလျှင် ကျပ်တစ်သောင်းမှ ကျပ် တစ်သိန်း၊ လက်ပတ်ကြိုးတစ်ခု ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချကြသည်။ လုပ်ငန်းရှင်အနည်းစုက ကျောက်စိမ်းအရိုင်းတုံးများကိုလည်းအရောင်းအဝယ် ပြုလုပ်ရာ၌ အတွေ့အကြုံနှင့် စိတ်ခံစားချက်ပေါ် မူတည်၍ ကျောက်စိမ်း၏တန်ဖိုးကို ဈေးဖြတ်ကြသည်။

ကျောက်စိမ်း အချောထည်များကို အိမ်၌ ရောင်းလက်/ဝယ်လက် အရောင်းအဝယ် ပြုလုပ်သလို ဘော်ဂါရပ်ကွက်၌ဘော်ဂါကျောက်ဝိုင်း၌လည်း အရောင်းအဝယ်ပြုလုပ်ကြသည်။ရောင်းချသည့်ဆိုင်ခန်းပေါင်း ၆၅ ခန်းကျော်ရှိပြီး မန္တလေးမြို့နှင့် မုံရွာမြို့များမှ လာရောက်ဝယ်ယူခြင်းနှင့် ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်များ၏ ဖောက်သည်များရှိသည့် မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် ရှမ်းပြည်နယ်(အရှေ့)သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ပြည်တွင်း/ပြည်ပ ပြပွဲ၊ ဈေးရောင်းပွဲတော်များတွင် စစ်ကိုင်းမြို့မှ လုပ်ငန်းရှင်များမှ ပူးပေါင်းလိုက်ပါ၍ ပြပွဲနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

## အကြံပြုတင်ပြချက်

စစ်ကိုင်းမြို့ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်သော ပုတီး၊ လည်ဆွဲ၊ လက်ပတ်၊ ပန်းပု စသည့်ကုန်ချောပစ္စည်းများအတွက် ခိုင်မာသည့်ဈေးကွက်တစ်ခု ရရှိသင့်ကြောင်း၊ ဘော်ဂါကျောက်ဝိုင်းတွင် အရောင်းအဝယ်ပြုလုပ်ခြင်းကို ဦးစီးကြပ်မတ်ဆောင်ရွက်ပေးမည့် ကော်မတီအဖွဲ့အစည်းတစ်ခုရှိရန်လိုပြီး အရောင်းအဝယ်ပြဿနာဖြစ်ပေါ်ပါက ဆုံးဖြတ်ဖြေရှင်းပေးနိုင်ရန်နှင့် နိုင်ငံတော်မှ အတိုးနှုန်းသက်သာသော ချေးငွေများ ကူညီပံ့ပိုးပေးစေလိုကြောင်း၊ ဈေးကွက်နှင့်ချေးငွေ ကူညီပံ့ပိုးမှုများရရှိမည်ဆိုပါက နိုင်ငံတော်အတွက် အခွန်အခဝင်ငွေများ ပိုမိုရရှိနိုင်မည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များ ကိုယ်စားတင်ပြလိုက်ရပါသည်။

**ကိုးကားသောစာအုပ် -** **(၁) မြန်မာ့ရတနာများ၊ ရေးသားသူ ရှင်ဗုဒ္ဓဃောသ ဦးဘသန်းနှင့်မောင်ဇနိယ (၁၉၆၇)**
**(၂) မှတ်မှတ်သားသား ကျောက်မျက်ရတနာများ၊ ရေးသားသူ ကျောက်ရိုင်း (ဘူမိ)(၂၀၂၂)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန** (Myanmar International Trade Center)၊ | **ဖုန်း-၀၁ ၃၈၅၃၂၃** | **အီးမေးလ်**-mitcmyantrade@gmail.com |
| **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** | **ဖုန်း-၀၁ ၉၆၆၉၉၅၉** | **အီးမေးလ်**-mhcyangon@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 23, No.6 Monday March 13 2023

# ရေစစ်ပွဲ၊ ရေအရင်းအမြစ် ပဋိပက္ခ




**စောနိုင် (အသုံးချဘောဂဗေဒ)**

(၁)

'ရေစစ်ပွဲ'(Water War)ဟူသော ဝေါဟာရသည် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်အသုံးပြုခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရေနှင့်ပတ်သက်၍ရပိုင်ခွင့်များနှင့် ပတ်သက်၍လည်းကောင်း ပဋိပက္ခဖြစ်ပွားခြင်းကို ယေဘုယျရည်ညွှန်းခြင်းဖြစ်သည်။ အချို့ကလည်း ရေအငြင်းပွားမှု၊ ရေပဋိပက္ခဟုလည်း အမည်တပ်ကြသည်။

(၂)

ရေစစ်ပွဲများသည် ရေရရှိရေးအတွက်လည်းကောင်း၊ ရေအရင်းအမြစ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍လည်းကောင်း တိုက်ပွဲများ ဖန်တီးနေသည့် ပဋိပက္ခများဖြစ်သည်။ အဆိုပါ ပဋိပက္ခများသည် ရေချို၊ ရေငန်နှစ်မျိုးစလုံးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်းများတည်ရှိရာ နေရာများ၊ ရေရရှိမှု ခက်ခဲနေသော နိုင်ငံများ၊ ဒေသများတွင် တွေ့မြင်နေရသည်။ အဓိကအားဖြင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ မဟာဗျူဟာမြောက် အသာစီးရလိုခြင်း သို့မဟုတ် ရေချိုအရင်းအမြစ်များအတွက် ခွဲဝေသုံးစွဲမှု မမျှတခြင်းတို့အပေါ် တုံ့ပြန်မှုများပြုလုပ်ကြရာမှ ဖြစ်ပေါ်လာတတ်သည်။ ရေအရင်းအမြစ်ကိစ္စများ ဖြေရှင်းရာ၌ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ရာတွင် ခက်ခဲမှုများစွာရှိသဖြင့် တစ်ခါတစ်ရံ ကြီးမားသော အငြင်းအခုံများမှတစ်ဆင့် လက်နက်ကိုင် တိုက်ခိုက်မှုများ ဖြစ်လာသည်အထိ ကျယ်ပြန့်သွားနိုင်သည်။

ထို့ကြောင့် အကန့်အသတ်ဖြင့် ရှိနေသော ရေအရင်းအမြစ်ကို မျှဝေသုံးစွဲနေရသည့် နိုင်ငံများကြား သို့မဟုတ် လူမျိုးအုပ်စုများကြား၌ ပုံမှန်မျှဝေသုံးစွဲနေသည့် အခြေအနေမှ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးအုပ်စုတစ်စုက ရေလိုအပ်ချက်ပိုမိုမြင့်မားလာသည့်အချိန်တွင် မျှတစွာစီမံခန့်ခွဲပေးနိုင်ခြင်း မရှိပါက အငြင်းပွားမှုများနှင့် ရန်လိုမှုများ ဖြစ်ပေါ်လာနိုင်သည်ကို နိုင်ငံတကာအဖွဲ့အစည်းများ၊ တစ်နိုင်ငံချင်း အစိုးရများအနေဖြင့် သတိထားလေ့လာ၍ ပဋိပက္ခများမဖြစ်လာစေရေး ကြိုတင်ပြင်ဆင်ထားသင့်သည်။

(၃)

ကမ္ဘာပေါ်တွင် ရေသည် အကန့်အသတ်ရှိသော အရင်းအမြစ်ဖြစ်ပြီး လူတို့ အသက်ရှင်နေထိုင်မှုအတွက် အရေးပါသဖြင့် ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အမျှ ရေအသုံးပြုမှု ပမာဏမှာလည်း သိသိသာသာ တိုးတက်လာနေသည်ကို တွေ့ရသည်။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုတို့အပေါ် မူတည်လျက် ဒေသအခြေအနေကိုလိုက်၍ လည်းကောင်း၊ ရာသီဥတု အခြေအနေများအရ လည်းကောင်း ရေအရင်းအမြစ် ရရှိနိုင်မှုနှင့် ရေအရည်အသွေး ကျဆင်းမှုတို့ ဖြစ်ပေါ်လာတတ်သည်။ ထိုအခြေအနေများကြောင့်လည်း ရေနှင့်ပတ်သက်သည့် ပဋိပက္ခများကို ဦးတည်သည့် ပြိုင်ဆိုင်လုပ်ဆောင်မှုများဖြစ်ပေါ်လာနိုင်သည်။ သို့သော် ရေနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပဋိပက္ခများအတွက် လက်ညှိုးထိုး အပြစ်တင်ရမည်မှာ ရေအရင်းအမြစ်ရှားပါးမှုထက် ရရှိနေသည့် ရေအရင်းအမြစ်အပေါ် ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလိုအပ်ချက်တို့ဖြစ်သည်။

(၄)

ရေစစ်ပွဲ သို့မဟုတ် ရေပဋိပက္ခများသည် ဆင်းရဲနွမ်းပါးသော နိုင်ငံများသာမက ကမ္ဘာ့နေရာအနှံ့တွင် ရှိနေသည်။ အမေရိကန်ပြည်ထောင်စုအနောက်ဘက်ရှိ ကော်လိုရာဒိုမြစ်ပေါ်တွင် ဖြစ်ပွားနေသော ရေပဋိပက္ခသည် ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ ဂျာမနီနိုင်ငံ ဘာလင်တွင် အခြေစိုက်သော ရာသီဥတု၊ ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လွတ်လပ်သော အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အာဒါလ်ဖီ (ADELPHI)သည် ကမ္ဘာပေါ်တွင်ဖြစ်ပွားနေသော ရေအရင်းအမြစ်နှင့် သက်ဆိုင်သော ပြဿနာများ၊ ပဋိပက္ခများကို လေ့လာလျက်ရှိ သည်။ ထိုအဖွဲ့က လေ့လာထားသောစာရင်းသည် ပြီးပြည့်စုံခြင်း မရှိသေးသော်လည်း သတိပြုစရာ ရေအရင်းအမြစ်နှင့်ပတ်သက်သည့် ပဋိပက္ခများ သို့မဟုတ် ဖြစ်လာနိုင်ခြေရှိသော ရေစစ်ပွဲများအဖြစ် မှတ်သားလေ့လာနိုင်ပေသည်။

- အာဖရိက အရှေ့မြောက်ပိုင်းတွင် စီးဆင်းနေသော အဓိကမြစ်မကြီးဖြစ်သည့် နိုင်းမြစ်ဝှမ်း (Nile Basin)ရေအရင်းအမြစ် အငြင်းပွားမှု၊
- ယီမင်နိုင်ငံရှိရေရှားပါးပြတ်လတ်မှုနှင့် ပြည်သူလူထု မကျေနပ်မှု၊
- ယူဖရေးတီးမြစ် ( Euphrates)၊ တိုက်ဂရစ်မြစ် (Tigris)တို့နှင့်ပတ်သက်၍ တူရကီ၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ကြားပဋိပက္ခ၊
- အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံအကြား ရေနှင့်ပတ်သက်၍ နယ်နိမိတ်ဖြတ်ကျော် အငြင်းပွားမှု ၊
- မဲခေါင်မြစ်ဝှမ်းရှိ ရေကာတာစီမံကိန်းများနှင့် အငြင်းပွားမှုများ၊
- အိန္ဒိယနိုင်ငံ ကာဘယ်ရီမြစ်ဝှမ်း (Cauvery basin) ရှိ ရေနှင့်ပတ်သက်၍ အငြင်းပွားမှု ၊
- ဆိုမာလီယာနိုင်ငံရှိ မိုးခေါင်မှု၊ တိရစ္ဆာန်စျေးနှုန်းများ မြင့်တက်လာမှုနှင့် လက်နက်ကိုင်ပဋိပက္ခ များ၊
- တူရကီနိုင်ငံနှင့် အားမေးနီးယားနိုင်ငံတို့၏ တင်းမာမှုများကြားထဲမှပင် အားထုတ်ပြုလုပ်နေသော ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ၊
- အီဂျစ်နိုင်ငံတွင် ကြီးထွားလာနေသည့် ရေရှားပါးမှု၏ လုံခြုံရေးဆိုင်ရာ သက်ရောက်မှု
- ဘိုလစ်ဗီးယားနိုင်ငံ၊ ကာချာဘမ်ဘာ (Cochabamba)တွင် ရေအရင်းအမြစ် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း။

(၅)

ယနေ့အချိန်အခါ၌ ရေသည် ရှားပါးသော သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးအတွက် အသက်သွေးကြော၊ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကသော့ချက်၊အရေးပါသောအစိတ်အပိုင်းဟု လက်ခံသဘောထားလာနေကြပြီဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ခုတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများ၊ ဖောက်ပြန်မှုများကြောင့် ပိုမိုဆိုးရွားလာနေသော ရေအရင်းအမြစ်ရှားပါးမှုသည် နိုင်ငံများ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ထိခိုက်လာခြင်း၊ ဒေသများ၊ နိုင်ငံများကြား ရွှေ့ပြောင်းသွားလာမှု အခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် ဒေသတွင်း ပဋိပက္ခများ ပိုမိုဖြစ်ပွားလာစေနိုင်သည်ဟု ဖော်ပြထားသည်။ ရေပဋိပက္ခ သို့မဟုတ် ရေစစ်ပွဲကို ဦးတည်နေသော နိုင်ငံများ၊ ဒေသများအနေဖြင့် ရေအရင်းအမြစ်ကို ထိခိုက်စေသည့် အခြေအနေများကိုလေ့လာမှုများ ပိုမိုပြုလုပ်၍ ကြိုတင်ပြင်ဆင် ကာကွယ်လုပ်ဆောင်ခြင်း၊ ရရှိနေသည့် ရေအရင်းအမြစ်များကို မျှတစွာ စီမံအုပ်ချုပ်ပေးရေး၊ ပိုမိုထိရောက်စွာခွဲဝေသုံးစွဲနိုင်ရန် စီစဉ်ပေးရေးတို့ကို အရေးတယူ လုပ်ဆောင်ပေးခြင်းအားဖြင့် ရေအရင်းအမြစ် ရှားပါးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် ရေစစ်ပွဲများ၊ ရေပဋိပက္ခများဖြစ်ပွားခြင်းများ လျော့ကျလာနိုင်မည်ဖြစ်ပေသည်။

**http://encyclopedia.uia.org**

## ဖေဖော်ဝါရီလအတွင်း ရော်ဘာ၊ ပြောင်း တင်ပို့မှုအခြေအနေ

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၂၀၆၀၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၀၃ သန်းရရှိသည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၄၂၅၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၃၄၀ ကျော်၊ ဂျပန်နိုင်ငံသို့ ရော်ဘာတန်ချိန်၄၈၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ခန့်နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၁၃၈ တန်ခန့်တင်ပို့သည်။

ယခုလအတွင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၀၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၂၉၀ ကျော် တင်ပို့နိုင်သည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၂၂၉၀၀ ခန့်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၀၉ သန်း ရရှိသည်။ ယခင်လ ရော်ဘာတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဒသမ၀၃၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၉၄၁၉၀ တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၈၀၅၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတန်ချိန် ၇၃၀၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်း၅၈၃၉ တန်နှင့် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၅၀၀ တင်ပို့ခဲ့သည်။

ယခုလအတွင်း နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၀၇၉ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၈၇၀၀ ကျော် တင်ပို့ပြီး တင်ပို့သောနိုင်ငံများမှာ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၉၉၈၅၀ ခန့်နှင့် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၈၈၆၀ ကျော်တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု စုစုပေါင်းတန်ချိန် ၂၀၂၈၉၀ နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၁၁၃ သန်း ရရှိသည်။ ဇန်နဝါရီလ ပြောင်းတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် တစ်သိန်းတစ်သောင်းကျော် ပိုမိုတင်ပို့ခဲ့သည်။

**အေးအေးသန့်(DOT)**

## ပြည်ခရိုင်မှသည် မလေးရှားသွား ငါးနီတူခြောက်များ

ပြည်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ငါးနီတူခြောက်များကို မလေးရှားနိုင်ငံသို့ Handcarryဖြင့် တိုက်ရိုက်တင်ပို့မှုအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ တင်ပို့လျက်ရှိပြီး ယခုအခါ ပင်လယ်ရေကြောင်းက တင်ပို့နိုင်ရေး ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားဆောင်ရွက်လျက်ရှိသည်။ ကုန်ကြမ်းအား ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ လှေကြီးချိုင်ရွာမှ ဝယ်ယူပြီး ပြန်လည်သန့်စင်၍ တင်ပို့ကြောင်းသိရှိရသည်။ ပြည်ပမှ ငါးနီတူခြောက် ဝယ်ယူသူမှာ ယခင်က ထိုင်းနိုင်ငံမှ ဝယ်ယူခြင်းဖြစ်ပြီး ထိုင်းငါးနီတူခြောက်မှာ ကြော်လျှင် မာဆတ်လျက်ရှိသည့်အတွက် မြန်မာငါးနီတူခြောက်နှင့် ယှဉ်လျှင် မြန်မာငါးနီတူခြောက်မှာ စား၍ပိုမိုကောင်းမွန်ကြောင်း လေ့လာသိရှိရသည်။

ကုန်ကြမ်းအား ပြည်အရောက် တစ်ပိဿာလျှင်၁၃၀၀၀ - ၁၅၀၀၀ ကျပ်ခန့်ကုန်ကျပြီး ပြန်လည်သန့်စင်သည့်လုပ်သားခ၊ ထုပ်ပိုးခနှင့် မလေးရှားအရောက် ကုန်ကျစရိတ်အနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀-၂၀၀၀၀ ခန့် ကုန်ကျသည်။ ငါးနီတူခြောက် တစ်ကီလိုလျှင် မလေးရှားငွေ ၂၅-၃၀ ရင်းဂစ် ရရှိပါသဖြင့် မလေးရှားငွေ တစ်ရင်းဂစ်လျှင် မြန်မာကျပ်ငွေ ယနေ့ပေါက်ဈေး ၆၆၀ ကျပ်ဖြစ်၍ တစ်ကီလိုလျှင် မြန်မာကျပ်ငွေ ၁၆၅၀၀-၁၉၈၀၀ ကျပ် ရရှိမည်ဖြစ်သည်။ ၃ကီလိုလျှင် ၂ပိဿာရရှိသည့်အတွက် တစ်ပိဿာလျှင် ၂၄၇၅၀-၂၉၇၀၀ ကျပ် ဈေးရရှိသဖြင့် တစ်ပိဿာ အကျိုးအမြတ်အနေဖြင့် ကျပ် ၆၀၀၀-၁၀၀၀၀ ခန့် အကျိုးအမြတ်ရရှိသည်။ တစ်လလျှင် ပိဿာချိန် ၂၀၀ နီးပါး တင်ပို့ရသဖြင့် အကျိုးအမြတ်အနေဖြင့် ကျပ် ၁၂ သိန်းမှ ကျပ် သိန်း၂၀ ခန့် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့်ရပါက ယခုထက် လုပ်ငန်းပိုမို တွင်ကျယ်လာမည်ဖြစ်ပြီး ပြည်ခရိုင်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

**ဆုမွန်ဆွေ(ပြည်)**



## မြောက်ဦးခရိုင်အတွင်း ဆောင်းနေကြာသီးနှံ တိုးချဲ့စိုက်ပျိုးလာ

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးတောင်သူများသည် ဆီထွက်သီးနှံအဖြစ် မြေပဲ၊ ဆီမုံညင်းနှင့် နှမ်းများကိုသာ အဓိကစိုက်ပျိုးကြပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆောင်းနေကြာသီးနှံများကို စိုက်ပျိုးရေးဦးစီးဌာနက မြောက်ဦးမြို့နယ်တွင် ငါးဧက၊ မင်းပြားမြို့နယ်တွင် ၁၈ ဧက၊ ကျောက်တော်မြို့နယ်တွင် ငါးဧက၊ စုစုပေါင်း ၂၈ ဧကအား တောင်သူများက စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်နှုန်း ၂၆ ဒသမ ၁၈ တင်း ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။ ၂၀၂၂-၂၀၂၃ခုနှစ်တွင် မြောက်ဦးခရိုင်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးတောင်သူများသည် ဆီထွက်သီးနှံအဖြစ် ဆင်းနေကြာ-၂ မျိုးစေ့ကို နိုဝင်ဘာလမှ စတင်၍ မြောက်ဦးမြို့နယ်တွင် ၁၆၃ ဧက၊ မင်းပြားမြို့နယ်တွင် ဧက ၁၀၀၊ ကျောက်တော်မြို့ ၆၈ ဧက ၊ မြေပုံမြို့နယ်တွင် ၉၆ ဧက စုစုပေါင်း ၄၂၇ ဧကအား တိုးချဲ့စိုက်ပျိုးလာကြသည်။

မြောက်ဦးခရိုင်သည် ဆီဖူလုံမှု အားနည်းသောခရိုင်ဖြစ်သောကြောင့် စားသုံးသူပြည်သူများမှာ စားသုံးဆီများကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဝယ်ယူစားသုံးရသည်။ ဆောင်းသီးနှံအဖြစ် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် မြောက်ဦးခရိုင်အတွင်းရှိ တောင်သူများဝင်ငွေတိုးပွားလာပြီး ဒေသတွင်း ဆီဖူလုံမှုရာနှုန်းတိုးလာမည်ဖြစ်ပြီး နောက်လာမည့်နှစ်များတွင် ဆောင်းသီးနှံ စိုက်ပျိုးတောင်သူများသည် နေကြာသီးနှံများကို ယခုနှစ်ထက် ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**မောင်သန်းဝင်း-မင်းပြား(စားသုံးသူရေးရာဦးစီးဌာန)**

## မအူပင်၌ ငါးကန်ပေါ်တွင် ဥစားကြက်မွေးမြူမှု အောင်မြင်

မအူပင်ခရိုင် မအူပင်မြို့နယ်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်မြို့နယ်တစ်ခုဖြစ်သော်လည်း၊ ငါးမွေးမြူရေးအနေဖြင့် ငါးကန်ပေါင်း ၁၀၀၀ ကျော်ရှိ၍ ငါးမွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်မှုရရှိနေသည့် မြို့နယ်တစ်ခုဖြစ်သည့်အလျောက် ယခုအခါတွင် ငါးမွေးကန်အတော်များများတွင် ဥစားကြက်ခြံများကို များပြားစွာ တွေ့မြင်နေရသည်။

မအူပင်- ရန်ကုန်ကားလမ်းဘေးရှိ ငါးကန်များတွင် ဥစား ကြက်များ မွေးမြူထားသည်ကို တွေ့ရှိရသည့်အတွက် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် မတ်လ ဒုတိယပတ်တွင် မအူပင် ငါးမွေးမြူရေးကန်သို့သွားရောက်၍ ငါးကန်ပေါ်တွင် ဥစားကြက် မွေးမြူထားသော YEE HOT AGRICULTURE & Kives Tock Co., LTD. သို့ ကွင်းဆင်းလေ့လာခဲ့သည်။

အဆိုပါ ကွင်းဆင်းလေ့လာဆောင်ရွက်မှုတွင် YEE HOT AGRICULTURE & Kives Tock Co.,Ltd. ပိုင်ရှင်က ငါးကန်ပေါ်တွင် ကြက်ခြံ၏အရွယ်အစားမှာ ၃၆ပေ × ၂၈၀ပေ အရွယ်ခန့်ရှိပြီး ဥစားကြက်ကောင်ရေ ၆၀၀၀ခန့် မွေးမြူခဲ့သည်။ ဥစားကြက် အကောင်သေး တစ်ကောင်လျှင် ၁၀၀၀ ဖြင့် စတင်ဝယ်ယူမွေးမြူခဲ့ရကြောင်း၊ ကြက်အစာအိတ် တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ခန့်ရှိပြီး ငါးလအတွင်း ခြောက်အိတ်၊ ခုနစ်အိတ်ခန့်ကျွေးမွေးခဲ့ရပြီး မွေးမြူပြီး ငါးလကြာသောအခါ ကြက်ဥများ စမ်းဥသည်ကာလသို့ရောက်ရှိပြီး မွေးမြူပြီး ခုနစ်လမှာစတင်၍ ၁၀ လခန့် ကြက်ဥများ လှိုင်လှိုင်ဥသည် ကာလဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ကြက်ဥများ လှိုင်လှိုင်ဥသည့်ကာလတွင် အလုံးကြီး၊ အလုံးလတ်၊ အလုံးသေးများကို တစ်ပိဿာ ကျပ် ၅၂၀၀ ဖြင့် ရန်ကုန်အစာစက်ရုံမှ ပြန်လည်ဝယ်ယူပြီး ကြက်ဥဈေးကွက်လိုအပ်ချက်များကို မျှတစွာ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့ပြင် ဥစားကြက်မွေးမြူရေးမှ အကျိုးအမြတ်ရရှိမှုနည်းပါးသော်လည်း ငါးကန်အတွင်းရှိ မွေးမြူထားသော ငါးများမှာ အစာကျွေးရမှု လျော့နည်းသက်သာပြီး ငါးမွေးမြူရေးမှ အကျိုးအမြတ်ရရှိကြောင်း ထပ်မံရှင်းလင်းဆွေးနွေးခဲ့သည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဈေးကွက်လိုအပ်လျက်ရှိနေသော ဥစားကြက်မွေးမြူမှုအခြေအနေကောင်းများ ရရှိလာနိုင်စေရေး၊ အရည်အသွေးကောင်း ဥစား ကြက်များမွေးမြူမှု အခြေအနေကောင်းများ ရရှိလာနိုင်စေရေး၊ အရည်အသွေးကောင်းဥစားကြက်များ မွေးမြူနိုင်မှုမှသည် ငါးမွေးမြူးရေးကို အထောက်အပံ့ပြုနိုင်မှုအတွက် ရရှိနိုင်မည့်နည်းလမ်းကောင်းများကို ထည့်သွင်းဆွေးနွေးရုံသာမက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

CONSUMER(MT)

## ပြည်ပဆန်ဈေးနှုန်းများ

၈-၃-၂၃ မှ ၁၄-၃-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB–YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 470 – 480 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 465 – 470 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 460 – 465 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 455 – 460 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 450 – 455 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 460 – 465 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 455 – 460 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 450 – 455 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 445 – 450 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 445 – 450 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 480 – 485 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 475 – 480 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 470 – 475 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 475 – 480 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 470 – 475 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 465 – 470 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 450 – 455 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 485 – 490 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 480 – 485 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 475 – 480 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 450 – 455 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Softexed) | 485 – 490 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Softexed) | 480 – 490 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Softexed) | 475 – 480 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Softexed) | 460 – 470 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Softexed) | 520 – 525 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Softexed) | 515 – 520 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 – 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Softexed) | 520 – 525 | |
| 30 | A–1 , 2 (Sortexed) | 420 – 425 | |
| 31 | B–1 , 2 (Sortexed) | 410 – 420 | |
| 32 | B–1,2 (Non–Sortexed) | 395 – 405 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၃-၂၀၂၃)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| ရန်ကုန် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| မန္တလေး | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၁၀၀ | ၇၂၀၀ | ↑ |
| ပဲခူး | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၇၃၀၀ | ၇၇၀၀ | ↑ |
| မကွေး | ၁၁၀၀၀ | ၁၁၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၅၀၀ | ၇၀၀၀ | ↓ |
| မုံရွာ | ၁၂၀၀၀ | ၁၂၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၆၀၀ | ၇၂၀၀ | ↓ |
| စစ်တွေ | ၁၅၅၀၀ | ၁၅၅၀၀ | - | - | - | - | ၈၅၀၀ | ၈၅၀၀ | - |

# ရာသီမရွေး ဝတ်ဆင်နိုင်သည့် မြင်းခြံဈေးကွက်ရှိ မြန်မာ့ချည်ထည်

မြန်မာနိုင်ငံအထက်ပိုင်း အထက်အညာဒေသများသည် ပူပြင်းခြောက်သွေ့သဖြင့် ဒေသခံ အများစုမှာ ရာသီဥတုနှင့်လိုက်ဖက်ညီစွာ မြန်မာချည်ထည်များကို အများဆုံး ဝတ်ဆင်လေ့ရှိကြသည်။

မြန်မာချည်ထည်များသည် ခန္ဓာကိုယ်နှင့်အင်္ကျီကြားမှာ ဖြစ်ပေါ်တတ်သည့် စိုထိုင်းမှုများကို ဖယ်ရှားပေးသည့် အတွက် ချွေးအအေးပတ်ခြင်းကို မဖြစ်ပေါ်စေကြောင်း၊ မတူညီသည့်ရာသီဥတုအခြေအနေအလိုက် နွေ၊ မိုး၊ ဆောင်း ရာသီတိုင်း၌ ဝတ်ဆင်နိုင်ကြောင်းနှင့် နွေရာသီတွင် အသင့်လျော်ဆုံးဖြစ်ပြီး အေးသည့်အချိန်အခါများ၌လည်း လေအေးများ ခန္ဓာကိုယ်ကိုမထိအောင် ကာကွယ်ပေးနိုင်ကြောင်း၊ ထို့ပြင် မြန်မာချည်ထည်များသည် ခန္ဓာကိုယ် အရေပြားနှင့် ဓာတ်မတည့်ခြင်းဖြစ်ပေါ်နိုင်မှုမှာ အလွန်ရှားပါးသည့်အတွက် အရေပြားအထူးကုဆရာဝန်များသည် ဓာတ်မတည့်ဖြစ်လေ့ရှိသော အရေပြားပိုင်ရှင်များအား မြန်မာချည်ထည်များကို ဝတ်ဆင်ဖို့ အကြံပြုလေ့ရှိကြောင်း ဖတ်ရှုမှတ်သားဖူးသည်။

မြင်းခြံဒေသထွက် မြန်မာ့ချည်ထည်များကို တောင်သာမြို့နယ် နန်းမြင့်ကျေးရွာတွင် အများဆုံးရက်လုပ်ကြပြီး ဒေသအခေါ် နဖျင်းထည်ဟုခေါ်ဆိုကြလေ့ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် နဖျင်းထည်ဟု သိရှိမှုများကြသည်။ အညာဒေသထွက် မြန်မာချည်ထည်အဝတ်အထည်များသည် ရောင်းပန်းဝယ်ပန်းလှပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့်ခရီးသွားများမှာ ဒေသထွက် ချည်ထည်များကို မိသားစုဆွေမျိုးသားချင်းအတွက်သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများကို အညာဒေသပြန် လက်ဆောင်အဖြစ် ပေးရန်သော်လည်းကောင်း၊ ပြန်လည်ရောင်းချရန်သော်လည်းကောင်း ဝယ်ယူလေ့ရှိကြသည်။ လက်ဆောင်ရရှိသူများအနေဖြင့်လည်း အညာဒေသ ချည်ထည်များကို နှစ်သက်မြတ်နိုးစွာ တန်ဖိုးထား ဝတ်ဆင်လေ့ရှိကြသည်။ ထို့ပြင် ချည်ထည်ဖြင့်ရက်လုပ်ထားသော လက်သုတ်ပဝါများသည် ဆွေးမြည့်မလွယ်ဘဲ ခိုင်ခံ့မှုရှိ၍ ယခုအခါ တစ်ခါသုံး တစ်ရှူးစက္ကူဈေးနှုန်းသည် မြင့်မားလာသည့်အတွက် တစ်ရှူးစက္ကူအစားပြန်လည် သန့်စင်လျှော်ဖွတ်နိုင်သည့် ချည်ထည်လက်သုတ်ပဝါများကို သုံးစွဲခြင်းဖြင့် ပြည်တွင်းဖြစ်ကိုလည်း အားပေးရာရောက်သည်။ နောက်ပိုင်းတွင် သုံးစွဲမှုများလာပြီး SUPER MARKET များတွင်လည်း ဈေးကွက်ဝင်လာကြောင်း သိရှိရသည်။

မြင်းခြံဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသော မြန်မာချည်ထည်ဈေးနှုန်းများအနေဖြင့် ၁၀ကိုက်တစ်အုပ်ဈေးမှာ ကျပ် ၁၈၀၀၀မှ ကျပ် ၂၀၀၀၀ ထိရှိကြောင်းသိရှိရသည်။ အင်္ကျီဈေးများအနေဖြင့် သဘော်သား ကျား/မ ဝတ် S-size တိုရှည်မှာ ကျပ် ၅၅၀၀- ၆၀၀၀၊ M-size တိုရှည်မှာ ကျပ် ၆၅၀၀- ၇၀၀၀၊ L-size တိုရှည်မှာ ကျပ် ၇၅၀၀- ၈၀၀၀၊ ဂါဝန် M-size မှာ ကျပ် ၄၁၀၀- ၄၅၀၀၊ L-size မှာ ကျပ် ၄၃၀၀-၄၈၀၀၊ မျက်နှာသုတ်ပဝါ တစ်ထည်ဈေးနှုန်းမှာ ကျပ် ၂၀၀၀၊ လက်သုတ် ပဝါ ၁၀ ထည်ဈေးနှုန်းမှာ ကျပ် ၅၀၀၀၊ အမျိုးသားဝတ် ချည်ချောလုံချည်တစ်ကွင်း ဈေးနှုန်းမှာ ကျပ် ၅၅၀၀-၆၀၀၀၊ ၁၀ ကွင်းဈေးနှုန်းမှာ ကျပ် ၄၆၀၀၊ ရာချီဈေးနှုန်းမှာ ကျပ် ၄၃၅၀ များရှိကြောင်း သိရှိရသည်။

မြင်းခြံခရိုင်အတွင်း မြန်မာချည်ထည်များ ရက်လုပ်မှုအနေဖြင့် မြင်းခြံမြို့နယ်၊နွားထိုးကြီးမြို့နယ်၊ တောင်သာမြို့နယ် နန်းမြင့် ကျေးရွာနှင့် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်ရှိ ရွာတန်းရှည်ကျေးရွာမှလည်း လက်ရက်ကန်း၊ စက်ရက်ကန်းများဖြင့် မြန်မာချည်ထည်များ ရက်လုပ်ကြကြောင်း သိရှိရပြီး မြင်းခြံမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း တစ်နိုင်တစ်ပိုင်စက်ချုပ်လုပ်ငန်းများလုပ်ကိုင်ကြကြောင်းနှင့် အိမ်ယူ၍လည်း လက်ခစားဖြင့် ချုပ်လုပ်ပေးကြောင်း သိရှိရပါသည်။

စက်ရက်ကန်း၊ လက်ရက်ကန်းများဖြင့် ဒေသထွက်ချည်ထည်များ ချုပ်လုပ်နေရသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်များရရှိ၍ အဆင်ပြေလျက်ရှိသည်။ ဒေသတစ်ခုအနေဖြင့် ဒေသထွက်ကုန်များ လူသိများပြီး အသိအမှတ်ပြုလာပါက ဒေသခံ ပြည်သူများသာမက ဒေသအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေသည်။

မြင်းခြံ၊ မိတ္ထီလာ၊ ဝမ်းတွင်းထွက်(Organic) ချည်ထည်များကို ဂျပန်နိုင်ငံသို့လည်းတင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ချုပ်ခဈေးနှုန်းများမှာ ကိုက်ပြီးအထည်အား တွဲခ/ချုပ်ခ ဘောင်းဘီ တစ်ထည်လျှင် ၇၀၊ ၇၅ ကျပ်၊ သဘော်သားတစ်ထည်ချုပ်ခ ၂၅၀ ကျပ်၊ ဂါဝန်တစ်ထည်ချုပ်ခ ၃၀၀ ကျပ် ကျသင့်ပြီး တစ်ဦးလျှင် တစ်ရက်ကို စွဲမြဲစွာချုပ်လုပ်ပါက အထည် ၅၀ ခန့် ချုပ်လုပ်နိုင်ကြောင်းနှင့် မြန်မာ့ချည်ထည်များကို ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြို့နယ်ပေါင်း ၁၀၀ ကျော်ကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြင်းခြံမြို့တွင် ဒေသထွက် နဖျင်းထည်များကို အရောင်အသွေးစုံ၊ ဆိုဒ်စုံ၊ ဒီဇိုင်းစုံစွာနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကိုလည်း ဈေးနှုန်းချိုသာစွာ လက်လီလက်ကား ဝယ်ယူနိုင်ပါကြောင်း သိရှိရသည်။

**ဖြိုးအိမွန်**





# ကီလိုမာလကာ

## မော်မော်အောင်

ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပါသည်။ သီးနှံမျိုးစုံ စိုက်ပျိုးသည့်အပြင် နှစ်ရှည်သီးနှံများလည်း စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိသည့် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ရာသီမရွေး စားသုံးနိုင်သည် ဈေးကွက် ဝယ်လိုအားရှိ သည့် ကီလိုမာလကာပင်များကိုလည်း စိုက်ပျိုးလာကြပါသည်။ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကီလိုမာလကာပင်ကို ယာမြေများတွင် ဩဂုတ်နှင့် စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ မိုးဦးကျကာလများတွင် စိုက်ပျိုးပါက အပင်များ ပိုမိုရှင်သန်နိုင်သည်။ အစေ့ပျိုးပင်သို့မဟုတ် မြေထုပ်စည်းပျိုးပင်ကို တစ်နှစ်သားအရွယ်ရောက်လျှင် မြေချ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် ၁၅-၁၆ ပေခြား၍စိုက်ပျိုးရသည်။ မာလကာပင်ကို အစေ့မှစိုက်ပျိုးလျှင် ၄-၅ နှစ်အထိ ကြာနိုင်ကြောင်း၊ ကိုင်းဆတ်မြေထုပ်စည်းပျိုးပင်ကို တစ်နှစ်ခွဲ၊ နှစ်နှစ်အတွင်းမှာအသီးသီးကြောင်း၊ စီးပွားဖြစ်စိုက်ပျိုးသော တောင်သူဦးကြီးများက ကိုင်းဆတ်မြေထုပ်စည်းအပင်ကိုသာ အများဆုံးစိုက်ပျိုးကြသည်။

ပျိုးပင်တစ်ပင်လျှင် ကျပ် ၁၅၀၀-၂၅၀၀ အထိ ဈေးနှုန်းရှိကြောင်း၊ တစ်ဧကစိုက်ပျိုးရာတွင် ကီလိုမာလကာပင် ၃၅၀ ပင် စိုက်ပျိုးကြကြောင်း၊ တစ်နှစ်ခွဲသားတွင် ရောင်းတမ်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် မာလကာသီးအလုံး ၉၀၀-၁၀၀၀ ခန့် ခူးဆွတ်ရကြောင်း၊ မိုးဦးကျနှင့် မိုးရာသီတွင် အသီးအမြောက်အမြား ထွက်ရှိသော်လည်း ဆောင်းနှင့်နွေတွင် အသီးအထွက်နှုန်းလျော့နည်းသည်။

ကီလိုမာလကာသီး တစ်လုံးလျှင် ကျပ် ၂၀၀-၃၀၀ အထိ ရောင်းချရကြောင်း၊ ဖောက်သည်ဈေးနေဖြင့် အလုံးအကြီး၊အသေးပေါ်မူတည်၍ ကျပ် ၁၅၀-၂၀၀ ဈေးများဖြင့် ရောင်းချပေးကြောင်း၊ ကျောင်းဖွင့်ရာသီချိန်မျိုးတွင် ပိုမိုအရောင်းသွက်ကြောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားဝန်းရှိ မာလကာသီးရောင်းချသောဆိုင်များမှလည်း လာရောက်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချကြသည် ။

ဘုရားဖူးလာရောက်ကြသော ခရီးသွားဧည့်သည်များကလည်း အိမ်အပြန်လက်ဆောင်အနေဖြင့် ဝယ်ယူသွားကြသည်။ မာလကာသီးစားသုံးခြင်းဖြင့် ဗီတာမင် စီများစွာရရှိသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး စီးပွားလည်းဖြစ် ဝင်ငွေတိုးသော ကီလိုမာလကာပင်များကို တိုးချဲ့စိုက်ပျိုးသင့်ပါသည်။

# မော်လမြိုင်ဈေးကွက်တွင် ရော်ဘာနှင့်ဘိလပ်မြေဈေးနှုန်း အနည်းငယ်မြင့်တက်၊ မြေဩဇာနှင့်ပိုးသတ်ဆေးဈေးနှုန်း တည်ငြိမ်နေ

မော်လမြိုင်မြို့၌ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း သိရှိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ပုံမှန်ဖြစ်နေသောဈေးမှာ ယခုအပတ်တွင် ကြံ့နှစ်ကောင် (အနီ) ကျပ် ၁၁၈၀၀၊ ဆင်(ထိုင်း) ကျပ် ၁၅၃၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၀၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခုအပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာရွှေကောမက်) ၁၅း၁၅း၁၅ ၅၀ kg ပါ တစ်အိတ်မှာကျပ် ၁၅၂၀၀၀၊ကွန်ပေါင်း ၂၀း၁၂း၁၂ ၅၀kgပါတစ်အိတ်မှာ ကျပ် ၁၆၂၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါ တစ်အိတ်မှာ ကျပ် ၁၄၅၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ်မှာ ကျပ် ၇၀၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ်မှာ ကျပ် ၁၁၅၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်မှာ ကျပ်၁၄၀၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ တစ်ပုလင်းမှာ ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်းမှာ ကျပ် ၁၃၈၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ ဖေဖော်ဝါရီလမှစ၍ ဈေးနှုန်းတဖြည်းဖြည်းမြင့်တက်လာပြီး ဖေဖော်ဝါရီစတုတ္ထပတ်တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၇၅၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၂၇၅ ရှိခဲ့ပြီး ယခုမတ် ၈ ရက်မှ ၁၃ ရက်ထိ ဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၈၅ ၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၂၈၅ ပေါက်ဈေးရှိနေကြောင်းသိရသည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50 Kg) ပါ တစ်ထုပ်လျှင် (၁၅၀၀) ကျပ်၊ ရော်ဘာတစ်တန်လျှင် (၃၀၀၀၀) ကျပ်ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50 Kg) ပါ တစ်ထုပ်လျှင် (၂၅၀၀) ကျပ်၊ ရော်ဘာတစ်တန်လျှင် (၅၀၀၀၀) ကျပ်ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**



# ကုမ္ပဏီများ၏ စွမ်းဆောင်ရည်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

**ထွန်းသက်ထွန်း**

BofA Securities ၏ သုတေသနပြုချက်တစ်ခုအရ အာရှဒေသတွင် အမျိုးသမီး မန်နေဂျာ အချိုးအစား ပိုများသည့်ကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံခြင်းမှ ပိုမိုကောင်းမွန်သည့်ရလဒ်များ ရရှိကာ အကျိုးအမြတ်များ စံနှုန်းပြည့် ရရှိစေသည်ဟု သိရှိရသည်။ MSCI Asia-Pacific အညွှန်းကိန်းတွင် ပါဝင်ဖွဲ့စည်းထားသည့် ကုမ္ပဏီများ၏ စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးပါဝင်မှု နှုန်းထားများသည့် ကုမ္ပဏီများ၏ ငါးနှစ်ပျမ်းမျှဝင်ငွေသည် ကုမ္ပဏီအားလုံး၏ ပျမ်းမျှစံနှုန်းထက် ၄ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း သိရှိရသည်။

ဤကုမ္ပဏီများ၏ စတော့ဈေးနှုန်းများသည် စီမံအုပ်ချုပ်မှုအဖွဲ့တွင် အမျိုးသမီးပါဝင်မှု နည်းပါးသည့် ကုမ္ပဏီများထက် ကာလတူအတွင်း ၂၆ ရာခိုင်နှုန်းသာလွန်ခဲ့ကြောင်း BofA အစီရင်ခံစာက ဆိုခဲ့သည်။ BofA သည် ၂၀၁၀ ခုနှစ်မှစတင်ကာ ရလဒ်များကို သုတေသနပြုခဲ့ပြီး မတူကွဲပြားသော ခေါင်းဆောင်မှုက ကော်ပိုရိတ်အောင်မြင်မှုကို အထောက်အကူဖြစ်စေနိုင်ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။

MSCI Asia-Pacific အညွှန်းကိန်း ဆိုသည်မှာ စတော့ဈေးကွက်အညွှန်းကိန်းတစ်ခုဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံကြီးများရှိစတော့အိပ်ချိန်းများတွင် စာရင်းဝင်ထားသည့် ထိပ်တန်းကုမ္ပဏီများကို ရွေးချယ်တွက်ချက်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံ ၁၁ နိုင်ငံမှ ထိပ်တန်းကုမ္ပဏီပေါင်း ၁၃၀၀ ၏ စတော့ဈေးနှုန်းကို အညွှန်းဖွဲ့စည်းထားခြင်းဖြစ်သည်။ အထူးသဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်၊ ထိုင်ဝမ်၊ ဩစတြေးလျ၊ စင်ကာပူ စသည့်နိုင်ငံများကို အခြေခံကာ ဖွဲ့စည်းထားသည်။ ဤအညွှန်းကိန်းကို အာရှ-ပစိဖိတ်ဒေသမှ အစုရှယ်ယာဈေးကွက်၏ စွမ်းဆောင်ရည်ကို ခြေရာခံလိုသော (သို့မဟုတ်) ၎င်းတို့၏ အစုရှယ်ယာများ၏ စွမ်းဆောင်ရည်ကို အညွှန်းကိန်းနှင့် နှိုင်းယှဉ်လေ့လာလိုသော ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကစံညွှန်းအဖြစ် အသုံးပြုပါသည်။

McKinsey & Co ၏ အစီရင်ခံစာတွင်မူ ကုမ္ပဏီထိပ်တန်းအမှုဆောင်အဖွဲ့တွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်သည့် ကုမ္ပဏီများသည် အမျိုးသမီး အချိုးအစားနည်းသော ကုမ္ပဏီများထက် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ကြောင်း ဖော်ပြထားသည်။ Credit Suisse Group ၏ ၂၀၂၁ ခုနှစ် အစီရင်ခံစာတွင် ကော်ပိုရိတ် ဘုတ်အဖွဲ့ နှင့် ထိပ်တန်းအမှုဆောင် နေရာများတွင် ကျား/မ ရောစပ်ဖွဲ့စည်းထားသော ကုမ္ပဏီများ၏ စွမ်းဆောင်ရည်သည် ယင်းကုမ္ပဏီ၏ စတော့ဈေးနှုန်း၊ ကော်ပိုရိတ်စွမ်းဆောင်ရည်များနှင့် တိုက်ရိုက်ဆက်စပ်မှု Correlate ရှိကြောင်း၊ မတူကွဲပြားမှုမှ အပိုဆောင်းရလဒ် diversity premium ပိုမို ရရှိကြောင်း သိရသည်။

မတူကွဲပြားသော အတွေ့အကြုံ၊ အသိပညာ၊ ကျွမ်းကျင်မှုများကို ယူဆောင်လာခြင်းနှင့်အတူ ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့တွင် ကျား၊ မ - မတူကွဲပြားမှု ပိုမိုများပြားလာခြင်းမှသည် အပိုဝင်ငွေ (excess Alpha) များ ပိုမိုရရှိစေသည်ဟု BofA ပညာရှင်များက ရေးသားခဲ့သည်။ အမျိုးသမီး မန်နေဂျာ ပိုမိုများသော စတော့ကုမ္ပဏီများတွင် ပျမ်းမျှအရင်းအနှီး ကုန်ကျစရိတ် ၂၂ ရာခိုင်နှုန်းလျော့နည်းပြီး ၂၀၁၀ ခုနှစ်ကတည်းကစတင်၍ ရှယ်ယာများ၏ အမြတ်ငွေ ၂ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း McKinsey ကုမ္ပဏီမှ ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီ ၃၀၀ ကို သုတေသနပြုချက်အရ ၎င်းတို့၏ အမှုဆောင်ကော်မတီများတွင် အမျိုးသမီးရာခိုင်နှုန်း အများဆုံးရှိသည့် ကုမ္ပဏီများသည် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များတွင် အပိုဆောင်းရလဒ် ၅၅ ရာခိုင်နှုန်းကို ရယူပေးကြောင်း သိရှိရသည်။ Peterson Institute for International Economics နှင့် Ernst & Young okawoe အဖွဲ့မှ တစ်ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီပေါင်း ၂၂၀၀၀ နီးပါးကို လေ့လာခဲ့မှုအရ စီမံခန့်ခွဲမှုနှင့် ကုမ္ပဏီအမြတ်အစွန်းတွင် အမျိုးသမီးပါဝင်မှု အချိုးအစား တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း တွေ့ရှိခဲ့ရပြီး အဆိုပါအတိုင်းအတာမှာ အရေးပါသည့် အနေအထားတွင်ရှိကြောင်း သိရှိရသည်။

BlackRock နှင့် State Street Global Advisors အပါအဝင် ရင်းနှီးမြှုပ်နှံသူများက ကုမ္ပဏီများ၏ ဘုတ်အဖွဲ့နှင့် အကြီးတန်းစီမံခန့်ခွဲမှုနေရာများတွင် အမျိုးသမီးများကို ထည့်သွင်းရန် ဖိအားပေးခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် MSCI AC World Index ကုမ္ပဏီများ၏ ဘုတ်အဖွဲ့ဝင်များတွင် အမျိုးသမီး ၂၄ ရာခိုင်နှုန်းထက်မနည်း ပါဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့ကြောင်း ယခင်လက ထုတ်ပြန်ခဲ့သော MSCI လေ့လာမှုတစ်ခုအရ သိရသည်။

လေ့လာမှုများအရ ခေါင်းဆောင်မှုအဆင့်တွင် အမျိုးသမီးကိုယ်စားပြုမှု ပိုမိုအားကောင်းခြင်းသည် ကုမ္ပဏီ အမြတ်အစွန်းရရှိမှုနှင့် ဆက်စပ်နေကြောင်း ပြသနေသည်။ သို့တိုင် ကုမ္ပဏီများ၏ ထုတ်ပြန်ကြေညာချက်များ အားနည်းနေပါသေးသည်။ အာရှဒေသရှိကုမ္ပဏီများ၏ ၂၅ ရာခိုင်နှုန်းသည်သာ ကုမ္ပဏီအုပ်ချုပ်မှုအဖွဲ့များတွင် ကျား-မ ပါဝင်မှုနှုန်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဒေသတွင်း ကုမ္ပဏီများတွင် အမျိုးသမီးပါဝင်မှု နှုန်းထားမှာ ၂၅ ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း BofA ၏ စာတမ်းတွင် ဖော်ပြထားသည်။

လောလောဆယ်တွင် အချို့သောအာရှနိုင်ငံများ၌ အမျိုးသား၊ အမျိုးသမီး လစာကွာဟမှုပြဿနာများ ရှိနေဆဲဖြစ်ပြီး အမျိုးသမီးများသည် အမျိုးသားများ တစ်ဒေါ်လာရရှိတိုင်း ပျမ်းမျှအားဖြင့် ၈၃ ဆင့်သာရရှိကြောင်း သိရသည်။ အထူးသဖြင့် တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့တွင် ယခုတိုင် အထင်အရှား တွေ့မြင်နေရဆဲဖြစ်သည်။

အကယ်၍ အမျိုးသား၊ အမျိုးသမီး လစာစရိတ် ကွာဟချက်ကိုသာ လျှော့ချနိုင်မည်ဆိုပါက ဈေးကွက်ထဲတွင် အမျိုးသမီးရင်းနှီးမြှုပ်နှံသူအရေအတွက် ပိုမိုများပြားလာစေနိုင်ကာ အမျိုးသမီးများအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (ESG) စနစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အခန်းကဏ္ဍ ပိုမို ကြီးထွားလာနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ခိုင်မာကောင်းမွန်သည့် စီးပွား ရေးသံသရာကို ဖန်တီးနိုင်မည်ဖြစ်ကာ ပြည်သူတို့အနေဖြင့်လည်း တာဝန်ရှိသည့် နိုင်ငံသားများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ကော်ပိုရိတ် ESG (သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကော်ပိုရိတ်အုပ်ချုပ်မှု)သည် ကုမ္ပဏီ၏ ရေရှည်တည်တံ့မှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းအလေ့အကျင့်များကို ရည်ညွှန်းသည်။ ESG တွင် "S" သည် Social ကိုရည်ညွှန်းပြီး ဝန်ထမ်းများ၏ ကွဲပြားမှု၊ လူ့အခွင့်အရေးနှင့် အလုပ်သမားစံနှုန်းများကဲ့သို့သော ပြဿနာများစွာ ပါဝင်သည့် လူမှုရေးဆိုင်ရာအချက်များ ကောင်းမွန်စေရေးအတွက်ဖြစ်သည်။ အမျိုးသမီးများ၏ ပါဝင်မှုနှင့် စွမ်းဆောင်နိုင်မှုသည် ကုမ္ပဏီတစ်ခု၏ ESG ရမှတ်ကို မြင့်တက်စေနိုင်သည့် အရေးကြီးသော လူမှုရေးအချက်များဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၏ ကော်ပိုရိတ်ခေါင်းဆောင်မှုနေရာများတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် မူဝါဒပြောင်းလဲမှု၊ သဘောထားအမြင်ပြောင်းလဲလာမှုများနှင့်အတူ ပိုမိုမြင့်မားလာနိုင်သော်လည်း ကျား၊ မ တန်းတူညီမျှမှုတွင် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများထက် နောက်ကျကျန်ရစ်လျက်ရှိသည်။ စင်ကာပူ Board Diversity ကောင်စီ၏နောက်ဆုံးပြုစုခဲ့သည့် ကိန်းဂဏန်းများအရ စင်ကာပူစတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ထိပ်တန်းကုမ္ပဏီ အခု ၁၀၀ တွင် အမျိုးသမီးပါဝင်မှုမှာ ၂၀၂၂ ခုနှစ်အကုန်တွင် ၂၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်းသိရှိရသည်။ အဆိုပါနှုန်းမှာ ၂၀၂၁ အကုန်တွင် ၁၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၁၈ အကုန်တွင် ၁၅ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

(မတ်လ ၈ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၂၀၂၃ ကို ဂုဏ်ပြုရေးသားပါသည်။)

References : www.economictimes.com

> **McKinsey & Co ၏**
> **အစီရင်ခံစာတွင်မူ ကုမ္ပဏီထိပ်တန်း အမှုဆောင်အဖွဲ့တွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်သည့် ကုမ္ပဏီများသည် အမျိုးသမီး အချိုးအစားနည်းသော ကုမ္ပဏီများထက် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ကြောင်း ဖော်ပြထားသည်။**

## MYANMAR CONFIDENT GROUP
COMPANY LIMITED
EXPORT & IMPORT

+959420186883 myanmarmcg@gmail.com www.mmpulses.com

1 URAD (BLACK MATPE) SSQ
2 URAD (BLACK MATPE) SQ
3 URAD (BLACK MATPE) FAQ
4 URAD (BLACK MATPE) GOTA
5 URAD (BLACK MATPE) DAL (SPLIT)
6 URAD (BLACK MATPE) CHILKA DAL (SPLIT)
7 TUR WHOLE LEMON
8 TUR WHOLE LINKHEY
9 TUR WHOLE WHITE
10 TUR DAL(SPLIT)
11 GREEN MUNG BEANS(PADI SHWEWAR)
12 GREEN MUNG BEANS(PAKAKKU)
13 GREEN MUNG BEANS(ANYASHWEWA)
14 GREEN MUNG BEANS(WAKHAYMA)
15 GREEN MUNG BEANS DAL (SPLIT)
16 GREEN MUNG BEANS CHILKA DAL (SPLIT)
17 RED KIDENY BEANS (BAMAWKATA)
18 RED KIDENY BEANS (HAND PICK POLISH)
19 BLACK EYE BEANS(BROWN)SQ
20 BLACK EYE BEANS(BROWN)FAQ
21 BLACK EYE BEANS(BLACK)SQ
22 BLACK EYE BEANS(BLACK)FAQ
23 BROWN EYE BEANS (COWPEA)
24 BOCKET BEANS(COWPEA)
25 CHICKPEA (6mm , 7mm , 8mm +)
26 GRAM WHOLE (6mm , 7mm , 8mm +)
27 DESI CHANA/KALA CHANA
28 CHANA DAL (SPLIT)
29 LAB LAB BEANS
30 NIGER SEED
31 YELLOW MAIZE
32 MYANMAR RICE ALL VARIETIES
33 TURMERIC
34 TAMARIND
35 JAGGERY
36 SULTANI BEANS
37 BUTTER BEANS
38 SOYA BEANS
39 CORIANDER SEED
40 PEANUTS / GROUNDNUT
41 BLACK CUMIN SEEDS
42 SOYA MEAL
43 SESAME SEEDS ALL VARIETIES
44 SUGER



No.86, 4th Floor, 49 Street, Pazundaung Township, Yangon, Myanmar.
+959420186883, +959793333577 , +9595390423
rammuni.ygn@gmail.com




## SOUTHERN VILLE
COMPANY LIMITED
Agricultural Commodity Trading Co.,Ltd

Address : No.2905,Industrial Zone Road, South Dagon Industrial Zone (2), 63 Ward, South Dagon Township, Yangon Region
Ph : +95 9881 888 445
Email : southernville.info@gmail.com
info@southernville.com.mm



## TK-INTERIORS CO.,LTD.
Rattan & Bamboo Handicraft Myanmar




RATTAN
No. (3), Ingynn Rood, Nyarna Ward, Pale Myothit, Mingalardon Township, Yangon, Myanmar
Ph : +959 770903900, + 959 777171999
E-mail : marketing@tkhomecollection.com
http : //www.tkhomecollection.com



## CITY WINNER CO.,LTD
Export, Import & Manufacture of Agro Products

WHY TO CHOOSE US?
Premium Quality Products
Reasonable Price
On Time Delivery



EXPORT IMPORT

Export Items
Tamarind, Dried Sweet Plum, Fresh Ginger, Dried Ginger, Ginger Powder, Dried Gooseberry, Round Soup Nuts (Reetha), Long Soup Nuts (Shikakai), Rice, Turmeric (Hinthada Quality, Kyaukse Quality, Hopong Quality, Shan Quality, Pinlaung Quality), Garlic, Onion, Betel Nuts, Coriander Seeds, Broomstick, Velvet Beans, Black Cumin Seeds, Nirger Seeds, Lajwanti Seeds, Yellow Corn, All kinds of Beans, All kinds of Agro Products, Frozen Fish & Dried Fish, etc..

Import Items
Black Pepper, Raisin, Ajwain Seeds, Black/Red Salt, Licorice Roots, Aluminium Pitcher, etc..

Manufacture Items
Anchovy Balachong, Shrimp Balachong, Fried Anchovy, Dried Shol Fish, Fried Shallots, Fried Garlic, Roasted Soya Chunks, Salted Soya Beans, Chilli Powder, Turmeric Powder, Roasted Vermicella, Dry Marian, Pickled Bamboo Shoots(White), Bamboo Shoots (Yellow), Mango Pickle, Mayanthi Pickle, Pickled Broken Bones Fruit, Pickled Crataeva Netural Leaf, Pickled Splinter Capanid, Pickled Young Tamarind Leaves, Red/White Lime Stone, Palm Sugar, etc..

A Member of CITY FOOD
Rakhine Traditional Food, Indian Food, Italian Food, Chinese Food, Thai Food
Pick Up, Takeaway, Delivery 09 974 1131 01


ENJOY HEALTHY LIFE WITH CITY WINNER

For more information:
www.city-winner.com

Come to visit us!
No.(186-188), 7th Floor, Pansodan Road (middle block), Kyauktada Township,Yangon, Myanmar.
+959 440645757, +959 979444111, +959 49641370
info@city-winner.com

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

## Internet & Mobile Banking Services




- Account Transfer
- Mobile Topup ( Phone Bill )
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment



MPU UnionPay 银联

"စိတ်ချရတာ
မြဝတီဘဏ်"

(24) ~ (01) 2301421, (01) 2317166
Phone No : (01) 2301367, (01) 2301368
(01) 2301452, (01) 2301378

# JAC
MOTORS




AGGC.
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com

# COMMERCE INTERNATIONAL

## ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၂၅ သန်းအထိ ဝင်ရောက်ရန် ထိုင်းရည်မှန်းထား

ထိုင်းနိုင်ငံသို့ ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၂၅ သန်းအထိ ဝင်ရောက်ရန် ရည်မှန်းထားကြောင်း thailand-business-news သတင်းတွင် ဖော်ပြထားသည်။

လက်ရှိအချိန်၌ ထိုင်းနိုင်ငံတွင် ကိုဗစ်ကန့်သတ်ချက်များကို ရုပ်သိမ်းလိုက်သလို အာရှနိုင်ငံအများသည်လည်း ကိုဗစ်(၁၉) ကန့်သတ်ချက်များကို ဖြေလျှော့ရုပ်သိမ်းမှုများ ရှိလာပြီဖြစ်သည်။ သို့အတွက်ကြောင့် ယခု ပွင့်လင်းရာသီတွင် ထိုင်းနိုင်ငံသို့ တရုတ်၊ မလေးရှားနှင့် လာအို စသည့်နိုင်ငံများမှ ခရီးသွားဧည့်သည် အများအပြား ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။



ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၂ ဒသမ ၁၄ သန်းအထိ ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။ ၂၀၂၂ ခုနှစ် အစပိုင်းတွင် ပြန်လည်ကောင်းမွန်လာခဲ့သည့် ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ ယင်းနှစ်ကုန်ပိုင်းဖြစ်သည့် ဒီဇင်ဘာလတွင် ခရီးသွား ၂ ဒသမ ၂၄ သန်းအထိ ပြန်လည်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ခရီးသွားကဏ္ဍမှ နှစ်စဉ်တိုင်းပြည် ဂျီဒီပီအတွက် ၁၂ ရာခိုင်နှုန်း ရှာဖွေပေးနေသည်။ ယခု ၂၀၂၃ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် အနည်းဆုံး ၂၅ သန်းလာရောက်ရန် မျှော်မှန်းထားသည်။ ထိုင်းနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်ကစပြီး ပြည်ပခရီးသွား ကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် တရုတ်နိုင်ငံ အပါအဝင် ပြည်တွင်းနှင့် ပြည်ပခရီးသွားများထံမှ စုစုပေါင်းဝင်ငွေ ဘတ် ၂ ဒသမ ၄ ထရီလီယံရရှိမည်ဟု မျှော်မှန်းထားသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ၁၁ သန်းအထိ ဝင်ရောက်ခဲ့သော်လည်း ယခု ၂၀၂၃ ခုနှစ်တွင် တရုတ်ခရီးသွား ရှစ်သန်းခန့် ဝင်ရောက်ရန် မျှော်မှန်းထားသည်ဟု ဆိုသည်။ ၂၀၃၁ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြည်ပဧည့်ဝင်ရောက်မှု သန်း ၂၀၀ ခန့် ရှိလာမည်ဟု ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအသင်း (IATA)က ခန့်မှန်းထားသည်။

၂၀၃၁ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် သန်း ၂၀၀ ခန့် ဝင်ရောက်နိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်လေးခု တိုးချဲ့ရေးတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုထားသည်။

ထိုင်းနိုင်ငံ၏ အဓိက ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်သည့် နိုင်ငံတကာ ခရီးသွားများအတွက် ရွေးချယ်စရာနေရာတစ်ခု ဖြစ်လာစေရန် အရည်အသွေး ကောင်းမွန်သော ဟိုတယ်များ၊စားသောက်ဆိုင်များနှင့် ခရီးသွားလုပ်ငန်း အများအပြားဖြင့် ခရီးသွားလုပ်ငန်း အခြေခံ အဆောက်အအုံများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်လျက်ရှိနေသည်။

ထိုင်းနိုင်ငံတွင် စီမံကိန်းလေးခု ချမှတ်ပြီး အဓိကလေဆိပ်များ အဆင့်မြှင့်တင်မှုကို ဆောင်ရွက်လျက်ရှိသည်။ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ် SAT-1 terminal အသစ်သည် တစ်နှစ်လျှင် ခရီးသည် ၄၅သန်းမှ သန်း ၆၀အထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ် တတိယပြေးလမ်းမှာမူ တည်ဆောက်ဆဲဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် တစ်နာရီလျှင် ၆၈ ကြိမ် လေယာဉ် အတက်အဆင်းပြုလုပ်နိုင်မည်ဖြစ်ပြီး အဆိုပါ တတိယပြေးလမ်းပြီးစီးပါက ခရီးစဉ် ၉၄ ခုကို လက်ခံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အဓိကလေဆိပ်များ တိုးမြှင့်မှုကို အဆင့်လေးဆင့်ဖြင့် လုပ်ဆောင်လျက်ရှိရာ ယင်းစီမံကိန်းများ အားလုံးသည် ၂၀၅၅ ခုနှစ်တွင် အလုံးစုံ ပြီးစီးမည်ဖြစ်သည်။ ထိုစီမံကိန်းများ ပြီးစီးပါက ထိုင်းနိုင်ငံသို့ တစ်နှစ်လျှင် ခရီးသည် သန်း ၆၀ အထိ ဝင်ရောက်ရန် မျှော်မှန်းထားသည်။

အဆိုပါ စီမံကိန်းလေးခု၏ ပထမအဆင့်ကို ၂၀၂၄ခုနှစ်တွင် အပြီးသတ်မည်ဖြစ်ပြီး စီမံကိန်း ပထမအဆင့် ပြီးဆုံးပါက လေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၁၅ ဒသမ ၉သန်းကို လက်ခံဆောင်ရွက်ပေးနိုင်မည်ဟု သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်း ယခုထက် ပိုမိုဖွံ့ဖြိုးလာစေရန် ရေရှည်စီမံကိန်းများ ချမှတ် လုပ်ဆောင်နေသည်။ ထိုင်းနိုင်ငံသို့ ယခု ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၂၅ သန်းအထိ ဝင်ရောက်ရန် ရည်မှန်းထားပြီး တရုတ်နိုင်ငံမှ ဧည့်သည်အနည်းဆုံး ရှစ်သန်းခန့် ဝင်ရောက်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

**Source; thailand-business-news**

## ပိုဝဲလ်၏ သက်သေပြချက်ကို ရင်းနှီးမြှုပ်နှံသူများ စောင့်ကြည့်နေ

ယခုရက်ပိုင်းတွင် အမေရိကန်ဒေါ်လာဈေး တည်ငြိမ်နေခြင်းကို ကမ္ဘာတစ်ဝန်းရှိ ရင်းနှီးမြှုပ်နှံသူများ စောင့်ကြည့်လျက်ရှိကြောင်း CNBC သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။ အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ ဂျရုမ်ပိုဝဲလ်က အမေရိကန်ဒေါ်လာကို သုံးလအတွင်း အမြင့်ဆုံးသို့ တွန်းပို့သွားမည်ဖြစ်ကြောင်း မတ်လ ပထမပတ်တွင် ပြောဆိုထားသည်။

ဂျရုမ်ပိုဝဲလ်က ရင်းနှီးမြှုပ်နှံသူများ အံ့သြသွားစေရန်အတွက် အမေရိကန်ဒေါ်လာဈေးကို လျင်မြန်စွာ ဆွဲတင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဂျရုမ်ပိုဝဲလ်က၏ ကြိုးပမ်းမှုကြောင့် အမေရိကန်ဒေါ်လာဈေးမှာ မတ် ၈ ရက်က အမြင့်ဆုံးအနေအထားသို့ ခုန်တက်သွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာဈေးမှာ နေ့ချင်းညချင်း မြင့်တက်လာခဲ့ပြီး မတ် ၈ ရက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဒေါ်လာ ဖြစ်လာခဲ့သည်။ မတ်လ ဒုတိယပတ် အစပိုင်းတွင် တစ်ယူရိုလျှင် $1.0550 ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပြီး ဒေါ်လာဈေးကို သုံးလအတွင်း အမြင့်ဆုံးသို့ ဆွဲတင်မည်ဟုလည်း ဂျရုမ်ပိုဝဲလ်က ပြောဆိုထားသည်။ လက်ရှိအချိန်တွင်မူ တရုတ်ယွမ်၊ ဗြိတိန်ပေါင်စတာလင်၊ ယူရိုငွေကြေးနှင့် ဂျပန်ယန်းတို့၏ တန်ဖိုးများ ကျဆင်းလျက်ရှိနေကြောင်း သိရသည်။

**Source; CNBC**






## တက်စလာ လျှပ်စစ်ကားများ ဈေးလျှော့ရောင်းပေးနေ

အမေရိကန်နိုင်ငံတွင် အခြေစိုက် ထုတ်လုပ်နေသည့် လျှပ်စစ်မော်တော်ကားများကို ကမ္ဘာတစ်ဝန်းသို့ လျှော့ဈေးဖြင့် ရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ကုမ္ပဏီထုတ် လျှပ်စစ်မော်တော်ကားများကို လက်ရှိပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးမည်ဖြစ်ပြီး ကားမော်ဒယ်အလိုက်၊ ဝယ်ယူမည့်နိုင်ငံအလိုက် ၂၀ ရာခိုင်နှုန်းထက် ပိုမိုသည့် လျှော့ဈေးများလည်း ရှိမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက ကြေညာထားသည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းသို့ တရုတ်နိုင်ငံထုပ် လျှပ်စစ်မော်တော်ကားများ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနေရာ အမေရိကန်ကုမ္ပဏီထုတ် တက်စလာ လျှပ်စစ်မော်တော်ကားများကို ဈေးကွက်ချဲ့ထွင်လာပြီး ယခု ၂၀၂၃ ခုနှစ်တွင် တက်စလာ လျှပ်စစ်မော်တော်ကားအစီးရေ နှစ်သန်း ရောင်းချနိုင်ရန် မျှော်မှန်းထားသည်။ **Source; Reuters**

စိုင်းဗညား - စုစည်းသည်